ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (30-9-2015) (၈၃၃၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ် ပါဝင်လက်မှတ်ထိုး

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာကလေးသူငယ်များ၏ အခွင့်အရေးကို ပိုမိုမြှင့်တင်ကာကွယ်ရန်အတွက် ကလေးသူငယ်များ၏အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်သို့ မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် စက်တင်ဘာ ၂၈ ရက်က ကျင်းပသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲအခြေပြစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ **(ယာပုံ)**

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



❝ ရောဂါရှာဖွေတာရော၊ ဆေးဝါးကုသတာရော အခမဲ့ ဆောင်ရွက်ပေးတယ်၊ ဆေးဝန်ထမ်းတွေနဲ့ ဆရာဝန်တွေရဲ့ ကုသဆောင်ရွက်မှုကို ကျေနပ်ပါတယ် ❞

စာမျက်နှာ - ၁၀

# ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်း စတင်တည်ဆောက်

**ရန်ကုန် စက်တင်ဘာ ၂၉**


မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်း (8 Miles Junction Flyover Bridge) အား ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့စေရေးအတွက် စတင်အကောင်အထည်ဖော် တည်ဆောက်နေပြီဖြစ်သည်။

ကမ္ဘာအေးစေတီလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းဆုံရာဖြစ်သော ပြည်လမ်းမကြီးပေါ်တွင် တည်ရှိသည့် အဆိုပါခုံးကျော်တံတားသစ်စီမံကိန်း၏ ပင်မတံတားအရှည်မှာ ၄၆၅ မီတာနှင့် ချဉ်းကပ်တံတားအရှည်မှာ တံတားသစ်၏တစ်ဖက်တစ်ချက်စီ၌ မီတာ ၃၀ စီပါဝင်ကာ ပင်မနှင့် ချဉ်းကပ်တံတားအရှည်မှာ စုစုပေါင်း ၅၂၅ မီတာရှိသည်။ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်၏ ယာဉ်သွားလမ်းအကျယ် ဖွဲ့စည်းထားပုံမှာ တံတား၏ အဖြောင့်နေရာတွင် ၁၃ ဒသမ ၄ မီတာ (လေးလမ်းသွား) ဖြစ်ပြီး တံတား၏အကွေ့နေရာတွင် ၁၄ ဒသမ ၅ မီတာ (လေးလမ်းသွား) ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ကြေးမုံစာတည်းရှုထောင့် ၃၀-၉-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# သက်ကြီးရွယ်အိုစောင့်ရှောက်

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနေ့သို့ ရောက်ရှိတော့မည်ဖြစ်သည်။ သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံအသီးသီးက အောက်တိုဘာလ ၁ ရက်နေ့ကို နိုင်ငံတကာနေ့တစ်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ အထိမ်းအမှတ် နေ့တစ်နေ့အဖြစ် သတ်မှတ်ပေးထားခြင်းသည် ကောင်းမွန်ပါသည်။ သို့သော် မြန်မာတို့အနေဖြင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်းမှာ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာဖြစ်၍ နေ့စဉ်နေ့တိုင်း စောင့်ရှောက်လေ့ရှိကြသည်။

မြန်မာတို့၏ အစဉ်အလာတွင် "အသွားသာရှိ၍ အပြန်မရှိ" ဟု ဆိုတတ်ကြသည်။ သက်ကြီးရွယ်အိုများသည် မိမိတို့၏ သားသမီးများအား ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက လူလားမြောက်သည်အထိ "ကျွေးမွေးမပျက် ဆောင်ရွက်စီမံ မွေခံထိုက်စေ"ဟူသော မင်္ဂလာတရားတော်နှင့်အညီ စောင့်ရှောက်ခဲ့ကြသည်။ ထိုသို့စောင့်ရှောက်ခဲ့ကြသော်လည်း သားသမီးများထံမှ မည်သည့်အရာမျှ မျှော်လင့်ထားခြင်း မရှိကြချေ။ ထို့ကြောင့် အသွားသာရှိ၍ အပြန်မရှိဟုဆိုကာ သားသမီးများအား ဆိုတတ်ကြခြင်းဖြစ်သည်။

သို့သော် သက်ကြီးရွယ်အိုဘဝရောက်လာချိန်တွင် "မြင်းမိုရ်တောင်ဦးမကကျူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ပြန်လည်ကျွေးမွေး စောင့်ရှောက်ရန်မှာ သားသမီးတို့၏ တာဝန်ဖြစ်သည်။ ယင်းသို့ မြန်မာမှုနယ်ပယ်တွင် သတ်မှတ်ထားသည့်အတိုင်း တစ်ဖန်ပြန်လည် စောင့်ရှောက်ကြရမည်သာဖြစ်သည်။ မိဘကျေးဇူးဆပ်ဖူးမှသာ သားကောင်းသမီးမွန်ဖြစ်လာမည်မှာ ဧကန်အမှန်ဖြစ်သည်။

ထိုအစဉ်အလာကောင်းများမှာ ခေတ်ကာလရွေ့လျောလာသည်နှင့်အမျှ တစ်စတစ်စပါးလျားလာသည်။ အသွားသာရှိ၍ အပြန်မရှိဖြစ်လာခဲ့သည်။ ကျေးဇူးဆပ်ရန် မေ့လျော့လာကြသည်။ ကျေးဇူးမဆပ်လျှင်သော်မှ ကျေးဇူးမကန်းမိဖို့ အထူးအရေးကြီးလာသည်။ သားသမီးဝတ္တရားများ ပျက်ယွင်းလာကြသည်။ အိုစာ၊ နာစာမရရှိခဲ့လျှင် မတွေးဝံ့စရာဖြစ်လာသည်။ ထိုသက်ကြီးရွယ်အို မိဘများဘဝမှာ "ရေနည်းငါးပမာ" အားကိုးရာမရှိ၊ ရပ်တည်ရာမဲ့ ဖြစ်လာသည်။ ထို့ကြောင့် အားကိုးရာမဲ့ သက်ကြီးရွယ်အိုဘဝများကို ဝိုင်းဝန်းစောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်လာကြခြင်းဖြစ်သည်။

သက်ကြီးရွယ်အိုဟူသည်မှာ တစ်ချိန်သောကာလ ၎င်း၏ဘဝ စွမ်းဆောင်နိုင်သောအချိန်က မိသားစုတာဝန်၊ ရပ်ရွာတာဝန်၊ အလုပ်တာဝန်၊ နိုင်ငံ့တာဝန်များကို အနည်းနှင့်အများ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ အချို့မှာ မိမိကိုယ်ကျိုးကိုပင် မငဲ့ကွက်ဘဲ အများအကျိုးအတွက် ပင်ပန်းဆင်းရဲခံကာ ပေးဆပ်ခဲ့ကြသူများဖြစ်သည်။ အသက်အရွယ်ကြီးရင့်၍ လုပ်ကိုင်နိုင်စွမ်း မရှိသောအချိန်တွင် ၎င်းတို့၏စွမ်းဆောင်ခဲ့ကြသည်များကို ပြန်လည်အမှတ်ရကြရမည်ဖြစ်သည်။ ၎င်းတို့၏ ပေးဆပ်မှုအတွက် ထိုက်တန်စွာပြန်လည် ပေးဆပ်တုံ့ပြန်ကြရမည်ဖြစ်သည်။

ယခု အိုသောအခါ အပယ်ခံဘဝသို့ ရောက်ကြရသည်။ အသုံးမဝင်လူပိုအဖြစ် ပစ်ပယ်ခံကြရသည်။ ကမ္ဘာလုံးဆိုင်ရာ အသက်အရွယ်ကြီးရင့်မှုအဖွဲ့အစည်းမှ ထုတ်ပြန်လိုက်သောစစ်တမ်းအရ အာရှနိုင်ငံများတွင် သက်ကြီးရွယ်အိုများအား မိသားစုထောက်ပံ့မှုလျော့နည်းလာကြောင်း မကြာသေးမီက သိရှိလိုက်ရသည်။ အမှန်တွင် အာရှနိုင်ငံများမှာ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော နိုင်ငံများဖြစ်ပြီး မြန်မာတို့၏မင်္ဂလာတရားတော်ကဲ့သို့ ပြုမူနေထိုင်ကြသော နိုင်ငံများဖြစ်သည်။ အာရှနိုင်ငံများ၏ သက်ကြီးရွယ်အိုများကို မိသားစုထောက်ပံ့သည့် ရိုးရာအစဉ်အလာ ပျက်ယွင်းလာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် အာရှနိုင်ငံများတွင်အပါအဝင်ဖြစ်သော်လည်း အဆိုပါနိုင်ငံများလောက် အခြေအနေ ဆိုးခြင်းမရှိချေ။ ယဉ်ကျေးမှုအစဉ်အလာအခြေခံများ ခိုင်မာခဲ့ခြင်း၏ အကျိုးရလဒ်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။ ပေးကမ်းထောက်ပံ့ခြင်းသည် စီးပွားရေးအခြေခံအင်အား ခိုင်မာတောင့်တင်းခြင်းနှင့် သက်ဆိုင်ပါသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးစနိုင်ငံဖြစ်ပြီး လူတစ်ဦးချင်းဝင်ငွေမှာလည်း ယခင်ကထက်မြင့်မားလာသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအတွက် အားနည်းဖွယ်မရှိချေ။

သို့ဖြစ်ရာ ကျေးဇူးတရားကြီးမားသော သက်ကြီးရွယ်အိုများအား မြန်မာတို့၏ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများနှင့်အညီ လက်ကမ်းကူညီထောက်ပံ့စောင့်ရှောက်သွားကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# မိတ္ထီလာတွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၉**

မိတ္ထီလာတွင် (၁၃၂) ကြိမ်မြောက် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး စေတီဗုဒ္ဓပူဇနိယပွဲတော်၌ ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက ၎င်းစေတီတော်အနီး ကန်ရေပြင်နှင့် ပွဲကြည့်စင်တွင် ကျင်းပသည်။



မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲတွင် လူးခင်းကြီးကျေးရွာမှ ရွှေလူးကိုကိုအသင်းအား အုတ်နဲ့ဘုတ်ကျေးရွာမှ ဇာတိသွေးပြန်လာပြီ အသင်းကသုံးပွဲ (သုံးလား)လှော်နှစ်ပွဲ (နှစ်လား)ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ဇာတိသွေးပြန်လာပြီအသင်း (အုတ်နဲ့ဘုတ်ကျေးရွာ)အား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့်ဆုဖလားတို့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်တို့က ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဒုတိယဆု ရွှေလူးကိုကိုအသင်းအား လှေပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လင်းတို့က ဆုများ ပေးအပ်ချီးမြှင့်ပြီး တတိယဆုရ ရွှေညီအစ်ကိုအသင်းနှင့် နှစ်သိမ့်ဆုရ ရွှေလက်ရာအသင်းတို့အား သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဂေါပက)ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

၂၀၁၃နှင့် ၂၀၁၄ခုနှစ်တို့တွင် နှစ်နှစ်တိုင် မကျင်းပနိုင်ခဲ့သည့်အတွက် ယခုနှစ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲအား လာရောက်ကြည့်ရှု အားပေးသူများဖြင့် နေ့စဉ်စည်ကားခဲ့ပြီး ပြိုင်ပွဲလှေအသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၉**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၇၅၄၀၀ - ၇၇၆၄၀၀ |
| မန္တလေး ရွှေဈေး | ၇၇၅၄၀၀ - ၇၇၆၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၄၄၆. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁. ၉၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅. ၃၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၈၈. ၃၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၀၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၇၄. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၄၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၈၉၅. ၃၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၈. ၃၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၉**

ခူမိး(ခမိး)အမျိုးသားပါတီ၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့် ကရင်အမျိုးသားပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၃၀ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်

**ကောလင်း စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဈေးရုံဗိုလ်တဲရပ်ကွက် ရတနာဇေယျာကျောင်းတိုက်၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂနိုင်ငံတကာ ကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့(UNICEF)တို့ ပူးပေါင်းပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းကို စက်တင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် အကောင်းဆုံး အကျိုးစီးပွားဖြစ်ထွန်းစေရေး၊ အသက်ရှင်ကျန်ရှိစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ကလေးများ၏ထင်မြင်ယူဆချက်များကို အလေးထားစေရေးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို သင်ကြားပေးပြီး သင်တန်းကာလမှာ လေးရက်ဖြစ်ကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

# လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးရှင်းလင်း

**ရှားတော စက်တင်ဘာ ၂၉**


ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ရှားတောမြို့နယ်သို့ စက်တင်ဘာ တတိယပတ်က (အမက-စလောင်း)သို့ ရောက်ရှိခဲ့ပြီး ဆရာဆရာမများ၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး နောင်တစ်ချိန်တွင် ပညာတတ်လူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **သန်းမြတ်စိုး(နတလ)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှမိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဓမ္မသကြီ်နီ၊ အေးအေးမြင့်၊ ခင်စုစုညွှိဏ်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးဗွား)
အထူးသတင်းထောက် - ဆုနှင်းလှို၊ သီရိ

ပြည်တွင်းရေးရာ

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှား-မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်ဥက္ကဋ္ဌ Mr. Alexander Vasillievich Fomin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ စစ်ဘက်ဆိုင်ရာနည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ချစ်ကြည်ရေးနှင့် လေ့လာရေးအဖွဲ့များ စေလွှတ်ရေး၊ ပညာတော်သင်များ စေလွှတ်ရေးနှင့် ရေဘေးသင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့်ပစ္စည်းများ ထောက်ပံ့ကူညီရေးဆိုင်ရာများအား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး Mr. Alexander Vasillievich Fomin နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Pospclov Vasily၊ စစ်သံမှူး Colonel Eduard Ogorodchikop နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**

**✳ ကလေးသူငယ်များမှ**

အခမ်းအနားသို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စလိုင်လာဇာရိုဂီ၊ ကုလသမဂ္ဂဥပဒေရေးရာရုံး စာချုပ်များဌာနအကြီးအကဲ မစ္စတာ ဆန်တီရေဂိုဗီလာပန်ဒိုတို့ တက်ရောက်သည်။

မြန်မာတပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များလုံးဝ စုဆောင်းခြင်း မပြုရန်ဆိုသည့် တပ်မတော်၏ မူဝါဒနှင့်အညီ နောက်ဆက်တွဲအခြေပြစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စုဆောင်းခြင်းမှ ကာကွယ်ရန် တပ်မတော်၏ လက်ရှိကြိုးပမ်းဆောင်ရွက်ချက်များကို အထောက်အကူပြုစေမည်ဖြစ်သည်။

ဖော်ပြပါ အခြေပြစာချုပ်သို့ ယနေ့အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၆၁ နိုင်ငံက စာချုပ်ဝင်နိုင်ငံများအဖြစ် ပါဝင်ထားပြီး ဖြစ်သည်။**(သတင်းစဉ်)**

**❖ ရှစ်မိုင်လမ်းဆုံမှ**

အဆိုပါတံတားသစ်၏အမျိုးအစားမှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပြီး မော်တော်ယာဉ်တစ်စီးချင်း တံတားခံနိုင်ဝန်အလေးချိန်မှာ ၇၅ တန်ရှိကာ တံတားကင်းလွတ်အမြင့်မှာ ရှစ်မိုင်လမ်းဆုံနေရာ၌ ၆ ဒသမ ၅ မီတာရှိကြောင်း သိရသည်။ တံတားသစ်၏ အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်ဖောင်ဒေးရှင်းဖြစ်ပြီး အချင်း ၁ ဒသမ ၂ မီတာရှိသည်။ ပင်မတံတားအရှည်တွင် ကွန်ကရစ် RC တိုင် ၁၄ တိုင်ရှိပြီး ကမ်းကပ်ခုံ နှစ်ခု ပါဝင်ကာ ချဉ်းကပ်တံတားတိုင်များ၏ တစ်ဖက်တစ်ချက်စီ၌ ကွန်ကရစ် RC တိုင် လေးတိုင်စီနှင့် ကမ်းကပ်ခုံတစ်ခုစီပါဝင်ကြောင်းသိရသည်။

လက်ရှိ ပင်မတံတားတိုင်များ၏ အုတ်မြစ်ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပင်မတံတားအရှည်၏ ကွန်ကရစ် RC တိုင် ၁၄ တိုင်အနက် တိုင်ကိုးတိုင်အတွက်ကို အုတ်မြစ်ဘိုးပိုင်လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး အလုံးအရေအတွက်အရ ၃၆ လုံးဆောင်ရွက်ပြီးစီးသွားပြီ ဖြစ်သည်။ လောလောဆယ် တံတားသစ်စီမံကိန်းအတွက် ပိုင် ဖောင်ဒေးရှင်း၌ နေ့၊ ည လုပ်ငန်းဝင်နေကြသော နိုင်ငံခြားသားနှင့် မြန်မာအင်ဂျင်နီယာ ၂၀၊ လုပ်သား ၂၀၀ ရှိသည်။

Crown Advance Construction ကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာဦးသန်းဆွေက "တံတားစီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွက် လမ်းအလယ်ကို ပေ ၃၀ ယူထားပြီး လက်ရှိစီမံကိန်းဧရိယာရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ ယာဉ်များနှစ်လမ်းစီသွားလို့ရအောင် ဝဲ၊ ယာ ကို အကျယ် ၂၁ ပေစီ လမ်းချဲ့ပြီး ဆောင်ရွက်ပေးထားပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် တစ်ဖက်တစ်ချက်စီမှာ ယာဉ်နှစ်စီးစီသွားနိုင်ရန် ဆောင်ရွက်ပေးထားတာပါ။ ဒါကလည်းနဂိုရှိနေတဲ့ပလက်ဖောင်းအဟောင်းကိုဖျက်ပြီး ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်ပေးလိုက်တာပါ။ တကယ်လို့ တံတားသစ်စီမံကိန်းပြီးစီးသွားရင်လည်း ဒီလိုဘေးတစ်ဖက်တစ်ချက်စီမှာပဲ ယာဉ်များ နှစ်လမ်းစီသွားလို့ရအောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားမှာပါ။ တံတားသစ်ကြီး အချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်သွားမှာပါ။ အဓိကယာဉ်ကြောကျပ်တာကို ဖြေရှင်းတဲ့အနေနဲ့ တည်ဆောက်တာဆိုတော့ တံတားသစ်တည်ဆောက်ပြီးစီးသွားရင်လမ်းဆုံမီးပွိုင့်မှာ ယာဉ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရခြင်းမရှိတော့ဘဲ တောက်လျှောက်မောင်းနှင်နိုင်ကြတော့မှာပါ"ဟု ပြောကြားသည်။

လက်ရှိယာဉ်ကြောပိတ်ဆို့မှုအတွက်သုံးသပ်ချက်အရ နေ့စဉ် ဖြတ်သန်းသွားလာနေကြသောယာဉ်စီးရေမှာ ပြည်မှ ရန်ကုန်ဘက်သို့အဝင် ယာဉ်စီးရေ ၁၄၈၇၀၊ ရန်ကုန်မှ ပြည်ဘက်သို့ဆင်းသည့်ယာဉ်စီးရေ ၁၁၇၈၀ ရှိကာ နေ့စဉ်စုစုပေါင်းယာဉ်စီးရေ ၂၇၀၀၀ နီးပါးဖြတ်သန်းသွားလာနေကြကြောင်း Crown Advance Construction ကုမ္ပဏီလီမိတက်၏ဆာဗေးကောက်ယူထားချက်အရ သိရသည်။

တံတားသစ်တည်ဆောက်ရေးစီမံကိန်းဆောင်ရွက်ပြီးစီးပါက တံတားပေါ်၌ ယာဉ်လေးလမ်းသွားဖြစ်သွားမည်ဖြစ်ပြီး တံတားသစ်၏ အောက်တစ်ဖက်တစ်ချက်စီ လမ်း ဝဲ၊ ယာ၌ ယာဉ်များဖြတ်သန်းသွားလာနိုင်ရန်အတွက် နှစ်လမ်းသွားစီပါဝင်မည်ဖြစ်ကြောင်း၊ ထို့အပြင် မရမ်းကုန်းမြို့နယ်ရှိ ရှစ်မိုင်လမ်းဆုံ ခုံးကျော်တံတားသစ်စီမံကိန်းကို ငွေကျပ် ၁၅ ဒသမ ၈ ဘီလီယံ အကုန်အကျခံကာ Crown Advance Constrution ကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

# စာပေဗိမာန်က ကြီးမှူး၍ ဘာသာပြန်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သော အစဉ်အလာကောင်းများရှိသည့် စာပေဗိမာန်သည် ဂျပန်နိုင်ငံ Shanti Volunteer Association (SVA) (ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့) နှင့် ပူးပေါင်းပြီး လူငယ်များ ဘာသာပြန်စွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန် ဘာသာပြန်ပြိုင်ပွဲ ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲကို အသက်(၁၈)နှစ်မှ (၃၀)နှစ်အတွင်း စိတ်ဝင်စားသူအားလုံး ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြန်ဆိုရမည့်စာအုပ်မှာ"Asia/ Pacific Co-publication Programme"က ပြုစုဖြန့်ချိသော"THE EARTH"စာအုပ်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လိုသူများသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်ရုံး ဘာသာပြန်ဌာနစုတွင် ပြဋ္ဌာန်းစာအုပ်နှင့် ပြိုင်ပွဲဝင်လျှောက်လွှာပုံစံကို အောက်တိုဘာ ၁ ရက်မှစ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုစာရင်း(မိတ္တူ) တို့နှင့်အတူ ကိုယ်တိုင်လာရောက်ပြီး အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

နယ်မှပြိုင်ပွဲဝင်လိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စုစာရင်း(မိတ္တူ)၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ ပြဋ္ဌာန်းစာအုပ်ပေးပို့ခကျပ် ၃၀၀၀ တို့နှင့်အတူ စာတည်းမှူးချုပ် စာပေဗိမာန်ရုံး အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့လိပ်မူ၍ မှာကြားနိုင်သည်။

ဘာသာပြန်စာမူများကို အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ လက်ခံသွားမည်ဖြစ်ကြောင်း၊ စာမူများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျစိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆုတို့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပြီး ပထမဆုရစာမူကို စာအုပ်အဖြစ် ရိုက်နှိပ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဘာသာပြန်ဌာနစု စာတည်း(တာဝန်ခံ) ဖုန်း ၀၁-၂၄၉၂၃၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၄၇ လတာအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာဉ်စီးရေ ၄၇၇၈၅၇ စီး ထုတ်ပေးပြီးဖြစ်

**ရန်ကုန် စက်တင်ဘာ ၂၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ် အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည့်အချိန်မှ စက်တင်ဘာ ၂၄ ရက်အထိ ၄၇ လတာ ကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံထုတ်ပေးခဲ့သည်။ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၄၈၇၈၅၇ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန်(CD) ၆၇၃၆၂၉ ဒသမ ၀၄ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန်(CT) ၆၀၇၀၂၇ ဒသမ ၃၂ ကျပ်သန်း စုစုပေါင်း ၁၂၈၀၆၅၆ ဒသမ ၃၆ ကျပ်သန်းအား ကောက်ခံရရှိပြီး ဖြစ်သည်။

အဆိုပါအကောက်ခွန်(CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုး လဲလှယ်ရေးစီမံချက်အတွက် ၁၃၀၁၀၂ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၀၈၆၆၆ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်/ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၄၃၁၀၇ စီးတို့ဖြစ်ကြောင်း သိရသည်။ **(ဝင်းမြင့်)**

# မြန်မာယူ-၁၉ အသင်းနှင့် ဘရူနိုင်းယူ-၁၉အသင်း ယနေ့ကစားမည်



**ရန်ကုန် စက်တင်ဘာ ၂၉**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် အာရှယူ-၁၉ ခြေစစ်ပွဲ အုပ်စု(G) ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၃၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းမှာ ဘရူနိုင်းအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။ ပထမပွဲအဖြစ် ညနေ ၃နာရီခွဲတွင် ဟောင်ကောင်နှင့် တီမော၊ ဒုတိယပွဲအဖြစ် ညနေ ၆ နာရီခွဲတွင် မြန်မာနှင့် ဘရူနိုင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၄ အာရှယူ-၁၉ ပြိုင်ပွဲမှ ဖြစ်ရပ်အတွက် အိမ်ရှင်မြန်မာနှင့် ဘရူနိုင်းအသင်းတို့၏ ပွဲစဉ်ကို ပရိသတ်မပါဘဲ ကစားရန်ပြစ်ဒဏ် ချမှတ်ထားခြင်းကြောင့် ပွဲစဉ်နှစ်ပွဲစလုံးကို ပရိသတ်မပါဘဲ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲများကို စက်တင်ဘာ ၂၈ရက်က စတင်ကျင်းပနေသော်လည်း အိမ်ရှင် မြန်မာအသင်းမှာ ပွဲဦးထွက်ပွဲစဉ်ကို ယနေ့မှ စတင်ကစားရခြင်းဖြစ်သည်။ အိမ်ရှင် မြန်မာအသင်းမှာ ယနေ့ကစားရမည့် ဘရူနိုင်းအသင်းနှင့်ပွဲတွင် အမာခံကစားသမား အချို့ပါဝင်နိုင်ဖွယ်မရှိဘဲ ဒဏ်ရာနှင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့နေရသည်။ မြန်မာအသင်းနှင့် ကစားရမည့် ဘရူနိုင်းအသင်းမှာ ပွဲဦးထွက်ပွဲစဉ်တွင် တီမောအသင်းကို လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားပြီး ခြေစစ်ပွဲဝင်အသင်းများထဲတွင် ခြေစွမ်းပိုင်းအားနည်းသည့်အသင်းဖြစ်နေသည်။ ပထမနေ့ပွဲစဉ်၌ ဂိုးပြတ်အနိုင်ရရှိပြီး အုပ်စုကိုဦးဆောင်လျက်ရှိသည့် တီမောအသင်းမှာ ဟောင်ကောင်အသင်းနှင့် ထပ်မံကစားရမည်ဖြစ်ပြီး အနိုင်ရပါက ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက် ပိုမိုကောင်းမွန်သွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယခုခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် ရက် ၂၀ ကျော်သာရရှိခဲ့ပြီး ထိုင်းယူ-၁၉ အသင်းနှင့်သာ နိုင်ငံတကာခြေစမ်းပွဲ ကစားခဲ့ရသည်။ အဖွင့်ပွဲကိုလည်း ပရိသတ်မပါဘဲ ကွင်းပိတ်ကစားရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပရိသတ်အားမပါဘဲ အနိုင်ရရှိရေးကြိုးပမ်းရမည်ဖြစ်သည်။ **(ချစ်ကိုကို)**

jyi q izw½y;&e

စက်တင်ဘာ ၂၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃) စာပိုဒ်(၁)တွင် ရန်ကုန်ဘူတာကြီး၌ ကျင်းပပြုလုပ်သည့် DMU(၆)တွဲ လွှဲပြောင်းပေးအပ်ခြင်း သတင်းတွင် ဂျပန်ယန်း(၁၀၀)အစား ဂျပန်ယန်း သန်း(၁၀၀) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင် ၈၀၀၀ တရုတ်ပါဝင်မည်

**ကုလသမဂ္ဂ စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအတွက် တပ်ဖွဲ့ဝင် ၈၀၀၀ အထိ ပါဝင်ပေးမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၈ ရက်က ပြောကြားသည်။

အာရှ-ပစိဖိတ်ဒေသ၌ ပင်လယ်ရေကြောင်းပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများ တိုးမြင့်ဖြစ်ပေါ်လာပြီး တရုတ်နိုင်ငံ စစ်အင်အားကြီးထွားလာမှုအတွက် ဒေသတွင်းရှိ နိုင်ငံအချို့က စိုးရိမ်ပူပန်မှုများ မြင့်မားလာချိန်အတွင်း ယင်းနိုင်ငံက ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအတွက် တပ်ဖွဲ့ဝင်များ ပံ့ပိုးပေးရန် ကတိပြုခြင်းဖြစ်သည်။

နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအတွက် အမေရိကန်ကရော တရုတ်နိုင်ငံကပါ ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန် သမ္မတ အိုဘားမားနှင့် သမ္မတ ရှီကျင့်ဖျင်တို့ စက်တင်ဘာ ၂၅ ရက်က ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် သဘောတူညီခဲ့ကြသည်။

သမ္မတ အိုဘားမားသည် စက်တင်ဘာ ၂၈ ရက်က ကုလသမဂ္ဂထိပ်သီးဆွေးနွေးပွဲတစ်ရပ်တွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းဆွေးနွေးပွဲ၌ ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းအတွက် စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင် ၄၀၀၀၀ ခန့်၊ ကုလသမဂ္ဂတပ်ဖွဲ့အတွက် လက်နက်ကိရိယာများနှင့် သင်တန်းများ ပါဝင်ကူညီပေးရန် ကတိကဝတ်ပြုခဲ့ကြသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း၏ စွမ်းဆောင်မှုအရအသင့်ရှိရေး အစီအစဉ်သစ်တွင် တရုတ်နိုင်ငံပါဝင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာ အမြဲတမ်းရဲတပ်ဖွဲ့ကို ထူထောင်ရန်လည်းကောင်း၊ တပ်ဖွဲ့ဝင် ၈၀၀၀ ပါဝင်မည့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းဆိုင်ရာ အရန်တပ်ဖွဲ့ကို ထူထောင်ရန်လည်းကောင်း တရုတ်နိုင်ငံက ဆုံးဖြတ်ကြောင်း သမ္မတရှီက ပြောကြားသည်။

**ရိုက်တာ။**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အီတလီနိုင်ငံသားတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံရ

**ဒါကာ စက်တင်ဘာ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ အီတလီနိုင်ငံသားတစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

လုပ်ကြံခံခဲ့ရသူမှာ ဆီဇာ တာဗယ်လာ ဆိုသူဖြစ်ပြီး အသက် ၅၀ ခန့်ရှိကာ နယ်သာလန်အခြေစိုက် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသူဖြစ်ကြောင်း၊ တာဗယ်လာသည် စက်တင်ဘာ ၂၈ ရက် ညနေခင်းက လမ်းလျှောက်နေချိန်အတွင်း ဒါကာရှိ သံတမန်ရပ်ကွက်တစ်ခု၌ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း ဒါကာမြို့တော် ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မန်တာဆီရူ အစ္စလာမ်က ပြောကြားသည်။

တာဗယ်လာ သေနတ်ပစ်ခတ်ခံခဲ့ရပြီးနောက် ၎င်းကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ဆုံးပါးသွားခဲ့ပြီဟု ဆရာဝန်များက ပြောကြားသည်။ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ယင်းတိုက်ခိုက်မှုမှာ မိမိတို့၏ လက်ချက်ဖြစ်သည်ဟု အိုင်အက်စ်စစ်သွေးကြွအဖွဲ့က နောက်ပိုင်းတွင် အွန်လိုင်းမှတစ်ဆင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယင်းကြေညာချက်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က အတည်ပြုနိုင်ခြင်း မရှိပေ။ မော်တော်ဆိုင်ကယ်ဖြင့် လိုက်ပါလာသူ လူသုံးဦးက လူတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ကာ ထွက်ပြေးသွားခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**



## မွမ်ဘိုင်းလေဆိပ်တွင် ဗုံးလှန့်မှုဖြစ်ပွား

**နယူးဒေလီ စက်တင်ဘာ ၂၉**

မွမ်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စက်တင်ဘာ ၂၈ ရက် ညလယ်က ဖုန်းဖြင့် ဗုံးခြိမ်းခြောက်မှုတစ်ခု ဖြစ်ပွားပြီးနောက် အိန္ဒိယအာဏာပိုင်များက ဗုံးရှာဖွေရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လူတစ်ဦးက လေဆိပ်ဖုန်းလိုင်းသို့ ဖုန်းခေါ်ဆိုခဲ့ပြီး ၎င်းသည် မွမ်ဘိုင်းလေဆိပ်နှင့် တပ်ချ်ဟိုတယ်ကို ငှားရမ်းထားသောကား ၁၆ စီးတွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ကာ တိုက်ခိုက်မည်ဟု ပြောနေသည်ကို ကြားခဲ့ရသည်ဟု လေဆိပ်ဝန်ထမ်းများသို့ ပြောကြားခဲ့သည်ဟု ရဲတပ်ဖွဲ့က ဆိုသည်။ "တိကျသော ခြိမ်းခြောက်မှု" တစ်ခုအဖြစ် ထုတ်ဖော်ပြောဆိုထားသောကြောင့် သက်ဆိုင်ရာဌာနများက အဆိုပါနေရာများ၌ လုံခြုံရေးမြှင့်တင်ခဲ့သည်။ ယင်းအဖြစ်အပျက်မှာ စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာရန် စီစဉ်ထားသည့် ၂၀၀၆ ခုနှစ် မွမ်ဘိုင်းမီးရထားဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ၁၂ ဦးအား စီရင်ချက်မချမှတ်မီ အကြိုနေ့၌ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

မွမ်ဘိုင်းမြို့တွင် တပ်ချ်ဟိုတယ်နှစ်လုံးရှိပြီး တစ်လုံးမှာ လေဆိပ်အနီးတွင်ရှိပြီး နောက်တစ်လုံးမှာ မွမ်ဘိုင်းမြို့လယ်ကောင်တွင် တည်ရှိသည်။ မွမ်ဘိုင်းမြို့လယ်ကောင်ရှိ တပ်ချ်ဟိုတယ်မှာ ၂၀၀၈ ခုနှစ် နိုဝင်ဘာလက အကြမ်းဖက်တိုက်ခိုက်မှု ခံခဲ့ရသည်။ အိုင်အက်စ်အကြမ်းဖက်သမားများက မြို့တော် နယူးဒေလီနှင့် နိုင်ငံအနောက်ပိုင်းရှိ ရာဂျစ်စတန်ပြည်နယ်တို့၌ တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ကြောင်း အိန္ဒိယ ထောက်လှမ်းရေးတာဝန်ရှိသူများက ပြောကြားသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်သော လုံခြုံရေးတပ်လှန့်မှုမှာ အိန္ဒိယနိုင်ငံ၌ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ။**

# အာဖဂန်နစ္စတန်မြောက်ပိုင်းရှိ ကန်ဒုဇ်မြို့ကို အစိုးရတပ်ဖွဲ့ ပြန်လည်သိမ်းယူနိုင်ရန် ကြိုးပမ်း

**ကဘူး စက်တင်ဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း၏ အဓိကကျသော မြို့ကြီးတစ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရန် အာဖဂန်တပ်ဖွဲ့များက အမေရိကန်၏ လေကြောင်းပစ်ကူပေးမှုဖြင့် တာလီဘန်စစ်သွေးကြွများကို တိုက်ခိုက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။



လွန်ခဲ့သည့် ၁၄ နှစ်က တာလီဘန်အစိုးရအဖွဲ့ ဖြုတ်ချခံခဲ့ရပြီးနောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ်မြို့တော်ဖြစ်သော ကန်ဒုဇ်မြို့သည် တာလီဘန်သောင်းကျန်းသူများ၏ လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ပြည်နယ်မြို့ကြီးတစ်မြို့ တာလီဘန်လက်အောက်သို့ ကျရောက်ခဲ့ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ကန်ဒုဇ်မြို့ကို တာလီဘန်အဖွဲ့က သိမ်းပိုက်နိုင်ခြင်းသည် သမ္မတ အာရှတ်ဂါနီ၏ အစိုးရအဖွဲ့အတွက် ဆုတ်ယုတ်မှုတစ်ရပ်ဖြစ်သည်။ ဂါနီ၏ အစိုးရအဖွဲ့ အာဏာရရှိမှုမှာ စက်တင်ဘာ ၂၉ ရက်တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကန်ဒုဇ်မြို့ကို ပြန်လည်သိမ်းယူနိုင်ရန် အစိုးရတပ်ဖွဲ့က ကြိုးပမ်းလျက်ရှိကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကန်ဒုဇ်မြို့၌ အစိုးရတပ်ဖွဲ့က စစ်ဆင်ရေးစတင်လျက်ရှိကြောင်း အာဖဂန်စစ်ဘက်ဆိုင်ရာ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကန်ဒုဇ်မြို့၏ ဆင်ခြေဖုံးဒေသရှိ တာလီဘန်စခန်းများကို အမေရိကန် စစ်လေယာဉ်များက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း နေတိုးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**



## ဒူဂျူအန် တိုင်ဖုန်းမုန်တိုင်းကြောင့် ထိုင်ဝမ်တွင် နှစ်ဦးသေ

**တိုင်ပေ စက်တင်ဘာ ၂၉**

ဒူဂျူအန်တိုင်ဖုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိုင်ဝမ်ကျွန်းတွင် လူနှစ်ဦးသေဆုံးပြီး လူ ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါမုန်တိုင်းသည် ထိုင်ဝမ်ကျွန်းသို့ စက်တင်ဘာ ၂၈ ရက်ညက ဝင်ရောက်ခဲ့သည်။ မြောက်ပိုင်းယီလန်စီရင်စုတွင် တစ်နာရီလျှင် ၂၄၆ ကီလိုမီတာနှုန်းဖြင့် စံချိန်တင်တိုက်ခတ်သွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းနှင့် မော်တော်ကားများ ကျွမ်းထိုးမှောက်ခုံဖြစ်သွားခဲ့ရပြီး အိမ်ခြေစုစုပေါင်း ၁ ဒသမ ၉ သန်းခန့် လျှပ်စစ်မီးပြတ်တောက်သွားခဲ့သည်။

မုန်တိုင်းကြောင့် အနည်းဆုံး လူ နှစ်ဦးသေဆုံးပြီး ၃၂၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ စက်တင်ဘာ ၂၉ ရက်တွင် တိုင်ပေမြို့ အပါအဝင် နေရာဒေသအတော်များများရှိ စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။

**အင်န်အိတ်ချ်ကေ။**

# မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းတွင်ပါရှိသူအားလုံးကို ထုတ်ပေးသွားမည်



**ကျိုင်းတုံ စက်တင်ဘာ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် ဥပဒေနှင့်အညီ ကျင်းပပေးမည်ဖြစ်ကြောင်း၊ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲကို ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ မီဒီယာများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ယမန်နေ့ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျိုင်းတုံခရိုင်နှင့် ခရိုင်အတွင်းရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေး၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျိုင်းတုံခရိုင်နှင့် မက်မန်းခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်း ပါတီရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူလူထု၏ အချုပ်အခြာအာဏာကို နိုင်ငံအဝန်း ပျံ့နှံ့စေရန်အတွက် လူထုဆန္ဒနှင့်အညီ လူထုကိုယ်စားလှယ် ရွေးချယ်တင်မြှောက်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထမ်းဆောင်ရမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အရည်အချင်းရှိသူများဖြစ်ရန်လိုသဖြင့် နှလုံးသားနှင့်ဦးနှောက် ပေါင်းစပ်ပြီး လူတော်လူကောင်းများကို ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရွေးချယ်နိုင်ရန် မီဒီယာများသည် ပါတီများ၏ မူဝါဒများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဟောပြောကတိပြုချက်များကို ထုတ်လွှင့်ဖော်ပြရာတွင် ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် မျှမျှတတဖော်ပြရန်လိုကြောင်း။

ရွေးကောက်ပွဲတွင် အများစုနိုင်သောပါတီသည် အာဏာရပါတီဖြစ်လာမည်ဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာကို မှန်မှန်ကန်ကန်ကျင့်သုံးကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် မူဝါဒများချမှတ်ပြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် လိုကြောင်း၊ အတိုက်အခံပါတီအနေဖြင့် အာဏာရပါတီ၏ လုပ်ဆောင်ချက်ကို စောင့်ကြည့်ပြီး လိုအပ်ချက်ကို ထောက်ပြတည့်မတ်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အာဏာရပါတီ၏ လုပ်ဆောင်ချက်ကို အဆိုးမြင်ဆန့်ကျင်ပြီး ပူးပေါင်းဆောင်ရွက်မှုမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရရှိမည် မဟုတ်ကြောင်း။

လွတ်လပ်ရေးရပြီး (၆၇)နှစ်အတွင်း၌ ရွေးကောက်ပွဲ အတွေ့အကြုံ (၅)ကြိမ်သာ ရှိခဲ့သဖြင့် ရွေးကောက်ပွဲ အရေးကြီးပုံနှင့် အနှစ်သာရကို တိတိကျကျသိရှိနားလည်ခြင်း မရှိသေးပါကြောင်း၊ ယခင် ရွေးကောက်ပွဲ အတွေ့အကြုံများကို သုံးသပ်၍ မဲစာရင်းပြည့်စုံ မှန်ကန်စေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ရာ မဲစာရင်း အမှားအယွင်းများပြင်ဆင်နိုင်ရန် အချိန်ကန့်သတ်ချက်ရှိနိုင်သဖြင့် အခြေခံမဲစာရင်းကို ကြိုတင်ပြုစု ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများကြေညာချိန် လာရောက်ကြည့်ရှုပြီး ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်မှုများပြုလုပ်က မှန်ကန်သောမဲစာရင်း ဖြစ်လာမည်ဖြစ်၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းမှားယွင်းသဖြင့် မဲပေးခွင့် မဆုံးရှုံးနိုင်ပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ သို့သော် မဲစာရင်းတွင်ပါဝင်မှသာ မဲပေးခွင့်၊ ရွေးကောက်ခံပိုင်ခွင့် ရှိပါကြောင်း။

ကြိုတင်မဲပေးခြင်းတွင် မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းတို့ရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကို သိရှိပြီး လိုက်နာအကာအကွယ်ယူပါက ကြိုတင်မဲပေးခြင်းအပေါ် သံသယဖြစ်ဖွယ် မရှိပါကြောင်း၊ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းတွင်ပါရှိသူအားလုံးကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း။

မိမိမဲပေးရမည့် မဲရုံအလွယ်တကူ ရှာဖွေသိရှိနိုင်ရန် မဲပေးရာတွင် လွယ်ကူလျင်မြန်စေရန်၊ သက်သေခံလက်မှတ်များ ပျောက်ဆုံးပါက မဲပေးနိုင်ရန်နှင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သော မဲစာရင်းပြုစုနိုင်ရန် ရည်ရွယ်ချက်(၄)ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မဲဆန္ဒရှင် သက်သေခံလက်မှတ် ပျောက်ဆုံးသော်လည်း မဲစာရင်းတွင်ပါရှိသကဲ့သို့ မဲဆန္ဒရှင်မှန်ကန်ကြောင်း ပြောကြားနိုင်လျှင် မဲပေးနိုင်ကြောင်း။

မဲဆန္ဒရှင်ပညာပေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ပါဝင်ပူးပေါင်းကြရန် ဖိတ်ခေါ်ပါကြောင်း၊ ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ပြည်တွင်း/ ပြည်ပရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ထားကြောင်း။

မဲဆွယ်စည်းရုံးရေးကာလတွင် လိုက်နာရန် ညွှန်ကြားချက် (၁/၂၀၁၄)ကို ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် နိုင်ငံရေးပါတီများ လိုက်နာရမည့် ကျင့်ဝတ် Code of Conduct များလည်းရှိကြောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှု ပြစ်ဒဏ်များ၊ အခန်း (၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို လိုက်နာကျင့်သုံးပြီး ဥပဒေ၏အကာအကွယ်ကို ရယူရန်နှင့် ဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို အသိတရားနှင့်ယှဉ်ပြီး လေးစားလိုက်နာကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## ❂ ကချင်ပြည်နယ်မှ

တပ်မတော်စစ်ကြောင်းများက စက်တင်ဘာ ၂၆ ရက်မှ စတင်၍ နယ်မြေရှင်းလင်းခဲ့ရာ မံစီမြို့၏ အရှေ့တောင်ဘက်တစ်မိုင်ခန့်အကွာ တောင်ကုန်းများပေါ်တွင် တပ်စွဲနေရာယူထားသော ကေအိုင်အေအဖွဲ့နှင့် စက်တင်ဘာ ၂၈ ရက်အထိ ထိတွေ့တိုက်ပွဲလေးကြိမ်ဖြစ်ပွားခဲ့ပြီး ၎င်းတို့ တပ်စွဲနေရာယူထားသော ခြံစည်းရိုးပတ်လည်ကာရံထားသည့် စခန်းသုံးခုနှင့်အတူ မိုင်းမျိုးစုံ သုံးလုံး၊ လက်ပစ်ဗုံး ၃၆ လုံး၊ ကျည်မျိုးစုံ ၃၄ တောင့်၊ လမ်းလျှောက်စကားပြောစက် တစ်လုံး၊ လူနေတဲ ၁၄ လုံးနှင့် ဘန်ကာ ၁၁ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှလည်း အရာရှိတစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး စစ်သည်လေးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ထို့အပြင် စီခမ်းကြီးနယ်မြေအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများသည် အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်စားသောက်လျက်ရှိသော်လည်း ကေအိုင်အေအဖွဲ့ လက်နက်အားကိုးဖြင့် အင်အားပြခြိမ်းခြောက်မှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူများ လွတ်လပ်စွာ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဒေသခံပြည်သူလူထု၏ တောင်းဆိုချက်များအရ တပ်မတော်စစ်ကြောင်းများက စက်တင်ဘာ ၇ ရက်မှ ၂၈ ရက်အထိ နယ်မြေရှင်းလင်းခဲ့ရာ ကေအိုင်အေအဖွဲ့များနှင့် ထိတွေ့တိုက်ခိုက်မှု လေးကြိမ်ဖြစ်ပွားပြီး ၎င်းအဖွဲ့ထံမှ ခဲယမ်းမျိုးစုံအတောင့် ၃၀ နှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၁၃ ရက်က မံစီမြို့နယ် ဟန်ထက်ကျေးရွာအနီး ဈေးရောင်းချလျက်ရှိသော အရပ်သူ နှစ်ဦးကို တပ်မတော်သို့ သတင်းပေးသည်ဟု စွပ်စွဲကာ ကေအိုင်အေအဖွဲ့တစ်ဖွဲ့က လိုက်ကာရွာဘက်သို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဖမ်းဆီးခံရသူ တစ်ဦးလျှင် ငွေကျပ်သိန်း ၂၀ နှုန်းဖြင့် နှစ်ဦးအတွက် သိန်း ၄၀ ပေးမှသာ ပြန်လည်စေလွှတ်ပေးမည်ဟု အဆိုပါ ကေအိုင်အေအဖွဲ့မှ ဖမ်းဆီးခံရသူတစ်ဦး၏ ခင်ပွန်းဖြစ်သူအား ပြောကြားခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူလူထုအား ဖမ်းဆီးခြင်းမပြုလုပ်ရန်နှင့် ဖမ်းဆီးထားသူများကို ပြန်လည်စေလွှတ်ပေးရန် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ တစ်ဆင့် ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့သို့ အကြောင်းကြားကန့်ကွက်ခဲ့သော်လည်း ပြန်လည်စေလွှတ်ပေးခြင်းမရှိသဖြင့် လိုက်ကာနှင့် ဆွတ်ဂျာနယ်မြေသို့ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခဲ့ရာ စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၁၈ ရက်အထိ မိုင်းဖြစ်စဉ် လေးကြိမ်၊ ထိတွေ့မှုခြောက်ကြိမ် ဖြစ်ပွားခဲ့ပြီး ကေအိုင်အေအဖွဲ့ထံမှ မိုင်းမျိုးစုံသုံးလုံး၊ လက်ပစ်ဗုံးတစ်လုံးနှင့် လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ သိမ်းဆည်းရမိပြီး လိုက်ကာကျေးရွာနှင့် ဆွတ်ဂျာကျေးရွာအနီးတွင် တပ်စွဲနေရာယူထားသည့် စခန်းတစ်ခုကို သိမ်းပိုက်နိုင်ခဲ့သော်လည်း တပ်မတော်မှ စစ်သည်သုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ထိတွေ့မှုဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရရှိသော စစ်သည်များကို ဆေးရုံသို့ပို့ဆောင်သည့် တပ်မတော်စစ်ကြောင်းအား မိုင်ခေါင်-မံစီကားလမ်းမပေါ်တွင် ကေအိုင်အေအဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူများ မိုင်းစထိမှန်ခဲ့ပြီး ပြည်သူသုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကာ တပ်မတော်မှ စစ်သည်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့မှုနှင့်အတူ ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူ ပြည်သူနှစ်ဦးကို ဗန်းမော်မြို့ရှိ တပ်မတော်ဆေးရုံမှတစ်ဆင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကာ ဆေးကုသပေးလျက်ရှိပြီး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းလျက်ရှိသော ဒေသများသို့ ကေအိုင်အေအဖွဲ့က ယခုကဲ့သို့ လက်နက်အားကိုးဖြင့် သွားလာဝင်ရောက်ခြင်းများအပေါ် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ပြီး ၎င်းတို့၏ ဥပဒေမဲ့လုပ်ရပ်များအပေါ် ရွံရှာစက်ဆုပ်လျက်ရှိကြောင်းနှင့် နယ်မြေအတွင်းမှ အပြီးအပိုင် မောင်းထုတ်ပေးရန် တပ်မတော်သို့ တောင်းဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ○ မနောမြေမှ

ပြိုင်ဆိုင်မှုထက် တန်းဆင်းဇုန်အတွက် ပြိုင်ဆိုင်မှုမှာ ပိုမိုပြင်းထန်လာဖွယ် ရှိနေသည်။

နှစ်သင်းစလုံးအမှတ်လိုနေသောကြောင့် အားကုန်ထုတ်ကစားခဲ့ပြီးပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ပွဲအစပိုင်းတွင် ဟံသာဝတီအသင်းက ခြေအသာရခဲ့ပြီး ၁၀ မိနစ်တွင် တိုက်စစ်မှူး အူစမန်နော့ဗ်က အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရ၍ မနောမြေအသင်း အားပြန်ထည့်လာပြီး ၂၅ မိနစ်တွင် အောင်မြင့်ထွန်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ သူတင်ကိုယ်တင်ရှိခဲ့ပြီး တောင်ပံကစားသမား အောင်မျိုးသူရက ၄၄ မိနစ်တွင် ဟံသာဝတီအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် မနောမြေအသင်းက ချေပဂိုးရရှိရန် အားပိုထည့်ကစားလာပြီး ဂိုးရနိုင်သည့်အခွင့်အရေးကိုမူ ဟံသာဝတီအသင်းပိုရခဲ့သည်။တိုက်စစ်မှူး အူစမန်နော့ဗ်၏ အပိုင်ကန်ချက် တိုင်ထိထွက်ခဲ့၍ ဟံသာဝတီအသင်း ဂိုးထပ်မရခြင်းဖြစ်သည်။ မနောမြေအသင်းမှာ ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဟံသာဝတီခံစစ်ပိုင်းက အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီက ၁၈ မှတ်၊မနောမြေအသင်းက ၁၅မှတ်တို့ ရရှိထားသည်။

**ယနေ့ပွဲ**

(YUSC ကွင်း)

**ရန်ကုန် - ကမ္ဘောဇ**

(မုံရွာကွင်း)

**ဇေယျာရွှေမြေ - မကွေး**

(အောင်ဆန်းကွင်း)

**ချင်း - ရခိုင်**

(ပေါင်းလောင်းကွင်း)

**နေပြည်တော်-ဇွဲကပင်**

## ❖ ကျောဖုံးမှ

ကမ္ဘာ့နံပါတ်တစ်တင်းနစ်မယ်ဟောင်း ဗစ်တိုရီးယားအဇာရန်ကာက ပြိုင်ပွဲအတွင်း ခြေထောက်ဒဏ်ရာပြဿနာကြောင့် အနားယူသွားခဲ့သဖြင့် ဝူဟန်အိုးပင်းပြိုင်ပွဲ၏တတိယဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ထို့ကြောင့် တင်းနစ်မယ် ဂျိုဟာနာကွန်တာသည် ဗြိတိန်၏ နံပါတ်တစ်တင်းနစ်မယ် ဝက်ဆင်အား ကျော်ဖြတ်သွားခဲ့ပြီး လာမည့်သီတင်းပတ်ထဲတွင်လည်း ဗြိတိန်၏အဆင့်သတ်မှတ်ချက်များကို ပြန်လည်ကြေညာမည်ဖြစ်သောကြောင့် လက်ရှိကမ္ဘာ့အဆင့်(၆၆)နေရာတွင်ရပ်တည်လျက်ရှိသည့် ဂျိုဟာနာကွန်တာသည် ဝက်ဆင်၏နေရာကို အစားထိုးရယူကာ ဗြိတိန်၏ နံပါတ်တစ်တင်းနစ်မယ်တစ်ဦးဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

ဆစ်ဒနီနွယ်ဖွား ဂျိုဟာနာကွန်တာသည် ၂၀၁၂ ခုနှစ်တွင် ဗြိတိန်နိုင်ငံသူအဖြစ် ခံယူခဲ့သူဖြစ်သည်။ ဂျိုဟာနာကွန်တာသည် ဝင်ဘယ်ဒန်တင်းနစ်ဖလားပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား ရှုံးနိမ့်ခဲ့သည့်နောက်ပိုင်း သူမ၏ နောက်ဆုံးကစားခဲ့သည့်ပွဲပေါင်း ၂၀ တွင် ၁၉ ပွဲအထိ နိုင်ပွဲရရှိခဲ့သည့် မှတ်တမ်းကိုလည်း စိုက်ထူနိုင်ခဲ့သူဖြစ်သည်။

ဂျိုဟာနာကွန်တာသည် ဝူဟန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းတတိယအဆင့်ပွဲစဉ်တွင် ရိုမေးနီးယား တင်းနစ်မယ် ဆီမိုနာဟာလက်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ငွေကြယ်)**

# ဘဝဆည်းဆာချိန်

**ဦးကျော်စိန်(မန္တလေး)**

နေဝင်ဆည်းဆာအချိန်အခါသည် ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းလှပါသည်။ သူရိယနေမင်းကြီးသည် တစ်နေ့တာ တာဝန်ထမ်းဆောင်ခဲ့ပြီး နှုတ်ဆက်ခွဲခွာသွားတော့မည့် အချိန်ဖြစ်၏။ ထို့အတူ သက်ကြီးရွယ်အိုတို့လည်း ဘဝပျောက်ကွယ်ချိန် နီးနေလေပြီဖြစ်သည်။ လူသားတိုင်းသက်တမ်းစေ့သာ နေထိုင်သွားနိုင်ကြရမည်ဆိုပါလျှင် တစ်နေ့ အိုမင်းမစွမ်းဖြစ်ကြရပေဦးမည်ဖြစ်သည်။ အချို့အိုသော်လည်း စွမ်းကြ၏။ အချို့ကား မစွမ်းနိုင်ကြတော့ပေ။ ကျန်းမာရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း စွမ်းဆောင်နိုင်မှုအားသည် တဖြည်းဖြည်းလျော့ကျလာသည်။ ထိုကဲ့သို့ မစွမ်းနိုင်ကြသော အဘိုးအဘွားသက်ကြီးရွယ်အိုများကို ဖေးမကူညီရန်မှာ လူသားအားလုံး၏ တာဝန်တစ်ရပ် ဖြစ်ပါသည်။

မြန်မာ့လူမှုအသိုင်းအဝိုင်း၌ အသက်(၆၀)ကျော်သူများကို သက်ကြီးပိုင်းဟူ၍ ဆိုကြပါသည်။ သက်ကြီးပိုင်းများတွင် သားထောက်သမီးခံရှိသူ၊ သားထောက်သမီးခံမရှိသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ ကျန်းမာသူ၊ မကျန်းမာသူ အစရှိသဖြင့် အမျိုးမျိုးကွဲပြားခြားနားစွာ ရှိနေကြပါသည်။ မည်သို့ပင် ကွဲပြားခြားနားမှုများရှိစေကာမူ သက်ကြီးရွယ်အိုများအား လူမှုဘဝ သာယာရေး၊ ကျန်းမာစွာ အသက်ရှင်နေထိုင်ရေးတို့အတွက် လိုအပ်သည်များ ဖြည့်ဆည်းကူညီပေးကြရမည်ဖြစ်ပါသည်။

သားထောက်သမီးခံမရှိသော အချို့အဘိုးအဘွားများသည် ဘိုးဘွားရိပ်သာများ၌ ရှိနေကြရပါသည်။ မြန်မာနိုင်ငံ၌ အစောဆုံး ဘိုးဘွားရိပ်သာတည်ထောင်ဖွင့်လှစ်ခဲ့သူမှာ ရတနာပုံနေပြည်တော်ခေတ် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးလက်ထက်က အဘွားဒေါ်ဦးဇွန်းဖြစ်သည်။ မင်းကွန်းလူအိုရုံ၊ ပေါင်းတည်းလူအိုရုံ၊ ရန်ကုန်နှင့် နှင်းဆီကုန်း ဘိုးဘွားရိပ်သာများကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့သူဖြစ်၏။ ထို့အပြင် သထုံမြို့ မြသပိတ်တောင်ခြေရင်း၌ လည်းကောင်း၊ ပခုက္ကူမြို့၌ လည်းကောင်း လူအိုရုံများ တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံအတွင်း ဘိုးဘွားရိပ်သာများ တဖြည်းဖြည်းတိုးပွားခဲ့ရာ ယခုအခါ ဘိုးဘွားရိပ်သာပေါင်း ၇၀ ကျော် တည်ရှိနေပြီ ဖြစ်ပါသည်။

ဘိုးဘွားရိပ်သာများရှိ သက်ကြီးရွယ်အိုများအား စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်၍ စောင့်ရှောက်ပေးနေသကဲ့သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း ဘိုးဘွားများအား စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှုံးစရိတ်အစရှိသဖြင့် ထောက်ပံ့ပေးလျက်ရှိပါသည်။ ဘိုးဘွားတို့သည် သက်ဆိုင်ရာက စောင့်ရှောက်မှုများပေးနေသော်လည်း လိုအပ်ချက်များရှိနေကြဆဲပင်ဖြစ်ပါသည်။

သက်ကြီးရွယ်အိုများဟူသည် ဘဝကို ရှည်လျားစွာဖြတ်သန်းလာကြရသူများဖြစ်ပါ၏။ ဘဝမျိုးစုံကိုလည်း ကြုံတွေ့ခဲ့ဖူးသူများဖြစ်၏။ သူ့အဆင့်နှင့်သူ အရောင်အလင်းတွေ ထွန်းညှိခဲ့သူများလည်း ဖြစ်ပါသည်။ သူရိယနေမင်းကြီးသည် ထွက်ပြူစ၌ အရုဏ်ဦးလင်းရောင်ခြည်တွေ လွှတ်ပို့ခဲ့၏။ နေ့လယ် မွန်းတည့်ချိန် သူရိယနေမင်းကြီးသည် အားနှင့်မာန်နှင့် တောက်ပနေသည်ကိုလည်း အားကျဖွယ်အလှဖြစ်ပါသည်။ အနောက်ဂေါ်ရာကျွန်းဝင်ခါနီး သူရိယနေမင်းကြီး၏ ဆည်းဆာချိန်အလှသည်လည်း တည်တည်ငြိမ်ငြိမ်နှင့် လောကကြီးကို နှုတ်ဆက်ရင်း လှရောင်ခြည်များ ပို့လွှတ်ကွန့်မြူးနေသည်မှာလည်း မမေ့နိုင်စရာပင် ဖြစ်ပါ၏။

သက်ကြီးရွယ်အိုတို့ဖြတ်သန်းခဲ့ရာ ဘဝလမ်းတစ်လျှောက်ကို ပြန်ကြည့်လျှင်လည်း မျိုးဆက်သစ်ကလေးများအတွက် သင်ခန်းစာလှလှလေးတွေချည်းပဲဖြစ်ပါသည်။ ဘဝနေဝင်ချိန်မှာကား သူ၏ ဆည်းဆာချိန်အလှလေးနှင့် လောကကြီးကို နှုတ်ဆက်နေပြီဖြစ်ပါသည်။ သူကိုယ်တိုင်လည်း သူ့ဆည်းဆာချိန်အလှများကို မြင်နေပြီဖြစ်၏။ သည်အချိန်တွင် စိတ်လက်သန့်စင်ကြည်လင်စွာဖြင့် ဘဝလွတ်မြောက်ရေးကို သူကိုယ်တိုင်ကြိုးစားရတော့မည်ဖြစ်ပေသည်။

သက်ကြီးရွယ်အိုချိန်ခါတွင် လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ လျော့ပါးကုန်လာပြီဖြစ်၏။ တောင်တန်းသာသနာပြုဆရာတော်ကြီးက အိုရခြင်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုပြီး အရွယ်အိုမင်းလာပါလျှင် လောဘ၊ ဒေါသ၊ မောဟ ဆိုသည့် ကိလေသာတရားတွေ ပါးလျလာပြီဖြစ်သည့်အပြင် အာရုံခံစားမှုတွေလည်း အားနည်းလာပြီဖြစ်ကြောင်း၊ ငယ်စဉ်ကကဲ့သို့ ယောက်ယက်ခတ်မှု၊ ပူပင်သောကတွေ ကင်းဝေကာ စိတ်ကလေးတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဤအရှင်ကတော့ အိုခြင်းကိုပဲ ဝမ်းသာနေမိပါတော့သည် **"ကိုင်း ပျော်ပျော်ကြီး အိုလိုက်ကြဦးစို့ရဲ့"**ဟူ၍ မိန့်ကြားခဲ့ပါသည်။

ဘိုးဘွားတို့သည် မိမိတို့စိတ်တွေကို ပူပန်သောကများ လျော့နည်းကာ သန့်ရှင်းကြည်လင်အောင် နေထိုင်ကြပြီဖြစ်၏။ ကိုယ့်ဘဝကိုမြင်လာသည့်အခါ ကိုယ့်တန်ဖိုးကိုသိလာ၏။ ကုသိုလ်စိတ်များနှင့်လည်း ရှင်သန်လာပါသည်။ ဘိုးဘွားရိပ်သာတွေသို့ ရောက်ရှိနေကြရသော ဘိုးဘွားများသည် နိဗ္ဗာန်တံခါးဝသို့ ရောက်နေကြရသကဲ့သို့ ချမ်းမြေ့နေကြပြီဖြစ်ပါသည်။ အဘိုးအဘွားများကို ထောက်ကူပံ့ပိုးမည့်သူများဘက်က သဒ္ဓါတရားများ ထက်သန်လာကြရန်သာ လိုအပ်လှပါတော့သည်။

ဘိုးဘွားများသည် ကျွန်ုပ်တို့၏ မိဘများသာဖြစ်ပါ၏။ မြတ်စွာဘုရားရှင်က သံသရာတွင် တစ်ဦးနှင့် တစ်ဦးဆွေမျိုးမတော်စပ်ခဲ့သူမရှိဟု မိန့်ဆိုပါသည်။ အဘိုးအဘွားများသည် မိရင်း၊ ဖရင်း၊ ဘယ်နှုကြိမ်ဘယ်နှခါ ဘဝတော်စပ်ခဲ့လေသနည်းဟု မသိပေ။ သေချာသည်မှာ မိရင်း၊ ဖရင်းများတော်စပ်ခဲ့ကြသည်ဆိုသည့် အချက်ပင်ဖြစ်ပါ၏။ နကုလပီတာနှင့် နကုလမာတာ တို့သည် မြတ်စွာဘုရားရှင်၏ မိစုံ၊ ဖစုံများအဖြစ် ဘဝငါးရာ တော်စပ်ခဲ့ပါသည်။ မိခင်အရင်းအနေဖြင့် ဘဝငါးရာ၊ ဖခင်အရင်းအနေဖြင့် ဘဝငါးရာတော်စပ်ခဲ့ကြောင်း ဟောကြားခဲ့ပါသည်။

**အိုခြင်းတရားဟူသည် မည်သူမျှရှောင်လွှဲ၍ မရနိုင်ပါ။ "သင်လည်း ဤသို့အိုရအံ့" ဆိုသကဲ့သို့ အိုချိန်ရောက်လျှင် အိုရမည်သာဖြစ်၏။ မအိုချင်၍ မရပါ။ လူအိုဘဝရောက်သည့်အခါ စွမ်းဆောင်နိုင်အားတွေမရှိတော့ဘဲ ယုတ်လျော့ကုန်ပြီဖြစ်၏။ ထိုကဲ့သို့သောအချိန်အခါမျိုး၌ အကူအညီအထောက်အပံ့များစွာ လိုအပ်နေပါသည်။**

အဘိုးအဘွားမှန်သမျှ၊ သက်ကြီးရွယ်အိုမှန်သမျှကို မိရင်းဖရင်းများကဲ့သို့ မှတ်ယူပြုစုစောင့်ရှောက်ရမည်ဖြစ်၏။ မိဘ၊ဘိုးဘွားများကို ကျေးဇူးဆပ်ရာတွင် တရားဓမ္မဖြင့်ပေးဆပ်ခြင်းသည် အမြင့်မြတ်ဆုံးဖြစ်ပါသည်။ သီလမရှိသူဘိုးဘွားများကို သီလစောင့်ထိန်းနိုင်အောင်၊ ဒါနမရှိသော ဘိုးဘွားများကို ပေးကမ်းစွန့်ကြဲနိုင်အောင်၊ ဝိပဿနာဘာဝနာလုပ်ကိုင်ကျင့်ပွားနိုင်အောင်၊ ကုသိုလ်ကင်းဝေးနေသူများကို ကုသိုလ်စိတ်များ ထုံမွမ်းနေနိုင်အောင် ဆောင်ရွက်ပေးကြရမည်။ ထောက်ပံ့ပေးကြရပါမည်။ ဘိုးဘွားများ စိတ်ချမ်းသာကိုယ်ချမ်းသာနှင့် ဘဝနေဝင်ချိန်တွင် ဘက်စုံကူညီသွားရမည်ဖြစ်ပါသည်။

ဘိုးဘွားရိပ်သာများ၌ ဘိုးဘွားထောင်ဂဏန်းမျှသာ ခိုလှုံနိုင်ကြပါသေးသည်။ တစ်နိုင်ငံလုံး ဘိုးဘွားဦးရေမှာ လေးသန်းကျော်ခန့် ရှိနေသည်ဟု သိရသည်။ ခိုကိုးရာမဲ့ဆင်းရဲဒုက္ခရောက်နေသော အဘိုးအဘွားများ မည်မျှရှိနေမည်နည်း။ ထိုဘိုးဘွားများအတွက် ကူညီပံ့ပိုးမှုများ အထူးလိုအပ်နေမည်သာဖြစ်ပါသည်။

ဒုက္ခရောက်သူများကို ကယ်တင်ရေး၊ ကူညီထောက်ပံ့ရေးတို့အတွက် လူသားတိုင်းတွင် တာဝန်ရှိပါသည်။ ဘဝတစ်လျှောက် ထွန်းလင်းတောက်ပသည့် အလင်းရောင်ပေးခဲ့သော ဘိုးဘွားများကို ကျေးဇူးဆပ်ကြရမည် ဖြစ်၏။ သူရိယနေမင်းကြီးသည် နံနက်အရုဏ်ဦး၌ နွေးထွေးသော အလင်းရောင်ခြည်လေးများ ပို့လွှတ်ပေးခဲ့၏။ နေ့ခင်းတွင် အလင်းရောင်ကလည်း လောကတစ်ခွင်လုံးကို အကျိုးဆောင်ခဲ့ပါသည်။ ညနေ နေဝင်ဆည်းဆာရောင်ခြည်ဖြာလို့လည်း နှုတ်ဆက်ပါသေးသည်။ ဘဝနေညိုချိန်တွင် အဘိုးအဘွားတို့သည် နွေးထွေးသော မေတ္တာဓာတ်ဖြန့်ကြက်ပို့လွှတ်ရင်း နှုတ်ဆက်နေကြပေပြီ ဖြစ်၏။

ဘိုးဘွားများကို စောင့်ရှောက်ခြင်းသည် မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ ဖြစ်ပါ၏။ မြန်မာ့မိသားစုဖွဲ့စည်းပုံတွင် အဘိုးအဘွားများနှင့် တစ်အိမ်တည်း၌ စုပေါင်းညီညာစည်းလုံးစွာဖြင့် နေထိုင်ကြသည့် အစဉ်အလာဖြစ်ပါသည်။ အဘိုးအဘွားများကို အနီးကပ်ပြုစုစောင့်ရှောက်ခြင်းသည်ပင် မြန်မာတို့၏ ရိုးရာဓလေ့ဖြစ်၏။ ကြီးသူကို ရိုသေခြင်းသည် မြန်မာတို့၏ မင်္ဂလာတရားဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂကြီးကလည်း နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"**ဆိုပြီး သတ်မှတ်ပြီး အဖွဲ့ဝင်နိုင်ငံများက အခမ်းအနားများကျင်းပကာ သက်ကြီးရွယ်အို ထောက်ပံ့ရေးများ ဆောင်ရွက်ကြပါသည်။

အိုခြင်းတရားဟူသည် မည်သူမျှ ရှောင်လွှဲ၍ မရနိုင်ပါ။ **"သင်လည်း ဤသို့အိုရအံ့"** ဆိုသကဲ့သို့ အိုချိန်ရောက်လျှင် အိုရမည်သာဖြစ်၏။ မအိုချင်၍ မရပါ။ လူအိုဘဝ ရောက်သည့်အခါ စွမ်းဆောင်နိုင်အားတွေမရှိတော့ဘဲ ယုတ်လျော့ကုန်ပြီဖြစ်၏။ ထိုကဲ့သို့သော အချိန်အခါမျိုး၌ အကူအညီအထောက်အပံ့များစွာ လိုအပ်နေပါသည်။ ဘိုးဘွားရိပ်သာများတည်ဆောက်ပြီး စောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ အိမ်တိုင်ရာရောက်သွားရောက်အကူအညီပေးခြင်းဖြင့် လည်းကောင်း အားနည်းသူများကို ဖေးမကူညီသည့် ကျွန်ုပ်တို့၏ တန်ဖိုးမဖြတ်နိုင်သော အစဉ်အလာဖြစ်ပါသည်။

လူသားတိုင်းဘဝနေညိုချိန် ရောက်ကြရပါမည်။ လူသားတိုင်း ချုပ်ကွယ်ပျောက်ဆုံးသွားကြရပါမည်။ လာတုန်းကလည်း တစ်ယောက်တည်း၊ ထွက်ခွာသွားရတော့လည်း တစ်ယောက်တည်းပဲ ထွက်ခွာသွားရမည်ဖြစ်ပါသည်။ မထွက်ခွာရခင်အချိန်ကလေးတွင် ကရုဏာမေတ္တာပွားလျက် အားနည်းသူများကို စောင့်ရှောက်နိုင်ကြပါစေဟူ၍ **"အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"**ကို ဂုဏ်ပြုကြိုဆိုဆန္ဒပြုရပါသည်။ ။




## သက်ကြီးရွယ်အို စောင့်ရှောက်မှု

* ခန္ဓာကိုယ် ရလာက  
အိုကြရ သူသူငါ  
နာရဦးမှာ။  
အသေလည်း မလွတ်ပါ  
ကျိန်းသေသာ မှတ်သား။  
ပညာဖြင့် မြော်မြင်မှု  
ပြုသင့်တကား။

* သက်ကြီးရွယ်အိုများကိုဖြင့်  
ရှောင်ဖယ်မသင့် မှတ်ပါ။  
ဝိုင်းဝန်းကာ ကူညီမှု  
ပြုရမည်သာ။  
ကိုယ်လည်းတစ်နေ့ ကြုံရမှာ  
သေချာပေါက် မလွဲ။  
ကိုယ်ချင်းစာ ကရုဏာတရားကိုဖြင့်  
ထားသင့်သည်ပဲ။

* သက်ကြီးရွယ်အို စောင့်ရှောက်မှု  
ပြုကြတဲ့သူတွေ။  
မြတ်ကုသိုလ် အမှန်ပဲ့  
ရလိမ့်မသွေ။  
မင်္ဂလာတရားဟု သိမှတ်ပါလေ  
ယဉ်ကျေးမှု အမွေတစ်ပါး။  
အမျိုးဘာသာ ဂုဏ်ရည်တင့်အောင်  
ထိန်းသင့်တကား။ ။

ငွေသဇင်(သံတွဲ)

## ပြည်တွင်းရေးရာ

# တူယှဉ်နွှဲပျော် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်ရှိ ရှေးနှစ်ပေါင်းများစွာက သဘာဝ အတိုင်းတည်ရှိနေပြီး မြန်မာတွင်သာမက ကမ္ဘာပေါ်တွင် ထင်ရှားသည့် အင်းလေးဒေသ ရေကန်ကြီးသည် တောင်ပတ်လည်ဝိုင်းရံပြီး ရှမ်းပြည်နယ်တောင်ပိုင်း၏ ဂုဏ်သတင်းမွှေးပျံ့စေသော ရှေးဟောင်းအမွေအနှစ် တစ်ခုအဖြစ် ဝင့်ထည်ခံ့ညားလျှပနေပေသည်။

အင်းလေးဒေသတွင်နေထိုင်ကြသည့် အင်းသား တိုင်းရင်းသားများ၏ ဖော်ရွေပျူငှာသည့်အပြုံး၊ ချစ်စရာ ကောင်းသည့် အမူအရာ၊ စကားသံခပ်ဝဲဝဲလေးနှင့် လှေကို လက်နှင့်မလှော် ခြေဖြင့်လှော်သည့်လှေကလည်း ပြည်တွင်းရှိ ခရီးသွားပြည်သူများတွင်သာမက ပြည်ပက ခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုအပြည့်ရှိသည့် ရိုးရာယဉ်ကျေးမှုကို ပိုင်ဆိုင်ထားသည်။ ထို့အပြင် အင်းလေးဒေသရှိဖောင်တော်ဦးဘုရားပွဲတော်သည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။

အင်းလေးဖောင်တော်ဦးဘုရားပွဲသည် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့် ကျော် ၃ ရက်ထိ အစဉ်အလာမပျက် စည်ကားသိုက်မြိုက် စွာ ကျင်းပကြသည်။ ပွဲတော်ရက်ကာလအတွင်း ဖောင်တော်ဦးရုပ်ပွားတော်မြတ်များသည် အင်းလေးဒေသ အတွင်း ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံသည်။ သတ်မှတ်သည့် ကျေးရွာဘုန်းကြီးကျောင်းများတွင် နေ့ဆွမ်းဘုန်းပေးခြင်း၊ ညကျိန်းစက်ခြင်းများကို စနစ်တစ်ကျ စီမံဆောင်ရွက်ထားသည်။ သီတင်းကျွတ်လဆန်း ၇ ရက် တွင် ညောင်ရွှေမြို့သို့ရောက်ရှိပြီး သုံးရက်တိုင်တိုင် အပူ ဇော်ခံယူသည်။ ယင်းနောက် သတ်မှတ်အစီအစဉ်အတိုင်း ဒေသစာရီကြွချီပြီး လပြည့်ကျော် ၃ ရက်တွင် ကျောင်းတော်ဝင်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။

စာရေးသူသည် ယခင်ကအင်းလေးဖောင်တော်ဦး ဘုရားပွဲကို အကြောင်းအမျိုးမျိုးကြောင့် မရောက်ရှိ ခဲ့၍ နီးလျက်နှင့်ဝေးနေသောကြောင့် ဖောင်တော်ဦး ရုပ်ပွားတော်များ ညောင်ရွှေမြို့သို့ ရောက်ရှိသည့် သီတင်းကျွတ်လဆန်း ၇ ရက်နေ့အမီ လဆန်း ၆ ရက်နေ့က တောင်ကြီးမြို့သို့ကြိုထွက်ခဲ့ပြီး ညအိပ်ရပ်နား ကာ နောက်နေ့ လဆန်း ၇ ရက် နံနက်စောစော တောင်ကြီးမှ ညောင်ရွှေမြို့နယ်သို့ ဖောင်တော်ဦးရုပ်ပွား တော်များ ပင့်ဆောင်လာသည့် ဖောင်တော်ဆိုက်ချိန်အမီ သွားရောက်ခဲ့ပါသည်။ စာရေးသူရောက်ရှိချိန်တွင် ရုပ်ပွား တော်များ ကြိုဆိုပူဇော်ကြသည့် ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များဖြင့် ကမ်းလုံးညွတ်မျှ တိုးမပေါက် အောင်စည်ကားနေပါသည်။ များမကြာမီမှာပင် ဖောင်တော်ဦးရုပ်ပွားတော်များ ပင့်ဆောင်လာသည့် ကရဝိက်ဖောင်အား လက်ဖြင့်မလှော် ခြေဖြင့်လှော်သည့် ဆွဲလှေများရောက်ရှိလာပြီး နောက်တွင် ကရဝိက် ဖောင်တော်ကြီးကို ဘွားကနဲမြင်တွေ့လိုက်ရချိန်တွင် ရင်ထဲ၌ ဖော်မပြတတ်အောင်ပင် ကြည်ညိုမိပါသည်။

ယင်းနောက် ဖောင်တော်ဆိုက်ပြာသာဒ်တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဝေါယာဉ်ဖြင့် ပင့်ဆောင်ပြီး ပန်းကနုတ်များ တန်ဆာဆင်ထား သည့် ယာဉ်များဖြင့် ယာယီကိန်းဝပ်စံပယ်တော်မူမည့် စံကျောင်းတော်သို့ သတ်မှတ်လမ်းကြောင်းအတိုင်း ပင့်ဆောင်ကြရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကြက်ပျံမကျအောင် ပြည်သူအများက ကြည်ညိုပူဇော်ကြ သည်မှာလည်း "သဒ္ဓါမချို့လေတဲ့မြန်မာတို့တွေရယ်" သီချင်းကိုသတိရမိပါသည်။ ရုပ်ပွားတော်များ စံကျောင်း တော်သို့ ရောက်ရှိပြီးအချိန်လောက်တွင် အင်းသား တိုင်းရင်းသားများ၏ သဒ္ဓါတရားကိုဖော်ညွှန်းသည့် လပြည့်၊ လကွယ်နှင့် ဥပုသ်နေ့များတွင် ဆွမ်းပို့ဟန် သရုပ် ပြကွက်များဖြင့်**(အပေါ်ပုံ)**ပြသကြပြီး နောက် အင်းသား တိုင်းရင်းသားများ တစ်နှစ်ပတ်လုံး အားမွေးထားသည့် လက်ဖြင့်မလှော် ခြေဖြင့်လှော်သည့် သူနိုင်ကိုယ်နိုင် အပြိုင်နွှဲ အင်းသားရိုးရာလှေပြိုင်ပွဲကြီး စတင်ပါတော့ သည်။ အမျိုးသား အမျိုးသမီး နှစ်ဆယ်တက်၊ လေးဆယ့် ခြောက်တက်နှင့် ရာကျော်လှေပြိုင်ပွဲများကို မြင်ရသူအဖို့ အံ့သြစွာဖြင့် အင်းသားတို့၏စည်းလုံးညီညွတ်မှုအားနှင့် ပန်းတိုင်အရောက်မလျှော့သော်ဇွဲလုံ့လများအား မြင်တွေ့ ရမည်ဖြစ်ပေသည်။ အားပေးကြသည့် သူများကလည်း ယဉ်ကျေးသိမ်မွေ့စွာ မိမိကျေးရွာကိုယ်စားပြု လှေအသင်း များကို အားပေးသည့်အသံများမှာလည်း ဘဝင်တိုင် အောင် ညံစီနေပေသည်။ ထို့ကြောင့် ကမ္ဘာကျော်သည့် အင်းလေးရိုးရာ လှေပြိုင်ပွဲဖြစ်ခဲ့ရပါသည်။ ပြိုင်ပွဲပြီး ဆုံးပြီးချိန်တွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဆုရသည့် ကျေးရွာကိုယ်စားပြုအဖွဲ့များ အောင်ပွဲခံနေသည်မှာလည်း ကြည့်မဝအောင်ဖြစ်ခဲ့ရပါသည်။ ရွှေပွဲလာဧည့်ပရိသတ် များမှာလည်း လှေပြိုင်ပွဲပြီးဆုံးချိန်တွင် စက်လှေ ကိုယ်စီငှားပြီး ဖောင်တော်ဦးကျောင်းတော်သို့လည်းကောင်း၊ အလိုတော်ပေါက်ဘုရားသို့လည်းကောင်း၊ အချို့သည် လည်း အင်းလေးဒေသအနှံ့အပြားသို့ စက်လှေကြီးငယ် အသွယ်သွယ်ဖြင့် အသီးသီး ဥဒဟို သွားရောက်၍ ဘုရား ဖူးကြသည်။ အင်းလေးဖောင်တော်ဦးဘုရားပွဲ၏ အတွေ့ အကြုံအနည်းငယ်လေးကို တင်ပြရခြင်းဖြစ်ပါ၍ စာဖွဲ့ရ သော် ရေးမမီသည့် တေးပန်းချီဖြစ်ပါမည်။

မည်သို့ပင်ဆိုစေကာမူ ကမ္ဘာတည်သရွေ့ မြန်မာပြည် ကြီးတည်ရှိနေပြီး အင်းလေးကန်ကြီးမှာလည်း မတိမ်ကော မပျောက်ကွယ်ဘဲ ထာဝရတည်ရှိနေမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမ များ ၊ ပြည်ပမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် မကြာမီကျင်းပတော့မည့် အင်းလေးဒေသ ဖောင်တော်ဦး ဘုရားပွဲတော်ကို တူယှဉ်နွှဲပျော်ကြရန် လှမ်းလို့ကြိုနေ သွေးချင်းတို့ဌာနေ တောင်ပေါ်မြေမှ ဖိတ်ခေါ်လိုက် ရပေသည်။ ။

**မိုးလွင်ဦး(လှိုင်လင်)**

## ပြည်ပမှတင်သွင်းမှုများပြားလာသော်လည်း ဝန်းသိုမြို့နယ်၌ ပန်းပဲဖိုလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နေ

**ဝန်းသို စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသို မြို့နယ်တွင် ပြည်ပမှလယ်ယာသုံးပစ္စည်းများ တင်သွင်းမှုများပြားလာသော်လည်း မြန်မာ့ရိုးရာ လက်မှုပညာဖြစ်သော ပန်းပဲလုပ်ငန်းများ တွင်တွင် ကျယ်ကျယ် လုပ်ကိုင်နေရဆဲဖြစ်ကြောင်း သိရ သည်။

"ကျွန်တော်တို့ ဝန်းသိုမြို့နယ် ရွာသစ်ကုန်း ကျေးရွာမှာ ပန်းပဲလုပ်ငန်း ငါးခုနဲ့မြကန်သာ ရပ်ကွက်မှာ တစ်ခုရှိပါတယ်။ ကျွန်တော်ကတော့ ဓားလုပ်ငန်းတစ်ခုတည်းကိုပဲ အဓိကထားလုပ်ကိုင် ပါတယ်။ ကျန်ပန်းပဲဖိုတွေကတော့ ပုဆိန်၊ တူးရွင်း ပြားတွေ ထုတ်လုပ်ကြပါတယ်။ ဒါကလည်း ကျွန်တော်တို့ မြို့နယ်မှာတောတောင်တွေရှိတော့ ထင်းခုတ်တာတို့၊ တောင်ယာခုတ်တာတို့ကို ဓား၊ ပုဆိန်တို့နဲ့ အများဆုံး အသုံးပြုရတာကြောင့် တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နေရတာ ဖြစ်ပါ တယ်"ဟု ရွာသစ်ကုန်းကျေးရွာက ပန်းပဲလုပ်ငန်း လုပ်ကိုင်သူ ဦးခင်မောင်က ပြောသည်။

ယခင်ကတည်းက ဝန်းသိုမြို့နယ်တွင် ပန်းပဲဖိုထွက် လယ်ယာသုံးပစ္စည်းများ၊ ပေါက်ပြား၊ ဂေါ်ပြား၊ ထယ်သွားများအား သံအကောင်းများနှင့် မီးနာအောင်လုပ်ပေးခြင်း၊ ကြာရှည်သုံးစွဲနိုင်ရန် အာမခံ၍ လုပ်ပေးရခြင်းတို့ကြောင့် ဝယ်ယူသုံးစွဲမှု များရှိခဲ့ပြီး ယခုနောက်ပိုင်းတွင်ပြည်ပမှတင်သွင်း သော ပစ္စည်းများသည် ဈေးနှုန်းသက်သာခြင်း ကြောင့် ဝယ်ယူသုံးစွဲသူများပြားလာသည့်အတွက် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ခြင်းမရှိဘဲ ဒေသခံများ အသုံးပြုမှုများသည့် ဓား၊ ပုဆိန်၊ တူးရွင်းပြားများအား လုပ်ကိုင်လာကြခြင်းဖြစ် သည်ဟု သိရသည်။

**စိုင်းကျော်ကျော် ( စိုင်းလူမင်း )**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက အမှတ်(၁၀) လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်မင်းဟန် ဦးစီးသည့် တပ်ဖွဲ့ဝင် ၅၀ တို့က သာယာဝတီမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် ဒုတိယရဲမှူး စန်းနိုင်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင် ၅၀ တို့က ပြည်မြို့ပြည်သူ့ဆေးရုံကြီးတို့တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မန္တလေးမြို့တော် စည်ပင်မှ စည်းကမ်းမဲ့သူများအား ဒဏ်ရိုက်အရေးယူ

**မန္တလေး စက်တင်ဘာ ၂၉**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ် ခြောက်မြို့နယ် အတွင်းရှိ ဆီစစ်ကန်မထားရှိခဲ့သည့် စားသောက်ဆိုင်များ၊ စည်းကမ်းမဲ့ ကျူးကျော်ဆိုင်များ၊ ကွန်ကရစ်မြောင်းဖုံးအခိုင်အမာ ဖုံးအုပ်ထားသည့် နေအိမ်များ၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများနှင့် စည်းကမ်းမဲ့တိရစ္ဆာန်



လွှတ်ကျောင်းသူများအား ဒဏ်ရိုက်အရေးယူမှုများပြုလုပ်ခဲ့ကြောင်း သန့်ရှင်းရေး ဌာနမှ ဌာနခွဲမှူး ဦးစိုးတင့်အောင်က ပြောသည်။

"ကျန်းမာမှုနဲ့ပြည့်ဝတဲ့ မြို့တော်ဖြစ်စေရေးဆောင်ရွက်နေတဲ့အချိန်မှာ အစားအသောက်တွေအနေနဲ့ စွန့်ပစ်ပစ္စည်းတွေကိုစနစ်တကျစွန့်ပစ်ဖို့လိုအပ်ပါ တယ်။ အဲဒီထဲကမှ ဆီစစ်ကန်မထားရှိဘဲ ရေမြောင်းထဲကို စားကြွင်းစားကျန်တွေ တိုက်ရိုက်စွန့်ပစ်မှုတွေရှိနေတဲ့အတွက် ခေါ်ယူသတိပေးဒဏ်ရိုက်အရေးယူမှု တွေ ဆောင်ရွက်ခဲ့ပါတယ်။ စားသောက်ဆိုင်တိုင်းမှာ ဆီစစ်ကန်ထားရှိဖို့ ခေါ်ယူအသိပေးပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပလက်ဖောင်းအပေါ်ထိ ကျူးကျော်ဖွင့်လှစ်တဲ့ဆိုင်တွေ၊ နေအိမ်ရှေ့ မြောင်းဖုံးတွေကို ကွန်ကရစ်နဲ့ အခိုင်အမာပြုလုပ်ထားတဲ့အိမ်တွေ၊ စည်းကမ်းမဲ့တိရစ္ဆာန်လွှတ်ကျောင်းနေမှု တွေစတာတွေကိုလည်း စစ်ဆေးအရေးယူဒဏ်ရိုက်တာတွေ ဆောင်ရွက် လျက်ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန အနေဖြင့် စားသောက်ဆိုင်များတွင် ဆီစစ်ကန်ထားရှိမှုမရှိသဖြင့် ဆိုင်ခန်းပေါင်း ၉၀ ကျော်ကိုလည်းကောင်း၊ ကွန်ကရစ်မြောင်းဖုံးများ အခိုင်အမာ ဖုံးအုပ် ထားသဖြင့် မြောင်းဆယ်ယူရန်ခက်ခဲသည့်နေအိမ် ၂၅ လုံးကိုလည်းကောင်း စစ်ဆေးအရေးယူဒဏ်ရိုက်မှုများ ပြုလုပ်ခဲ့သည်။ အလားတူ စည်းကမ်းမဲ့ကျူးကျော် ဆိုင်ပေါင်း ၂၁၂ ဆိုင်၊ အမှိုက်ပစ်ချိန်အားသတ်မှတ်ထားသည့် အချိန်အတွင်း မစွန့်ပစ်ဘဲစည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူ ၄၉ ဦးနှင့် စည်းကမ်းမဲ့တိရစ္ဆာန်များ လွှတ်ကျောင်းသူတို့အား စိစစ်၍ ဒဏ်ရိုက်အရေးယူဆောင်ရွက်မှုများ ပြုလုပ် ခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန အနေဖြင့် စည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်အတွင်းဆီစစ်ကန်မထား ရှိခဲ့သည့်စားသောက်ဆိုင်များ (ဆိုင်အရွယ်အစားပေါ်မူတည်၍) စည်းကမ်းမဲ့ ကျူးကျော်ဆိုင်များ၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများနှင့် စည်းကမ်းမဲ့ တိရစ္ဆာန်လွှတ်ကျောင်းသူများအား ဒဏ်ကြေးငွေကျပ် ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ဒဏ်ရိုက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုမြင့်(မန္တလေး)**

## လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်း

**လားရှိုး စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးတွင် (၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ခဲ့ သည်။

စုပေါင်းသွေးလှူဒါန်းရာတွင် ရဲတပ်ဖွဲ့ဝင်အရာရှိ၊အခြားအဆင့် ၁၈ ဦး၊စာရေးဝန်ထမ်း တစ်ဦး၊ မိသားစုဝင်တစ်ဦး စုစုပေါင်း ၂၀တို့က သွေး အမျိုးအစားပေါင်းစုံ လှူဒါန်းခဲ့ကြပြီး သွေးလှူဒါန်းသူတပ်ဖွဲ့ဝင်၊ စာရေး ဝန်ထမ်း၊ မိသားစုဝင်များအား ရဲမှူးကြီး အောင်မြတ်မိုးက တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

ပြန်လည်ထူထောင်ရေး

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် နေပြည်တော်(ရုံးချုပ်)၌ အလှူငွေလက်ခံရရှိမှုမရှိသော်လည်း Consulate General of the Republic of the Union of Myanmar, Nanning City မှ အမေရိကန်ဒေါ်လာ ၁၅၂၆၇၆ ဒသမ ၀၆၊ Royal Thai Embassy မှ အမေရိကန်ဒေါ်လာ ၁၃၈၅၄၉ ဒသမ ၀၅ ကို နိုင်ငံခြား အလှူငွေစာရင်းအမှတ် (1DA-0300086) သို့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၉၁၂၂၅ ဒသမ ၁၁ ကို တိုက်ရိုက်ထည့်သွင်းလှူဒါန်းသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၇၉၉၉၀၀၃၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၀၈၅၂၂၀ ဒသမ ၈၀၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကလေးဒေသတွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရန် ရေမျောသစ်တုံးများ ဖယ်ရှား

**ကလေး စက်တင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးသည် စက်တင်ဘာ ၂၈ ရက်တွင် ကလေးမြို့နယ် ဇင်းကလင်း၊ ပေါက်ခုံနှင့် ရေလဲဦးကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်းများ လွယ်ကူချောမွေ့စွာ ပြန်လည်သွားလာနိုင်ရေး အတွက် လမ်းဘေး ဝဲ/ယာရှိ ရေမျော သစ်တုံးများ ရှင်းလင်းခြင်းလုပ်ငန်းနှင့် ပျက်စီးသွားသော လယ်မြေများ အတွင်း သစ်တုံးသစ်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းအား သွားရောက်၍ ကွင်းဆင်းကြည့်ရှုခဲ့သည်။



အဆိုပါ ရေမျောသစ်တုံးများမှာ လွန်ခဲ့သော ဇူလိုင်လနှင့် ဩဂုတ် လအတွင်း ကလေးဒေသရေကြီးမှု ဖြစ်စဉ်က မျောပါတင်ကျန်ခဲ့သော သစ်တုံးများဖြစ်ပြီး ပျက်စီးလယ်မြေ များအတွင်း အစားထိုးသီးနှံဖြစ် သည့် ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ၎င်းသစ်တုံး များကို နယ်မြေခံတပ်မတော်သားများ ပါဝင်သည့် ပူးပေါင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စက် ယန္တရားများဖြင့် ရှင်းလင်းခဲ့ကြ ကြောင်း သိရှိရသည်။

**ဝုန်လွန်း(ခရိုင်ပြန်/ဆက်)** ■

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ဘဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေ(၁)ခေါက်ဖြင့် ရေသန့်ဆေးဘူး၊ စောင်၊ ဘီစကွတ်၊ ဆေးမျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဇူလိုင်လအတွင်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပျက်စီးခဲ့သော ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ ဟဲနတံတား ပေ ၁၀၀ နှစ်လွှာတစ်ထပ် ဘေလီတံတား ဆောင်ရွက်ပြီးစီးပြီး ယာဉ်များဖြတ်သန်းနေစဉ်။ *(ဆောက်လုပ်ရေး)*



ဇွန်လနှင့် ဇူလိုင်လအတွင်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးခဲ့သော သံတွဲ-ဂွလမ်းမိုင် (၂၆/၇)-(၂၇/၀) ကြားတံတားအမှတ် (၁၀/၂၇) ပေ ၁၄၀ ရှည် တစ်လွှာတစ်ထပ်ဘေလီတံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ ဆောက်လုပ်ရေး)



ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပျက်စီးခဲ့သော တာလေ-ပါသျှိုး-ကျိုင်းလပ်လမ်းတံတားအမှတ် (၁/၁၈)ဝမ်မီးမိုင်တံတားအား**130 ft bailey bridge (90DS+ 40SS)** တည်ဆောက်ပြီးစီး၍ မော်တော်ယာဉ်များဖြတ်သန်းနေစဉ်။ *(ဆောက်လုပ်ရေး)*



ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်း ပျက်စီးခဲ့သော ဖဲ-စေတုတ္တရာ လမ်းပေါ်ရှိ မန်းချောင်းတံတား ယာယီဘေလီတံတား တည်ဆောက်ပြီး၍ ယာဉ်များဖြတ်သန်းနေစဉ်။ *(ဆောက်လုပ်ရေး)*

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

# ဝေနံမြစ်ရေ စိုးရိမ်ရေအမှတ်အောက်ရောက်ရှိ၍ မြသိန်းတန်ဘုရားပွဲ ပိုမိုစည်ကား

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၉**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ဝေနံမြစ်ရေသည် စက်တင်ဘာ ၂၈ ရက်က စိုးရိမ်ရေအမှတ်အောက် ပေ၀က်ခန့် ပြန်လည်ကျဆင်းခဲ့ပြီး ကုန်းပြင်တိုက်နယ်ဒေသရှိ မြသိန်းတန်စေတီဘုရားပွဲသို့ ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ လာရောက်ကြသဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။**(ယာပုံ)**



အဆိုပါ သမိုင်းဝင်မြသိန်းတန်စေတီကို သန်လျင်မြို့စားနှင့် ရခိုင်ဘုရင်မင်းစောထွတ်တို့၏ သမီးတော်စောသန္တာတို့မှ မွေးဖွားသော မောင်တော်နန္ဒာဘယနှင့် နှမတော်သုပဘာဒေဝီတို့က ခရစ်နှစ် ၁၆၂၇ ခုနှစ်က အဆိုပါဒေသတွင် ယာယီနန်းစိုက်စံမြန်းခဲ့စဉ် မြသိန်းတန်စေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အထိ နှစ်ပေါင်း ၃၈၈ နှစ်တိုင် ဘုရားဂေါပကအဖွဲ့ အဆက်ဆက်မှ နှစ်စဉ်အစဉ်အလာမပျက် တော်သလင်းလဆန်း ၁၃ ရက်နေ့မှ လပြည့်နေထိ ၃ ရက်တိုင် ဘုရားပွဲကျင်းပခဲ့ကြောင်း၊ ကျေးရွာအုပ်စုဘောလုံးပြိုင်ပွဲ၊ ရိုးရာလှေပြိုင်ပွဲ၊ ဇာတ်သဘင်ပွဲ၊ ဈေးရောင်းပွဲ စသည့်အထိမ်းအမှတ်ပွဲတော်များအပြင် ကြေးနီပိဋကတ်တိုက်လည်း အဆိုပါပွဲတော်ရက်များအတွင်း ဖွင့်လှစ်ထားရာ လေ့လာနိုင်သဖြင့် နှစ်စဉ်စည်ကားခဲ့ကြောင်း၊ ယခုနှစ်တွင် လပြည့်ရက်အတွင်း ဝေနံမြစ်ရေနှင့် ရခိုင်ရိုးမတောင်ခြေမှ ဝေနံမြစ်အတွင်း စီးဆင်းသောသီတာချောင်းရေမှာ ထူးခြားစွာကျဆင်းနည်းပါးခဲ့ပြီး ကုန်လမ်း၊ ရေလမ်းမှ လာရောက်ဘုရားဖူးမြော်သောပြည်သူများဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း ဂေါပက အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **စိုးမင်းဦး(မြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးတွင် ရေဘေးကိုကျော်လွှားအောင်မြင်

**သတင်း - ပိန်းဇလုပ်သိန်းညွန့်၊ ကိုကိုနေ**
**ဓာတ်ပုံ - ရာမည**

မုတ်သုံမိုးကား မြန်မာနိုင်ငံအတွင်းမှ ဆုတ်ခွာသွားပြီဖြစ်ချေသည်။ ယခုနှစ်မုတ်သုံရာသီအတွင်း ခါးသီးသောသဘာဝဘေးအန္တရာယ်ကို မြန်မာနိုင်ငံနေရာဒေသအတော်များများတွင် ကြုံတွေ့ခံစားခဲ့ကြရသည်။ ရေဘေးသင့်ဒေသများသို့ ဌာနဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီထောက်ပံ့မှုများပြုလုပ်ခဲ့ကြသည်ကို အားရဖွယ်တွေ့မြင်ကြားသိခဲ့ရသည်။ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုများပြားသည့် ဒေသများရှိသကဲ့သို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ လက်တွဲညီနိုင်းပူးပေါင်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများကြောင့် သဘာဝရေဘေးအန္တရာယ်မှ ဆုံးရှုံးမှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်ခဲ့သည်များလည်းရှိခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး၊ အင်းတကော်အစရှိသောဒေသများတွင် ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ အသက်သာဆုံး အခြေအနေရောက်အောင် စွမ်းဆောင်ခဲ့ရုံမျှမက အထက်မြန်မာပြည်တစ်လွှား ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် စပါးစိုက်လယ်ယာမြေများ ဆုံးရှုံးပျက်စီးခဲ့သော်လည်း ယင်းကွက်လပ်ကိုဖြည့်ဆည်းပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူတို့ပူးပေါင်း၍ ကွက်ပြည့်ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ရေဆွဲအားကောင်းအောင် တူးဖော်ပေးထားသည့် ရေနုတ်မြောင်းကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း လာမည့်နှစ်များတွင်လည်း ယခုနှစ်ကဲ့သို့ပင် ရေလွှမ်းမိုးမှုဖြစ်စဉ်များ ပိုမိုလျော့ပါးသွားစေရေး တောင်သူများ၏ လိုအပ်ချက်၊ လိုလားချက်များ၊ အကြံပြုမှုများရှိနေခဲ့ရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိုင်တုံ(၁)ရေနုတ်မြောင်းကို ရေဆွဲအားကောင်းအောင် တူးဖော်ပေးလိုက်တဲ့အတွက် အရင်ကနှစ်စဉ်ကြုံခဲ့ရတဲ့လယ်မြေတွေ ရေကြီးနစ်မြုပ်မှုမှကင်းဝေးသွားပြီး စိုက်ရပျိုးရတာ အဆင်ပြေလာတယ်။ နောက် အဘတို့ကျောက်တံခါးမြို့နယ်မှာ ၂၀၀၆ ခုနှစ်က ရဲနွယ်ရေလှောင်တမံကို ဖွင့်လှစ်ပေးခဲ့တယ်။ ရည်ရွယ်ချက်ကတော့ ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးဖို့နဲ့ ဒေသအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးဖို့၊ တောင်သူတွေအတွက် စိုက်ပျိုးရေပေးဝေနိုင်ဖို့ဖြစ်တယ်လို့ အဲဒီဆည်ဖွင့်ပွဲကို တက်ရောက်ခဲ့စဉ်တုန်းက ကြားသိခဲ့ရပါတယ်။ အခုအချိန်ထိ ရေလွှမ်းမိုးမှုကာကွယ်ဖို့နဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးတဲ့ အကျိုးရလဒ်တွေ တွေ့မြင်ရပေမယ့် တောင်သူတွေအတွက် စိုက်ပျိုးရေရရှိမှုကိုတော့ မခံစားရသေးပါဘူး။ နွေစပါးအတွက် စိုက်ပျိုးရေပါအဆင်ပြေအောင်လုပ်ပေးရင် ကောင်းမယ်လို့ထင်ပါတယ်" ဟု ကျောက်တံခါးမြို့နယ် ကွင်းမြောက်ရပ်ကွက်မှ တောင်သူ ဦးသံချောင်းက ဒေသ၏လိုအပ်ချက်နှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ညောင်လေးပင်မြို့နယ် အင်ကုန်းကျေးရွာမှ ဒေသခံတောင်သူ ဦးစောရွှေသန်းကမူ "ကလန်စိန်ရိုးခေါ် ဖထောင်ရိုး ရေနုတ်ချောင်းဟာ တိမ်ကောပြီး အရင်နှစ်တွေက စိုက်ပျိုးဧက ၉၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ပါတယ်။ ၂၀၁၅ မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ဒီချောင်းရိုးရဲ့ အရှည်နှစ်မိုင်ကိုတူးဖော်ခဲ့ပြီး ကျန်နေတဲ့ ချောင်းပိုင်းအရှည် ပေ ၂၇၀၀ ကို တောင်သူများ စုပေါင်းပြီး ငွေကျပ် ၁၀ သိန်း အကုန်အကျခံကာ မြို့နယ်ဆည်မြောင်းဦးစီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး တစ်ဆက်တည်း တူးဖော်ခဲ့ပါတယ်။ ဒီနှစ်မိုးကြီးပြီး ရေလျှံမှုတွေဖြစ်တာ သာမန်နှစ်တွေထက်ပိုများပေမယ့် ဒီချောင်းရိုးတူးဖော်လိုက်လို့ အချိန်တိုအတွင်းရေကျဆင်းပြီး လယ်မြေတွေထိခိုက်မှုမရှိခဲ့ပါဘူး" ဟု ချောင်းရိုးတူးဖော်မှု၏ အရေးပါပုံကို ပြောကြားခဲ့သည်။

ညောင်လေးပင်မြို့နယ်အတွင်း ရထားလမ်း၊ ကားလမ်းနံဘေးဝဲ၊ ယာရှိ လယ်မြေတွေက မလိုအပ်သည့်ရေများအားထုတ်နုတ်ပေးသော ရုက္ခမူ(ချိန်းချောင်း)နှင့်ပတ်သက်၍ ယင်းချောင်းအား ၁၈၈၃-၈၄ ခုနှစ်က တူးဖော်ခဲ့ပြီး အရှည် ၃၈ မိုင်ကျော်ရှိကြောင်း၊ ယင်းရေနုတ်ချောင်းမှာ သက်တမ်းနှစ်ပေါင်း ၁၀၀ ကျော်လာပြီဖြစ်၍ ချောင်းတိမ်ကောပြီး ရေထုတ်နုတ်မှုနှေးကွေးနေကြောင်း၊ ချောင်းတစ်လျှောက်ကမ်းနဖူး၌ ကျေးရွာများ၊ လူနေအိမ်များ တည်ဆောက်နေထိုင်နေကြကြောင်း၊ ချိန်းချောင်းကိုဖြတ်၍ အမာခံတံတားကြီးများ တည်ဆောက်ထားကြောင်း၊ ချောင်းအရှည် ၃၈ မိုင်အနက် ခုနစ်မိုင်ခန့်မှာ ပင်လယ်ဒီရေတက်ချိန် ချောင်းရေစီးဆင်းမှုကို ဟန့်တားနေသည်များလည်းရှိကြောင်း၊ ထို့ကြောင့် ယင်းချောင်းအား ပြန်လည်တူးဖော်မည်ဆိုပါက အခက်အခဲများရှိနိုင်သော်လည်း ယင်းအခက်အခဲများမှ သက်သာစေရန် လုပ်ဆောင်နိုင်သည်များနှင့် ပတ်သက်၍ "ကျွန်တော်တို့အင်ကုန်းကျေးရွာမြောက်ဘက်(၁၅၀-ခ)ကွင်းမှာ စစ်တောင်းမြစ်ထဲကို အရှည်တစ်မိုင်ခွဲလောက် ရေထုတ်မြောင်းနဲ့ ရေထုတ်တံတားတစ်ခုပြုလုပ်ပေးပြီး အီနေတဲ့ရေတွေကို ဖြတ်ထုတ်နုတ်ပေးမယ်ဆိုရင် ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်တွေရဲ့ ရေကြီးနှုန်းနဲ့ ရေစီးနှုန်းကို အချိန်တိုအတွင်းမှာ ထုတ်နုတ်လျှော့ကျလာနိုင်မယ်လို့ ဒေသခံတစ်ဦးအနေနဲ့ မြေနိမ့်ကွင်းပိုင် လယ်သမားတွေကိုယ်စား အကြံပေးလိုပါတယ်။ ဒီလိုလုပ်ပေးနိုင်ရင် နိုင်ငံတော်အတွက် ငွေကြေးအကုန်အကျ နည်းပါးသွားမှာဖြစ်သလို မြေနိမ့်ပိုင်းလယ်ယာမြေကတောင်သူတွေလည်း အချိန်နဲ့တစ်ပြေးညီ စိုက်ပျိုးနိုင်လို့ လယ်သမားဘဝတိုးတက်ဖို့ အထောက်အကူဖြစ်နိုင်တယ်လို့ ထင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီမှာ ဒရယ်မီးချောင်းအထက်ပိုင်း ၁၀၃ ချောင်း၊ အကြောင်ချောင်း၊ ဂုံညင်းတန်းချောင်း အစရှိတဲ့ ချောင်းလေးချောင်း တူးဖော်ပေးခဲ့တယ်။ ဒရယ်မီးချောင်းမတူးဖော်ခင်က ဒိုက်ဦးမြို့ထဲမှာ နှစ်စဉ် ၁၅ ရက်၊ ရက် ၂၀ လောက် ရေဝင်ခဲ့တယ်။ ဒီနှစ်မှာ တစ်ရက်တည်း ရေဝင်ခဲ့တယ်။ ဒီချောင်းကိုတူးဖော်လို့ ရေဝင်တာကို ကာကွယ်နိုင်ခဲ့တဲ့အပြင် လယ်ဧက ၃၅၀၀ လောက်ရဲ့စိုက်ပျိုးရေးကိုလည်း အထောက်အပံ့ဖြစ်စေပါတယ်။ ကျန်တဲ့ ၁၀၃ ချောင်း၊ အကြောင်ချောင်း၊ ဂုံညင်းတန်းချောင်းတွေကတော့ လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမရှိစေရေးအတွက်ပါ။ မနှစ်က ရက်ရှည်ရေလွှမ်းမှုတွေကြုံရပေမယ့် ဒီနှစ်မှာ ရက်တိုသာရေကြီးပြီး ပြန်ကျသွားတော့ စပါးမသေတော့ဘူး။ အရင်က တစ်ပြန်၊ နှစ်ပြန်ပျိုးထောင်ရပေမယ့် ဒီနှစ်မှာ နှစ်ခါ၊ သုံးခါပြန်စိုက်စရာမလိုတော့ဘူး။ ရေနုတ်အားတော်တော်ကောင်းသွားတယ်" ဟု ဒိုက်ဦးမြို့ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မျိုးနိုင်က ရှင်းပြသည်။

"ကျွန်တော်တို့နယ်မြေထဲမှာ စစ်တောင်းမြစ်လယ်က ထွန်းနေတဲ့သောင်တစ်ခုရှိတယ်။ ကျွန်တော်တို့ဘက်က တာတမံတွေကို အန္တရာယ်ပေးလာမယ့် ဒီသောင်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ဆည်မြောင်း တိုင်ပင်ပြီး မိုးမကျမီ တစ်လလောက်မှာ ကြိုတင်ဖြိုဖျက်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့နယ်မှာ တမံကျိုး၊ ရေကြီးမှုတွေ ဖြစ်ခြင်းမှ ကာကွယ်နိုင်ခဲ့တယ်။ ပြီးတော့ စစ်တောင်းမြစ်ကမ်းနံဘေးမှာ တောင်သူတွေကို ဒီနှစ် ဒီအချိန်မှာ ရေကြီးနိုင်တယ်။ စပါးကို ပုံမှန်အတိုင်းမစိုက်ဘဲ အခြေအနေတွေစောင့်ကြည့်ပြီးမှ စိုက်ဖို့၊ ရေမြုပ်ခံနိုင်တဲ့စပါးမျိုးတွေရွေးချယ်ပြီးစိုက်ဖို့ ကြိုတင်ကွင်းဆင်းတွေ့ဆုံမှုတွေလုပ်ခဲ့လို့ ဒီနှစ်မှာ ထောက်ပံ့ကြေးပေးရလောက်တဲ့ စပါးခင်းပျက်စီးဆုံးရှုံးမှုတွေ မရှိခဲ့ပါဘူး။ အထက်မြန်မာပြည်မှာပြန်မစိုက်နိုင်တဲ့ ကွက်လပ်ကိုဖြည့်ဆည်းနိုင်အောင်၊ ဒီကနေ့ပျက်သွားတယ်ဆိုတာမဖြစ်အောင်၊ အထွက်နှုန်းကောင်းအောင် တွန်းအားပေးစည်းရုံးတိုက်တွန်းခဲ့ပါတယ်" ဟု ညောင်လေးပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ပြောကြားခဲ့သည်။

တိုးပွားလာသောလူဦးရေနှင့်အညီ ရိက္ခာဆန်စပါးများလည်း တိုးတက်ထုတ်လုပ်ရမည်ဖြစ်သည်။ တစ်ချိန်က ရေလွှမ်းခဲ့သော လယ်မြေများသည် ရေထုတ်မြောင်းများ ပြန်လည်တူးဖော်ပေးခြင်းဖြင့် တစ်ဖန်ပြန်လည်သက်ဝင်လျက် ရိက္ခာစပါးများထုတ်လုပ်ရန် အဆင်သင့်ဖြစ်လာပြီဖြစ်သည်။ ယခုထက်ပိုမိုကောင်းမွန်သော အဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် လိုအပ်သောရေနုတ်မြောင်းများ စွမ်းအားမကျဆင်းအောင် တောင်သူလယ်သမားကြီးများက ပူးပေါင်းထိန်းသိမ်း၍ လိုအပ်နေသော မျိုးစပါး၊ မြေဩဇာ ထောက်ပံ့မှုများနှင့်အတူ အပယ်ခံလယ်မြေများ ရှေ့ရောင်လွှမ်းဖို့အရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားကြီးများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြပါကြောင်း။ ။

# “ရောဂါရှာဖွေတာရော၊ ဆေးဝါးကုသတာရော အခမဲ့ဆောင်ရွက်ပေးတယ်။ ဆေးဝန်ထမ်းတွေနဲ့ ဆရာဝန်တွေရဲ့ကုသဆောင်ရွက်မှုကို ကျေနပ်ပါတယ်”



## (ဆရာတော် ကုဋ္ဌဝန္တ)

**နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ခွဲစိတ်ခန်းနှင့် အထူးကြပ်မတ်ကုသဌာနကို စက်တင်ဘာ ၂၉ ရက် ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။**

သတင်း - ကျော်သူထက် ၊ဓာတ်ပုံ - တင်ထွန်းအောင်

အဆိုပါခွဲစိတ်ခန်းမကြီးတွင် ခွဲစိတ်ခန်းငယ် ငါးခန်းပါဝင်ပြီး နိုင်ငံတကာ အဆင့်မီ အဆင့်မြင့်ခွဲစိတ်မှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ယခင်က ခွဲစိတ်ခန်းငယ် လေးခုစီပါဝင်သည့် ခွဲစိတ်ခန်းကြီး နှစ်ခုသာရှိခဲ့ပြီး ယင်းခွဲစိတ်ခန်းများ၌ပင် အရေးပေါ် ခွဲစိတ်မှုနှင့် ရွေးချယ်ပြင်ဆင်ခွဲစိတ်မှုများကို ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။

ယခုအခါ ခွဲစိတ်ကုသရမည့်လူနာများအား ရောဂါရှာဖွေမှုလုပ်ငန်းစဉ်ပြီးသည်နှင့် အချိန်တိုအတွင်း ခွဲစိတ်နိုင်ရန် အရေးပေါ်ခွဲစိတ်မှုများကို ယခင်ခွဲစိတ်ခန်းကြီး နှစ်ခု၌သာ ပြုလုပ်သွားမည်ဖြစ်ပြီး ရွေးချယ်ပြင်ဆင်ခွဲစိတ်မှုများကို ယခုဖွင့်လှစ်လိုက်သည့် နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်းမကြီး၌ ဆောင်ရွက်မည် ဖြစ်သည်။

“ဒီခွဲစိတ်ခန်းအသစ်ကြီးမှာ အရိုးလူနာ၊ အခြားခွဲစိတ်လူနာ၊ သားဖွားမီးယပ် စတဲ့ လူနာတွေကို ခွဲစိတ်ဆောင်ရွက်ပေးနေပါပြီ။ အရင်က ခွဲစိတ်ခန်းငယ် လေးခန်းစီပါတဲ့ ခွဲစိတ်ခန်းကြီး နှစ်ခုမှာ အရေးပေါ်ခွဲစိတ်မှုနဲ့ ရွေးချယ်ပြင်ဆင် ခွဲစိတ်မှုတွေကို တွဲပြီးလုပ်ရတယ်။ အခု ဒီခွဲစိတ်ခန်းကြီးဖွင့်လိုက်တော့ ရွေးချယ်ပြင်ဆင်ခွဲစိတ်မှုတွေကို ဒီမှာပဲ လုပ်ဆောင်ပါတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက်ကြောင့် ရွေးချယ်ပြင်ဆင်ခွဲစိတ်မှုတွေအတွက် စောင့်ဆိုင်းရတဲ့ အချိန်နည်းသွားပါတယ်။ အဲဒီအတွက် လူနာတွေ အများကြီးအဆင်ပြေသွားတာပေါ့”ဟု မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာ နုနုငယ်က ပြောသည်။

ထို့အတူ နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ဆေးရုံကြီး၏ အရိုးနှင့်ထိခိုက်ဒဏ်ရာရဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာစည်သူကလည်း “ခွဲစိတ်ခန်းမကြီး ထပ်မံဖွင့်လှစ်လိုက်တဲ့အတွက် ခွဲစိတ်ခန်းတွေ အများကြီးရှိလာတယ်။ ထူးခြားတာက အရိုးအတွက် ပိုအဆင်ပြေတဲ့ ခွဲစိတ်ခန်းတစ်ခန်းပါတယ်။ အဲဒီမှာ နိုင်ငံတကာအဆင့်မီတဲ့ အရိုးအစားထိုး ခွဲစိတ်မှုတွေကို ပြုလုပ်နိုင်တော့မှာ ဖြစ်ပါတယ်။ အရင်က ခွဲစိတ်ခန်းမကြီးနှစ်ခုမှာ တစ်ပတ်ကို လေးရက်ခွဲရတယ်။ ဒီလိုခွဲပေမယ့်လည်း လူနာတွေက ခွဲဖို့စောင့်ရတာတွေ ရှိတယ်။ အခုတော့ ခွဲစိတ်ခန်း ငါးခန်းထပ်တိုးလာတဲ့အတွက် လူနာတွေ စောင့်ဆိုင်းရတဲ့အချိန်လည်း နည်းသွားတာပေါ့”ဟု ခွဲစိတ်ခန်းများ တိုးလာ၍ ခွဲစိတ်လူနာများအား ယခင်ကထက် ပိုမိုမြန်ဆန်စွာ ခွဲစိတ်ပေးနိုင်တော့မည် အခြေအနေကို ပြောပြသည်။

အဆိုပါ ခွဲစိတ်ခန်းမကြီးတွင် မှန်ပြောင်းဖြင့်ကြည့်၍ အနုစိတ်ခွဲစိတ်ရသည့် ခွဲစိတ်မှု၊ ဝမ်းဗိုက်အတွင်းနေရာများကို အချိန်အဆဖြင့် ပုံဖော်ရိုက်ကူးနိုင်သည့် စက်များ၊ နိုင်ငံတကာအဆင့်မီ အရိုးအစားထိုးကုသနိုင်သည့် ခွဲစိတ်ခန်းစသည်တို့ ပါဝင်သည့်အပြင် အထူးလေသန့်စင်သည့် စနစ်၊ မီးလုံခြုံရေးစနစ်၊ CCTV လုံခြုံရေးစနစ်၊ ဂက်စ်လိုင်းစနစ်များနှင့် လူနာရှင်များ စောင့်ဆိုင်းနိုင်မည့် ကျယ်ဝန်းသည့် လူနာစောင့်နေရာများလည်းပါရှိသည်။

“၂၀၀၆ ခုနှစ်တုန်းက အခြေခံ



ဒေါက်တာ နုနုငယ်။



ဒေါက်တာစည်သူ။



ဒေါက်တာနော်မာသေး။



ဒေါက်တာ စန်းစန်းမြင့်။

လိုအပ်ချက်တွေပြည့်စုံတဲ့ ခွဲစိတ်ခန်းပဲရှိပါတယ်။ အခုခွဲစိတ်ခန်းက နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်းဖြစ်တဲ့အတွက် ခွဲစိတ်ခန်းလိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ရနိုင်တဲ့အပြင် လုံခြုံစိတ်ချရမှုကလည်း ကောင်းပါတယ်။ ဒီခွဲစိတ်ဆောင်မှာ အဓိက ခွဲစိတ်ခန်း ငါးခုပါဝင်ပါတယ်။ အခြေခံကျန်းမာရေးလိုအပ်ချက်ရဲ့ အခန်းကဏ္ဍက အရေးကြီးပါတယ်။ ဒီလို ခွဲစိတ်ခန်းတွေကို နိုင်ငံတော်က ပံ့ပိုးပေးတာ အလွန်ကောင်းတဲ့ အစီအစဉ်ပါ။ လူနာတွေအတွက်လည်း ဝမ်းမြောက်စရာပါပဲ။ ဝန်ထမ်းတစ်ယောက်အနေနဲ့လည်း ဒီလိုနိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်းမှာ ခွဲစိတ်ပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်”ဟု ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနော်မာသေးက ဆိုသည်။

ထို့ပြင် “ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးမှာ နိုင်ငံတော်ကနေ ဆောင်ရွက်ပေးထားတဲ့ ကုသရေးဌာနတွေ အများကြီးရှိတဲ့အတွက် ရောဂါပေါင်းများစွာကို ကုသပေးနိုင်ပါတယ်။ ၂၀၀၆ ခုနှစ်ခန့်က အရေးပေါ်ဌာနဆိုတာ OPT ပဲရှိတယ်။ ၂၀၁၄ ခုနှစ်ကစပြီး အရေးပေါ်ကုသဆောင် ပြုလုပ်ပြီး အရေးပေါ်ကုသမှုတွေကို ဆောင်ရွက်ပေးနေပါတယ်။ လာသမျှလူနာအားလုံးကို အချိန်နဲ့တစ်ပြေးညီ လိုအပ်တဲ့ အထောက်အကူပြုပစ္စည်း ပြည့်ပြည့်စုံစုံနဲ့ အထူးကုဆရာဝန်ကြီးတွေကိုယ်တိုင် ကြီးကြပ်ပြီး အရေးပေါ်ကုသပေးနေပါတယ်။

အူကျပြီးလာတာ၊ အူခေါက်ပြီးလာတာ၊ အူအတက်ရောင်တာ၊ ဆက်သွယ်ရေးခက်တဲ့ နေရာတွေကနေ အစာအိမ်အူပေါက်ပြီး နောက်ကျပြီးမှ ရောက်လာတာတွေ၊ ကင်ဆာရောဂါအမျိုးမျိုးနဲ့ ကလေးရောဂါအမျိုးမျိုးကိုလည်း လိုအပ်ရင် လိုအပ်သလို အရေးပေါ်ကုသမှုတွေ ပေးနေပါတယ်။

ခွဲစိတ်လူနာတွေ အရေးပေါ်သွေးလိုအပ်မှုအတွက် သွေးဘဏ်မှာ သိုလှောင်ထားတဲ့ သွေးလည်းရှိပါတယ်။ အရေးပေါ်လိုတဲ့သွေးတွေကိုလည်း သွေးလှူရှင်တွေနဲ့ ချိတ်ဆက်ပြီးတော့ စိတ်ချရတဲ့ သွေးဖြစ်အောင် စစ်ဆေးပြီးမှ အသုံးပြုနိုင်အောင် ဆောင်ရွက်ထားရှိပါတယ်”ဟု နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး၏ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ပြောပြသည်။

နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသည် ၂၀၀၄ ခုနှစ်က ခုတင် (၃၀၀) ဆံ့ဆေးရုံအဆင့်သာရှိပြီး ၂၀၀၈ ခုနှစ် မတ်လတွင် ခုတင် (၁၀၀၀) ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့တည်ဆောက်ခဲ့ကာ အရာထမ်း ၁၈၇ ဦး၊ အမှုထမ်း ၅၈၉ ဦးဖြင့် လူနာများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိသည်။

“ဆေးရုံရဲ့ အဓိကရည်မှန်းချက်ကတော့ ကျန်းမာရေးဝန်ဆောင်မှု ကောင်းကောင်းဖြစ်ဖို့နဲ့ ဆေးရုံတက်တဲ့လူနာတွေစိုက်ထုတ်ရတဲ့ငွေပမာဏ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ဖို့ဖြစ်ပါတယ်”ဟု နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံ၏ ဆေးရုံအုပ်ကြီး ဒေါက်တာ စန်းစန်းမြင့်က ပြောသည်။

ထို့ပြင် ဆေးရုံအုပ်ကြီးက “ပြည်သူတွေ ဆေးရုံတက်တဲ့အခါ သူတို့စိုက်ထုတ်ရတဲ့ ငွေကြေးပမာဏ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့အတွက် တချို့သော ကျန်းမာရေးစောင့်ရှောက်မှုတွေကို အခမဲ့ဆောင်ရွက်ပေးပါတယ်။ တချို့ကိုတော့ စရိတ်မျှပေး ကျန်းမာရေးစနစ်ကို ကျင့်သုံးပါတယ်။

အခုအချိန်မှာ ဆေးရုံတိုင်းက အခမဲ့နီးပါး ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါမှာ နှစ်စဉ်တစ်နှစ်ထက်တစ်နှစ် လာပြတဲ့လူနာတွေ အလွန်များလာပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ဆေးရုံသို့ တက်ရောက်ကုသမှုခံယူသည့် ချို့တဲ့လူနာရှင်များအတွက် ထောက်ပံ့ပေးမှု အခြေအနေကိုလည်း ဆေးလူမှုဆက်ဆံရေးအရာရှိ ဒေါ်တင်တင်ဝင်းက “ခုတင် (၁၀၀၀) ဆေးရုံကို နေပြည်တော် ပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာအုပ်စုတွေ၊ ကျေးရွာတွေအပြင် တချို့မြို့နယ်တွေကလည်း လာရောက်ကုသမှု ခံယူကြပါတယ်။ လူနာတွေက ခုတင် ၁၀၀၀ ဆေးရုံမှာ အထူးကုဆရာဝန်ကြီးတွေနဲ့ စက်မှုပိုင်းဆိုင်ရာမှာ ပြည့်ပြည့်စုံစုံရှိတဲ့အတွက် အားကိုးတကြီးလာရောက်ကုသမှုခံယူကြတာလို့ ပြောကြပါတယ်။



ဒေါ်တင်တင်ဝင်း။



ဆရာဦးတင်မောင်ဆွေ။



ဒေါ်ချောကလျာသိန်း။

“အဲဒီထဲမှာ တော်တော်ချို့ချို့တဲ့တဲ့ဖြစ်တဲ့ လူနာတွေ ပါပါတယ်။ သူတို့တွေ ကုသမှုခံယူတဲ့အခါကျရင် ဆေးလူမှုဆက်ဆံရေးဌာနအနေနဲ့ အဲဒီလူနာတွေအတွက် လိုအပ်တဲ့ ဆေးကို နိုင်ငံတော်က အခမဲ့ပေးထားတဲ့ ဆေးတွေထဲမှာ မပါလို့ရှိရင် အပြင်ကဝယ်ပြီး ဆေးဝါးအကူအညီပေးပါတယ်။ နောက်ပြီး ထမင်း၊ အိုဗာတင်း၊ ကြက်ဥ၊ ကွေကာ စတာတွေကို သူတို့လိုအပ်သလောက် ထောက်ပံ့ပေးပါတယ်။ သူတို့ရောဂါပျောက်လို့ သူတို့ဒေသတွေကို ပြန်မယ်ဆိုရင်လည်း အပြန်ခရီးစရိတ်အတွက် ထောက်ပံ့ကူညီမှုတွေပေးပါတယ်။ ဘယ်လိုဖြစ်ဖြစ် ဆေးရုံရောက်လာတဲ့အခါမှာ တကယ်အခက်အခဲရှိနေတယ်ဆိုရင် အထောက်အထား စာရွက်စာတမ်းတွေ မလိုအပ်ပါဘူး။ ကူညီထောက်ပံ့ဆောင်ရွက်မှုတွေ အတတ်နိုင်ဆုံးပေးပါတယ်”ဟု ပြောသည်။

“ခွဲစိတ်ကုသပေးခဲ့တာ သက်သာနေပါပြီ။ ရောဂါရှာဖွေတာရော၊ ဆေးဝါးကုသတာရော အခမဲ့ဆောင်ရွက်ပေးတယ်။ ဆေးဝန်ထမ်းတွေနဲ့ ဆရာဝန်တွေရဲ့ ကုသစောင့်ရှောက်မှုကို ကျေနပ်ပါတယ်။ မတွေ့မကြုံမမြင်ဖူးတာတွေ မြင်ရကြားရပါတယ်။ နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီးမှာ ကောင်းတယ်ဆိုလို့ လာရောက်ကုသတာပါ။ အခုတော့ အားလုံးစိတ်ချမ်းသာနေကြပါပြီ”ဟု အသည်းမြစ်ပွားရောဂါကြောင့် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ တက်ရောက်ခွဲစိတ်ကုသမှု ခံယူနေသည့် ဆရာတော် ကုဋ္ဌဝန္တက မိန့်ကြားသည်။

ထို့အတူ ယာဉ်မတော်တဆမှုကြောင့် ခွဲစိတ်ကုသမှု ခံယူရမည့် နေပြည်တော် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာဦးတင်မောင်ဆွေကလည်း “ဒီဆေးရုံကို ယာဉ်မတော်တဆမှုဖြစ်လို့ ရောက်လာတာပါ။ ဆေးရုံကို ရောက်ရောက်ချင်း အရေးပေါ်ဌာနကို ခေါ်သွားပြီး လိုအပ်တဲ့ ဆေးစစ်ချက်တွေ၊ ကုသမှုတွေကို လုပ်ဆောင်ပေးပါတယ်။ ဆေးဝါးကုသမှုကို ဆရာဝန်ကြီးတွေ လိုအပ်သလို ဆောင်ရွက်ပေးနေပါတယ်။ ဆေးကုသမှုကုန်ကျစရိတ်ကိုတော့ အခမဲ့ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ အခုထိတော့ ဆေးဝယ်ရတာ မရှိသေးပါဘူး။ အခုအသစ်ဖွင့်လိုက်တဲ့ ခွဲစိတ်ခန်းမှာ ခွဲစိတ်ကုသရမှာဖြစ်ပါတယ်။ အခုလို ခွဲစိတ်ခန်းထပ်ဖွင့်လိုက်တော့ ခွဲစိတ်ရမယ့် လူနာတွေ အချိန်သိပ်မစောင့်ရတော့ဘူးပေါ့ဗျာ”ဟု ပြောသည်။

ခွဲစိတ်ကုသမည့် ညီမဖြစ်သူအား လူနာစောင့်လိုက်လာသည့်ရမည်းသင်းမြို့နေ အလယ်တန်းပြဆရာမ ဒေါ်ချောကလျာသိန်းကလည်း “ညီမမှာ အမျိုးသမီးရောဂါဖြစ်လို့ လာရောက်ခွဲစိတ်တာပါ။ ရမည်းသင်းဆေးရုံမှာလည်း သွားပြပါတယ်။ ရမည်းသင်းဆေးရုံကို အထင်မကြီးလို့မဟုတ်ပါဘူး။ နေပြည်တော်မှာ အထူးကုဆရာဝန်ကြီးတွေလည်း များတယ်၊ ပစ္စည်းကိရိယာတွေလည်း စုံတယ်ဆိုတော့ ဒီကို အားကိုးပြီးလာရောက်ကုသမှုခံယူတာပါ။ ကျွန်မတို့က ဝန်ထမ်းတွေဆိုတော့ ခွင့်အခက်အခဲရှိပါတယ်။ အခုလို မြန်မြန်ပဲ ခွဲစိတ်ကုသခွင့်ရတော့ ပိုအဆင်ပြေတာပေါ့။ ခွဲစိတ်ခန်းအသစ်ဖွင့်တဲ့အတွက် ခွဲစိတ်လူနာတွေ များများခွဲပေးနိုင်တော့ ခွဲဖို့စောင့်ရတဲ့သူတွေက ခွဲမယ့်ရက်ကို သိပ်မစောင့်ရတော့တာ တော်တော်အဆင်ပြေပါတယ်။ ကုသမှုအပိုင်းကိုလည်း အားရပါတယ်။ သွေးလိုအပ်ရင်လည်း အဆင်ပြေပါတယ်။ ပရဟိတအဖွဲ့တွေကလည်း ကူညီပါတယ်။ ခွဲဖို့အတွက် ငွေကြေးကုန်ကျမှု သိပ်ပြီးမရှိဘူး”ဟု ပြောသည်။

ယခုအခါ နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ဆေးရုံကြီးတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ လူနာများသာမက ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ လူနာများအပြင် နိုင်ငံတစ်ဝန်းမှလူနာများစွာတို့ အားကိုး အားထားပြုကာ လာရောက်ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

# လယ်ဝေးမြို့တွင် အားကစားကွင်းပြုလုပ်ရန် မြေညှိရာမှ စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး ထပ်မံတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့အားကစားကွင်းသစ်တည်ဆောက်ရေးစီမံကိန်းအတွင်း စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးအား စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက တွေ့ရှိခဲ့ပြီး ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် လယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၈)၌ အားကစားကွင်းပြုလုပ်ရန်မြေညှိခြင်းလုပ်ငန်းများအား အား/ကာတက္ကသိုလ် ဘူးကွဲမှ မြေညှိစက်မောင်းနှင်သူ ဦးအောင်မြတ်သူက ထပ်မံတွေ့ရှိပြီးလယ်ဝေးမြို့ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ လယ်ဝေးမြို့မစခန်းမှူး ဒုရဲမှူးစိုးမင်းသိန်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ရှိသူများအား ဆက်သွယ်အကြောင်းကြားကာ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ကျန်ဗုံးသီးဟောင်းသည် ယခင်တွေ့ရှိသည့် ဗုံးသီးဟောင်းအတိုင်း အရှည်လေးပေ လေးလက်မ၊ ကိုယ်ထည် သုံးပေ ၁၀လက်မ၊ လုံးပတ်နှစ်ပေ ခြောက်လက်မရှိပြီး ဒလက်အရှည်ပေ ခြောက်လက်မခန့်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**





# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၆ ရက်က ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်း ရွှေနှင်းဆီစားသောက်ဆိုင်တွင် ရောက်ရှိနေသူတင်နွယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၆ ပြား သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် မြရည်ပုလဲလမ်း အမှတ်(၁၀၉/၄)ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၂ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေကျပ် ၁၅ သိန်း တို့က သိမ်းဆည်းခဲ့သည်။

ထို့အပြင် စက်တင်ဘာ ၂၄ ရက်က မူးယစ်တပ်ဖွဲ့စု(၄၀) ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈) ရပ်ကွက် ဇာဒက်ကြီးကျွန်းလမ်းနေ မဥမ္မာမြင့်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၃ ပြား၊ မြန်မာငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကွမ်းဇဲသစ်တောကြိုးဝိုင်းအတွင်း သစ်ပင်လှဲစဉ် ဆင်ဦးစီးတစ်ဦး ထိခိုက်သေဆုံး

**ဂန့်ဂေါ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကွမ်းဇဲသစ်တော ကြိုးဝိုင်းအတွင်း စက်တင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က သစ်ပင်အား လက်ဆွဲလွှစက်ဖြင့် ဖြတ်စဉ် ထိခိုက်မိ၍ လူတစ်ဦးသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့နယ် ကွမ်းဇဲသစ်တောကြိုးဝိုင်းသစ်ထုတ်လုပ်ကွက် အမှတ် (၅၃) တွင် သစ်ထုတ်လုပ်ရေးဌာနမှ ဂန့်ဂေါမြို့နယ် ပိုဦးကျေးရွာနေ ဆင်ဦးစီး စိုးသူ(၃၁)နှစ်သည် လုံးပတ် ခြောက်ပေခန့်၊ အမြင့် ပေ ၃၀ ခန့်ရှိ ထောက်ကြံ့ပင်အား လက်ဆွဲ လွှစက်ဖြင့်ဖြတ်စဉ် သစ်ပင် ပင်စည်မပြတ်မီ သစ်ပင်မှာ ကွဲအက်လဲကျပြီး သစ်ပင်၏ သစ်ချွန်စနှင့် စိုးသူအား ရိုက်မိရာ ၎င်း၏ ဝဲဘက်ဦးခေါင်း ချိုစောင်းတွင် ကွဲကြေဒဏ်ရာရရှိခဲ့သဖြင့် ဂန့်ဂေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လမ်းဖြတ်ကူးသည့် နွားအုပ်အား ကားနှင့်ဝင်တိုက်၊ နွားခုနစ်ကောင်သေဆုံး

**မြင်းမူ စက်တင်ဘာ ၂၉**

မန္တလေးဘက်မှ မုံရွာဘက်သို့ ယာဉ်မောင်း ခိုင်အောင်ဝင်း (၄၃)နှစ် မြိုင်မြို့နယ်နေသူ မောင်းနှင်သည့် စူပါကာစတန် ခရီးသည်တင်ယာဉ်သည် ဝမ်းပြည့်ရွာနှင့် အလ္လကပ္ပရွာကြား မိုင်တိုင်အမှတ် (၅၂/၂)နှင့် (၅၂/၃) အကြား အရောက်တွင် လမ်းဖြတ်ကူးသည့် နွားအုပ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ နွားမကြီး သုံးကောင်၊ နွားမလတ် နှစ်ကောင်၊ နွားငယ် နှစ်ကောင် စုစုပေါင်း ခုနစ်ကောင် သေဆုံးခဲ့သည်။

အဆိုပါယာဉ်မှ နွားအုပ်သို့တိုက်မိစဉ် မုံရွာဘက်မှ မန္တလေးဘက်သို့ ဆိုင်ကယ်စီးလာသော ထွန်းဇော်အား နွားအုပ်က ဝင်တိုက်ခဲ့သည်။ ထို့အတူ မုံရွာဘက်မှ မန္တလေးဘက်သို့ မသင်းသင်းနွယ် မောင်းနှင်လာသည့် မတ်တူးယာဉ်အား စူပါကာစတန်ယာဉ်မှ ပွတ်တိုက်မိပြီး လမ်းဘေးသို့ ထိုးကျရပ်တန့်သွားသည်။

ယာဉ်မောင်း ခိုင်အောင်ဝင်းနှင့် အဆိုပါယာဉ်ပေါ်တွင် လိုက်ပါလာသော ဦးစန်းဝင်း၊ ဦးမိုးကောင်း၊ ဦးဟန်ဝင်း၊ ဦးကျင်အေး၊ ဦးမြဝင်း၊ ဒေါ်သီတာတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၆၂၄)**

# ပေါက်ခေါင်းမြို့နယ် ညောင်ဝန်းကျေးရွာတွင် ကလေးငယ်တစ်ဦး သေဆုံးခဲ့မှုအတွက် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ညောင်ဝန်းကျေးရွာရှိ ဘုရားကျောင်း၌ နေထိုင်သူ မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့မှုအတွက် ပြစ်မှုကျူးလွန်သူ ယင်းကျောင်းမှ ယောကျာ်းလေးတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် မလိုလားအပ်သောပြဿနာများ ထပ်မံမဖြစ်ပွားစေရေး တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ညောင်ဝန်းကျေးရွာနေထိုင်သူ ဦးခင်ဇော်ထွေးသည် ဘုရားကျောင်းတွင် ထားရှိသော ၎င်း၏သမီးဖြစ်သူ အသက် လေးနှစ်အရွယ်ရှိ မဇွန်ပွင့်ဖြူ(ခေါ်) မာဒီးနား ပျောက်ဆုံးသွားကြောင်း စက်တင်ဘာ ၂၄ ရက်က ပေါက်ခေါင်းမြို့နယ် ရဲစခန်းသို့ လာရောက်တိုင်ကြားသဖြင့် စုံစမ်းရှာဖွေခဲ့ရာ စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ပေါက်ခေါင်း-အုတ်တွင်းကားလမ်း မိုင်တိုင်အမှတ်(၁၇/၇) မြောက်ဘက်ကိုက် ၁၀၀ ခန့်အကွာ တောင်ကမ်းပါးယံအနီး ချုံတောအတွင်း၌ ပျောက်ဆုံးသူ၏အလောင်းအား ရှာဖွေတွေ့ရှိပြီး ပေါက်ခေါင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါဖြစ်စဉ်အား ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ ယင်းဘုရားကျောင်းတွင် အတူနေသူအသက်(၁၄)နှစ်အရွယ်ရှိ မောင်သက်ပိုင်ဦးသည် စက်တင်ဘာ ၂၄ရက် မွန်းတည့် ၁၂ နာရီခန့်က မဇွန်ပွင့်ဖြူအား တောင်ကမ်းပါးယံအနီးရှိ ချုံထဲသို့ ခေါ်သွားပြီး သတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ မိန်းကလေးက ၎င်းအား မကြာခဏ ဆဲဆိုပြုမူသဖြင့် အုပ်ထိန်းသူများမရှိချိန်တွင် ထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် မောင်သက်ပိုင်ဦးအား ဖမ်းဆီးပြီး ပေါက်ခေါင်းရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဘုရားကျောင်းတွင် ညောင်ဝန်းနှင့် ရွှေတောင်ငွေတောင် ကျေးရွာအုပ်စုများရှိ ကျေးရွာများမှ ကလေးငယ် ၁၅ ဦး လာရောက်နေထိုင် စာသင်ကြားလျက်ရှိပြီး ၎င်းတို့တွင် ယောကျာ်းလေး ခုနစ်ဦးနှင့် မိန်းကလေး ရှစ်ဦးတို့ပါဝင်ကာ အသက်အရွယ်မှာ လေးနှစ်မှ (၁၄) နှစ်အထိဖြစ်ကြောင်း၊ ၎င်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် စက်တင်ဘာ ၂၇ ရက် ညနေ ၄ နာရီခန့်က အုပ်ထိန်းသူသုံးဦးနှင့် ကလေးငယ် ၁၃ ဦးတို့သည် ရွှေတောင်ငွေတောင်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း၊ ယင်းနေ့ ည ၈ နာရီခွဲခန့်က ညောင်ဝန်းကျေးရွာမှ ရွာသား ၂၀ ခန့်သည် ယင်းဘုရားကျောင်းရှိ ပရိဘောဂနှင့် လူသုံးပစ္စည်းအချို့အား ဖျက်ဆီးခဲ့သဖြင့် ပေါက်ခေါင်းမြို့နယ်ရဲစခန်းမှ တာဝန်ရှိသူများက အချိန်မီ သွားရောက်ထိန်းသိမ်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မလိုလားအပ်သောပြဿနာများ ထပ်မံမဖြစ်ပွားစေရန်အတွက် စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီခွဲခန့်က ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွင် ပြည်ခရိုင်နှင့် ပေါက်ခေါင်းမြို့နယ်မှ တာဝန်ရှိသူများသည် ပြည်မြို့နှင့် ပေါက်ခေါင်းမြို့ရှိ ဘုရားကျောင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ရွာသူရွာသားများအနေဖြင့် ဒေါသအလျောက် ထိန်းသိမ်းနိုင်စွမ်းမရှိခဲ့၍ ရုတ်တရက် မှားယွင်းစွာ ပြုမူခဲ့ခြင်းအပေါ် တောင်းပန်ခဲ့ကြောင်း၊ တာဝန်ရှိသူများကလည်း နာရေးမိသားစုဝင်များထံ နာရေးထောက်ပံ့ကြေးငွေ ပေးအပ်ခဲ့ကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ပေါက်ခေါင်းမြို့မရဲစခန်းတွင် ဖမ်းဆီးအမှုဖွင့်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

■

## အနူးအညွတ်တောင်းပန်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား လေးစားတန်ဖိုးထားသည့်အနေဖြင့် ဗိုလ်ချုပ်နှစ်တစ်ရာပြည့်အား ဂုဏ်ပြု၍ ကာလအတန်ကြာ မကျင်းပခဲ့သည့် ရှုံးထွက်ပြိုင်ပွဲအား ဗိုလ်ချုပ်အောင်ဆန်းဒိုင်း (General Aung San Shield 2015) ဟူသောအမည်ဖြင့် ယခုနှစ်တွင် ပြန်လည်ကျင်းပခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ၂၀၁၅ ပြိုင်ပွဲကို ၂၅-၄-၂၀၁၅ ရက်နေ့မှ ၂၇-၉-၂၀၁၅ ရက်နေ့အထိ မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းပေါင်း ၂၂ သင်းဖြင့် ကျင်းပခဲ့ပါသည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရောဝတီယူနိုက်တက်အသင်းက (၂-၁)ဂိုးဖြင့် အနိုင်ရရှိပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ပါသည်။

၎င်းဆုပေးပွဲအခမ်းအနားကို ခမ်းခမ်းနားနားဖြစ်စေရန်အတွက် ဒီဇိုင်းလုပ်ငန်းအား အပ်နှံဆောင်ရွက်ခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းစာသားအား ခေါင်းစည်းအဖြစ် သုံးစွဲခဲ့သည့်အပြင် အဂါရဝဖြစ်စေမည့် မသင့်တော်သော နေရာတစ်ခုတွင်ပါ မတော်တဆထည့်သွင်းသုံးစွဲမိသွားသည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီမှ မိမိတို့၏ပေါ့လျော့မှုနှင့် ပတ်သက်၍ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါသည်။

ယခုဖြစ်စဉ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတို့တွင်သာ အပြည့်အဝတာဝန်ရှိပြီး မြန်မာနိုင်ငံ၏အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်အားလေးစားမြတ်နိုးတန်ဖိုးထားကြသူ ပြည်သူအားလုံးကို လက်အုပ်ချီမိုး၍ ဂါရဝပြုတောင်းပန်အပ်ပါသည်။

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)**

# အရက်မူးသူကို ဇနီး၏ ဆွေမျိုးများက ဝိုင်းရိုက်၍ ကြားမှ ကလေးငယ်သေဆုံး

**အုတ်တွင်း စက်တင်ဘာ ၂၉**

အရက်သေစာသောက်စားမူးယစ်လာတိုင်း ဇနီးဖြစ်သူနှင့် ရန်ဖြစ်ကာ ညှဉ်းပန်းနှိပ်စက်သည့် ခင်ပွန်းဖြစ်သူအား ဆွေမျိုးသားချင်းများက ဝိုင်းရိုက်ခဲ့ရာ ကြားမှ ကလေးငယ်သေဆုံးခဲ့သည့် အမှုတစ်ခု တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ညောင်ခြေထောက်နယ်မြေရဲစခန်းအပိုင် ကံကလေးကျေးရွာတွင် စက်တင်ဘာ ၂၆ ရက် ည ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာနေ သန်းမြင့် (၃၇)နှစ်သည် အရက်သေစာများ သောက်စားမူးယစ်ကာ နေအိမ်သို့ပြန်လည် ရောက်ရှိလာပြီး ဇနီးဖြစ်သည့် မအိအိခိုင်အား ရိုက်နှက်ဆဲဆိုနေသည့်အတွက် မအိအိခိုင်၏မောင်ဖြစ်သူ ဆန်းမြင့်ထွန်း (၂၈)နှစ်နှင့်အတူ ဆွေမျိုးသားချင်းများဖြစ်သည့် မျိုးသက်အောင် (၂၁)နှစ်၊ မျိုးထွေး (၄၁)နှစ်တို့ ရောက်ရှိလာကာ အသင့်ယူဆောင်လာသည့် ဝါးတုတ်များဖြင့် ဝိုင်းရိုက်ခဲ့ရာမှ ကြားမှ မဖြိုးသဥ္ဇာမြင့် ခုနစ်နှစ်၏ ဦးခေါင်းကို ရိုက်မိကာ သေဆုံးသွားခဲ့၍ ညောင်ခြေထောက်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဂါရဝပြုတောင်းပန်ခြင်း

ကျွန်တော်များ အက်တမ်းဒီဇိုင်းလုပ်ငန်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခဲ့သော ဘောလုံးပြိုင်ပွဲပေါင်းများစွာအတွက် ဒီဇိုင်းတပ်ဆင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးခဲ့ပါသည်။ ပြီးခဲ့သည့် စက်တင်ဘာ ၂၇ ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ဒီဇိုင်းလုပ်ငန်းကို စျေးကွက်ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းအမည်ပါသည့် Tournament Title Name ကို မသင့်တော်သောနေရာ၌ တပ်ဆင်မိခဲ့ခြင်းအတွက် လက်အုပ်ချီမိုး၍ အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အက်တမ်းဒီဇိုင်းလုပ်ငန်း**

အနုပညာ

*အနုပညာကြယ်ပွင့်သစ်တစ်ပွင့်ဖြစ်သည့်သည့် မျိုးဆက်သစ်အနုပညာရှင် သရုပ်ဆောင်သူရိယ၏ အနုပညာလောကသို့ စတင်ဝင်ရောက်ဖြစ်ပုံနှင့် လက်ရှိလှုပ်ရှားမှုများကို တင်ဆက်လိုက်ရပါသည်-*

# ပရိသတ်ကြီးရဲ့အသံကို ပြန်နားစွင့်နေတယ်ဆိုတဲ့ အနုပညာစွမ်းအားသစ်များနဲ့ သူရိယ



ကျွန်တော့အနေနဲ့ အနုပညာလောကထဲကို ၂၀၀၉ ခုနှစ်လောက်မှာ အစီအစဉ်တင်ဆက်သူအဖြစ် စတင်ဝင်ရောက်ခဲ့ပါတယ်။ ပရိုဂရမ်အသေးလေးတွေမှာ ပါဝင်ခဲ့တယ်။ နောက်ပိုင်းမှာ အရန်သရုပ်ဆောင်အနေနဲ့ ပါဝင်သရုပ်ဆောင်ပြီးတော့မှ မဟော်ဂနီ ရုပ်ရှင်ထုတ်လုပ်ရေးက စင်တင်မင်းသားအဖြစ် တင်ပေးလိုက်တာပါ။

အခုလတ်တလောမှာ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးတဲ့ "အော်ဂလီဆန် ဘော်ဒီ အမှန်နဲ့ ကောင်မလေး" ဇာတ်ကားကို မင်းသမီးယုသန္တာတင်၊ 5 Star အဖွဲ့နဲ့ ရိုက်ကူးနေပါတယ်။ ဇာတ်လမ်းအကျဉ်းအနေနဲ့ကတော့ အပြင်မှာ မမြင်ဖူးကြတဲ့ ကောင်လေးနဲ့ ကောင်မလေးတို့ဟာ အွန်လိုင်းပေါ်မှာ တွေ့ကြပြီး ကောင်လေးက ကောင်မလေးကို စိတ်ဝင်စားခဲ့တယ်။ အပြင်မှာ တွေ့ခွင့်တောင်းတဲ့အခါ ကောင်မလေးက သူဖန်တီးတဲ့ ဂိမ်းလေးတွေအောင်မြင်ရင် တွေ့ခွင့်ပေးမယ်ပြောတာကြောင့် ကောင်လေးက ကြိုးစားလုပ်ဆောင်တယ်။ ပျော်ရွှင်စရာ အဆုံးသတ်လေးနဲ့ အဆုံးသတ်ထားပါတယ်။ အဲဒီမှာတော့ ကျွန်တော့်ဇာတ်ရုပ်က လူငယ် စတိုင်လ် ပေါ့ပေါ့ပါးပါး လေးပါပဲ။

ငယ်ငယ်တုန်းကတော့ စိန်ဘယက်ဆေးကြော်ငြာမှာ ပါဝင်ရိုက်ကူးခဲ့ဖူးတယ်။ နောက်ပြီး ရာဇဝင်ကားလေးတွေမှာလည်း ကလေးသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ဖူးပါတယ်။ ကျွန်တော်က တိုင်းရင်းဆေးနဲ့ ဘွဲ့ရခဲ့တာမို့ တိုင်းရင်းဆေးကြော်ငြာကို ရိုက်ရင်း အနုပညာလုပ်ငန်းကို စတင်ဖြစ်ခဲ့တာပါ။ နောက်ပိုင်းမှ အနုပညာလုပ်ငန်းတွေကို စတင်ဇောက်ချလုပ်ဖြစ်ခဲ့တာပါ။ အခုထိ ဗီဒီယို၊ ရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၂၁ ကားလောက် ရိုက်ကူးပြီးပါပြီ။

ဂီတဘက်ကို အားသန်တယ်၊ ဝါသနာလည်းပါတယ်။ ဒါပေမယ့် အခုထိတော့ အကောင်အထည်မဖော်ဖြစ်သေးပါဘူး။

ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာလည်း ပါဝင်ဖြစ်ပါတယ်။ စေတနာကမ်းလက်များအဖွဲ့နဲ့ ညောင်တုန်းဘက်မှာ ကူညီမှုတွေ ပြုလုပ်ဖြစ်ခဲ့တယ်။ နောက်ပြီး Friend ဖောင်ဒေးရှင်းကလုပ်တဲ့ ရန်ပုံငွေဈေးရောင်းပွဲတော်တွေမှာလည်း ပါဝင်ကူညီပေးခဲ့ပါတယ်။

ခုလောလောဆယ်မှာတော့ အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးနဲ့ပဲ ဇာတ်ကားတွေ ဆက်ရိုက်ဖြစ် နေအုံးမှာပါ။ ပရိသတ်ကြီးအတွက် အနုပညာစွမ်းအားသစ်တွေနဲ့ ချပြပေးသွားမှာပါ။ ကြည့်ရှုခံစားပေးပါ။ ဝေဖန်ပေးပါ။ ပရိသတ်ကြီးရဲ့အသံကိုလည်း ကျွန်တော်ပြန်နားစွင့်နေပါတယ်။

ဖြိုးစန္ဒာမြင့်

# ဂျက်ကီချန်းရဲ့ရုပ်ရှင်သစ်မှာ ပါဝင်သရုပ်ဆောင်မယ့် EXO အဖွဲ့ဝင် "လေး"



တောင်ကိုရီးယားအမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် EXOမှ အဖွဲ့ဝင်တစ်ဦးဖြစ်သော "လေး"သည် ကွန်ဖူးမင်းသားကြီးဂျက်ကီချန်းနှင့်အတူ ရုပ်ရှင်သစ် "Kung Fu Yoga"တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်သည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ရုပ်ရှင်သရုပ်ဆောင်များ ပူးပေါင်းပါဝင်ရိုက်ကူးသည့် ဟာသဇာတ်ကြမ်းရုပ်ရှင်ကားတစ်ကားဖြစ်သည်။ "လေး"သည် တောင်ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့ EXO တွင် ပါဝင်သည့် တစ်ဦးတည်းသော တရုတ်လူမျိုး အနုပညာရှင်ဖြစ်ရာ ယခုကဲ့သို့ အိန္ဒိယ-တရုတ်ရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အဆိုပါရုပ်ရှင်တွင် တရုတ်ကွန်ဖူးမင်းသားကြီး ဂျက်ကီချန်း၊ အိန္ဒိယမင်းသား ဂျက်ကီရှရော့ဖ်အပါအဝင် တရုတ်နှင့် အိန္ဒိယ သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ကွန်ဖူးပညာနှင့် ယောဂပညာတို့အကြား ဆက်စပ်မှုများကို ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်သည်။

ယင်းရုပ်ရှင်နှင့်ပတ်သက်၍ International Business Times သတင်းစာက "ကွန်ဖူးယောဂရုပ်ရှင်ကို ၂၀၁၆ခုနှစ်အတွင်းမှာ ထုတ်လုပ်ဖြန့်ချိသွားမှာပါ။ ဒီရုပ်ရှင်ကို ဒါရိုက်တာစတန်လေတွန်းက တာဝန်ယူရိုက်ကူးပေးမှာဖြစ်ပါတယ်။ ယခုရိုက်ကူးမယ့်ရုပ်ရှင်ဟာ မနှစ်က အိန္ဒိယကို တရုတ်သမ္မတရှီကျင့်ဖျင်လာရောက်လည်ပတ်စဉ်က အိန္ဒိယနဲ့ တရုတ် ပူးပေါင်းရိုက်ကူးဖို့ သဘောတူထားခဲ့တဲ့ ရုပ်ရှင်ကားသုံးကားရဲ့ တစ်စိတ်တစ်ပိုင်းပါပဲ"ဟု ဖော်ပြခဲ့သည်။

အဆိုပါရုပ်ရှင်တွင် "လေး"ပါဝင်ရိုက်ကူးရမည့် အခန်းကဏ္ဍကိုမူ တိတိကျကျမသိရှိရသေးကြောင်း ကေပေါ့ပ်စတားဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အေးပြည့် – စုစည်းသည်။

## ပြင်သစ်မှာတေးအယ်ဘမ်သစ် မိတ်ဆက်ပွဲပြုလုပ်ခဲ့တဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန်ပေါ့ပ်အဆိုတော် ဆယ်လီနာဂိုမက်ဇ်ဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်ဘမ်သစ် "Revival"အတွက် တေးအယ်ဘမ်မိတ်ဆက်ပွဲကို ပြင်သစ်နိုင်ငံရဲ့ မြို့တော်ပဲရစ်မှာ ပြုလုပ်ခဲ့ပါတယ်။

အသက် (၂၃)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်ဟာ ယင်းတေးအယ်ဘမ်မိတ်ဆက်ပွဲကိုပြုလုပ်ရင်း ပဲရစ်ဖက်ရှင်သီတင်းပတ်ကိုလည်း ပြီးခဲ့တဲ့ တနင်္လာနေ့က တက်ရောက်အားပေးခဲ့ပါတယ်။

ဆယ်လီနာက ပြင်သစ်ကိုရောက်ရှိနေချိန်မှာ သူ့အတွက် လွတ်လပ်သလိုခံစားရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ပရိသတ်များနှင့်အတူ အမှတ်တရဓာတ်ပုံတွေကိုလည်း စိတ်ကြိုက်ရိုက်ကူးခဲ့ပါတယ်။ ထို့ပြင် သူ့ရဲ့တေးအယ်ဘမ်သစ်မိတ်ဆက်ပွဲမှာ ယင်းတေးအယ်ဘမ်မှာပါရှိသမျှသော သီချင်းများအနက်က လူကြိုက်အများဆုံးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "The Good For You"ကိုလည်း သီဆိုဖျော်ဖြေခဲ့ပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

## ၃၀ - ၉ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၆း၄၀ သီချင်းကြီးပဒေသာ
၆း၅၀ သတ္တသတ္တာဟ သံဝေဇနီယလေးဌာန
၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၀း၃၅ အောင်မြင်သူနှင့်အတူ (Moot Tho Successful)
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၃၀)
၁း၂၀ ဂီတမဟာပျော်စရာ
၁း၄၅ "ဆည်းဆာချိန်လေးလှပါစေ"
၂း၃၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ ညပိုင်း
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၆း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ
၇း၀၀ ခူမီး (ခမီး)အမျိုးသားပါတီ
-လှုဘောင်သစ် ဒီမိုကရက်တစ်ပါတီ
-ကရင်အမျိုးသားပါတီ
-"ဆန္ဒတူညီမဲပေးကြမည်"
-လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
-သုခမရင်ခွင်အငြိမ့်သဘင် "သီးလေးသီးအငြိမ့်" (မင်းသမီး-သန္တာလင်း၊ လူရွှင်တော် စိန်သီး၊ ဇီးသီး၊ ဂေါက်သီး၊ ဩဇာသီး) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
-"နတ်ဝိညာဉ်စစ်ဆင်ရေး" (ဇာတ်သိမ်း) (နိုင်းနိုင်း၊ မင်းရာဇာ၊ ကျော်ဇောဟိန်း၊ မြင့်မိုရ်၊ မေသန်းနု၊ တင့်တင့်ထွန်း၊ မျိုးစန္ဒီကျော်၊ စိုးမိုးကြည်၊ အေးဝတ်ရည်သောင်း၊ ဝိုင်းစုခိုင်သိန်း၊) [ဒါရိုက်တာ-မောင်မောင်ဦး (စန္ဒီးဝိုက်)]

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀ "ဝိနည်းကို မဖျက်ဆီးပါနဲ့" (အပိုင်း-၂) တရားတော် [ဆရာတော် ဘဒ္ဒန္တ ပညာသီဟာ ဘိဝံသ]
၈း၀၀ Cartoon Series (Welcome To Sky Ville)
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၀)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၁း၀၀ ဟင်းချက်ရအောင်
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆၁)
၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၉)
၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၈)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၆၉)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၀)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၁၀၁)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၂)
၁၀း၂၀ Let's Talk
၁၀း၅၀ MRTV-4 Stage
၃း၅၀ World of Knowledge (To Catch A Smuggler Coke In The Coat)
၄း၃၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ကျိုက်ပေါလော မွဲ့ရှင်တော်မြတ်ကြီးနှင့် သံသရာအေးမဟာ ဗောဓိစေတီတော်)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၁ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ မွေးမြူသုတ
၈း၃၀ DVD Hits
၈း၃၅ ဇာတ်လမ်းတို
၈း၅၀ သူနှင့်သူ၏သီချင်းများ
၉း၀၀ စာပေအလင်းစာပေသတင်း
၄း၁၅ လျှပ်တစ်ပြက်
၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၅၅ ရှေးဟောင်းသုတ
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၅ ပန်းကလေးများပွင့်တော့မည်
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၇၇)
၆း၀၆ Amazing Cities
၆း၁၅ Meet With The Celebrities
- ရယ်စရာပျော်စရာဟာသကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်

### mitv

07:03 News
07:26 Chanmyay Yeiktha Meditation Centre - Chaw Dwin Gone
07:42 Lucrative Myanma Rattan Industry
08:03 News
08:24 Herbal Medicine By Thurein (Ta Bin Dine Mya Nan) (Vitis)
08:55 [Doctor] [Painter]
09:03 News
09:26 Chef Life "Myo Min Soe Oo"
09:35 Myanmar Traditional Bullock-Cart & Equestrian Racing
09:46 A Historic Town: 9 Pagodas
10:03 News
10:26 Myanmar Traditional Instruments - Myanma Harp (Episode-2)
10:52 Young Artist: Maw Thu Danu
06:30 AFC U-19 Championship Qualifying Football Tournament for Bahrain 2016 (Group-G) Myanmar Vs. Brunei
08:03 News
08:26 Pride of Myanmar - Bagan arts and handicrafts
08:41 Mt. Naw Bu Baw
08:51 Horse Cart Driver

အားကစား

# ရာမို့စ်၊ ဘေးလ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်
# မယ်လ်မိုအသင်းနှင့် ပွဲစဉ်လွဲချော်မည်



ရီးယဲလ်မက်ဒရစ်အသင်းမှ နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်၊ တိုက်စစ်မှူးများဖြစ်ကြသည့် ဂါရတ်ဘေးလ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့သည် ဆွီဒင်ကလပ် မယ်လ်မိုအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်တွင် ဒဏ်ရာပြဿနာများကြောင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ ရာဖေးလ် ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဂါရတ်ဘေးလ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့သည် ကြွက်သားဒဏ်ရာပြဿနာများဖြင့် ကြုံတွေ့နေရပြီး ရီးယဲလ်မက်ဒရစ်အသင်း၏ အမာခံနောက်ခံကစားသမားဖြစ်သည့် ဆာဂျီယိုရာမို့စ်မှာမူ ပခုံးဒဏ်ရာကြောင့် ဆွီဒင်မြေသို့ သွားရောက်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်လာရန် မသေချာခဲ့ခြင်းဖြစ် သည်။ တိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မာလာဂါအသင်းတို့ ဂိုးမရှိသရေဖြစ်ခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာပြဿနာ ကြုံခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းတွင် နောက်တန်းကစားသမား ငါးဦးအထိ ဒဏ်ရာပြဿနာ ကြုံတွေ့နေရသည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ချန်ပီယံလိဂ် အုပ်စု(A)အဖွင့်ပွဲစဉ်တွင် ရှက်ခ်တာဒိုးနက်စ်ခ် အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

မယ်လ်မိုအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုအဆင့် ဒုတိယပွဲစဉ်တွင်လည်း အနိုင်ရရှိရန် စွမ်းဆောင်သွားမည် ဖြစ်ကြောင်း ဘင်နီတက်ဇ်က ဆိုသည်။ ❒❒

ငွေကြယ် - ရေးသားသည်




# အင်တာနောက်ခံလူ ရာနိုချီယာအား အဲဗာတန်နှင့် စပါး အပြိုင်ခေါ်ယူမည်

ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်ကြသည့် အဲဗာတန်အသင်းနှင့် စပါးအသင်းတို့သည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ အီတလီဗဟိုနောက်ခံ ကစားသမား ရာနိုချီယာအား အပြိုင်ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့အတူ နောက်တန်းကစားသမား ရာနိုချီယာကလည်း ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်အတွင်း ဆန်စီယိုမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်ထားခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလသို့ ရောက်ရှိခဲ့ပါက အဲဗာတန်အသင်းနှင့် စပါးအသင်းတို့က အသက်(၂၇)နှစ်အရွယ်ရှိ ဗဟိုနောက်ခံလူ ရာနိုချီယာအား ခေါ်ယူသွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

နောက်တန်းကစားသမား ရာနိုချီယာသည် အင်တာမီလန်အသင်းသို့ ရောက်ရှိလာခဲ့သည့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီမှစတင်ကာ အင်တာမီလန်အသင်းနှင့်အတူ ပွဲပေါင်း ၁၅၀ ကျော် ပါဝင်ကစားပေးထားခဲ့သူဖြစ်သည်။ ထို့ပြင် အင်တာမီလန်အသင်းခေါင်းဆောင် ဇနက်တီ အနားယူသွားခဲ့ခြင်းကြောင့် ရာနိုချီယာသည် အင်တာမီလန်အသင်းခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

## ယာယာတိုရေးမှာ ပရီမီယာလိဂ်၏ အကောင်းဆုံးကွင်းလယ်ကစားသမားဟုဆို



မန်စီးတီးကွင်းလယ်ကစားသမား ယာယာတိုရေးသည် ပရီမီယာလိဂ်တွင် အကောင်းဆုံးကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရှိနေဆဲဖြစ်ကြောင်း ဂယ်ရီနဗီးလ်က ချီးကျူးပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ယာယာတိုရေးသည် ပြီးခဲ့သည့်တစ်ပတ်က ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးအသင်းက ဆန်းဒါးလန်း အသင်းအား အနိုင်ရရှိခဲ့သည့် လိဂ်ပွဲစဉ်အပါအဝင် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်း၏ ပွဲစဉ်ရှစ်ခုစလုံးတွင် ပါဝင်ပွဲထွက်ကစားခဲ့သူဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်တွင် ဂျာမနီမြေ၌ မိုချန်ဂလာဘတ်နှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ် အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင်လည်း မန်စီးတီးအသင်းနှင့်အတူ ယာယာတိုရေးပါလာမည်ဖြစ်ကြောင်းလည်းသိရသည်။

ထို့ကြောင့် ဂယ်ရီနဗီးလ်က မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီအနေဖြင့် ပရီမီယာလိဂ်တွင် အကောင်းဆုံးရလဒ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နိုင်ရေးအတွက်ဆိုပါက အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ယာယာတိုရေးကို ပြောင်းလဲအသုံးပြုသင့်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် "ယာယာတိုရေးဟာ ရက်သတ္တပတ်မှာ သုံးပွဲပဲကစားနိုင်ပါတယ်။ ယာယာတိုရေးဟာ ပရီမီယာလိဂ်မှာ အကောင်းဆုံးကွင်းလယ်ကစားသမားဆိုပေမယ့် ဆက်တိုက်ပွဲထွက်ကစားခွင့်ပြုနေမယ်ဆိုရင်တော့ ပြဿနာတစ်ရပ်ဖြစ်လာနိုင်ပါတယ်"ဟု ဂယ်ရီနဗီးလ်က ဆိုသည်။

## စီးရီးအေရင်ခုန်သံ-ဂု

အီတလီစီးရီးအေပွဲစဉ် (၆)မှာ ဂျူဗင်တပ်က ရှုံးပွဲထပ်ကြုံတယ်။ ဒါပေမယ့် ဂျူဗင်တပ်နည်းပြ အယ်လီဂရီက ဂျူဗင်တပ်အနေနဲ့ စီးရီးအေချန်ပီယံဆုကို ကာကွယ်နိုင်သေးတယ်လို့ ပြောတယ်။ ဒါကြောင့် အောက်တိုဘာ ၃၊ ၄၊ ၅ ရက်တို့မှာ ကစားမယ့်ပွဲစဉ် (၇)မှာ ဂျူဗင်တပ် နိုင်ပွဲပြန်ရမလားဆိုတာ စောင့်ကြည့်ချင်စရာဖြစ်လာတယ်။



**ကာပီ - တိုရီနို** ညည ၁၀း၃၀ (၃-၁၀-၁၅)

တန်းတက် ကာပီရဲ့ခြေစွမ်းပိုင်းက အားနည်းလွန်းတယ်။ အထူးသဖြင့် ခြောက်ပွဲမှာ ၁၅ ဂိုးပေးထားရတဲ့ ခံစစ်ပိုင်းက လုံးဝမတည်ငြိမ်ဘူး။ ဒါကြောင့် အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း တိုရီနိုရဲ့ တုံ့ပြန်ကစားအားကို ကာပီခံစစ်က ထိန်းချုပ်ဖို့ဆိုတာ အခက်အခဲတွေရှိလာနိုင်ပါတယ်။ အဝေးကွင်းမှာ တိုရီနိုတို့ နိုင်ပွဲရသွားမှာပါ။

**ချီယေဗို - ဗီရိုနာ** နံနက် ၁း၁၅ (၄-၁၀-၁၅)

ဒီရာသီမှာ ချီယေဗိုရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်တယ်လို့ဆိုနိုင်တယ်။ အထူးသဖြင့် ခံစစ်ကစားပုံက ကျစ်လျစ်မှု ရှိတယ်။ ဒီပွဲကလည်း အိမ်ကွင်းပွဲစဉ်ဖြစ်တာကြောင့် ချီယေဗိုတို့ အမှားအယွင်းအဖြစ်ခံမှာမဟုတ်ဘူး။ ဗီရိုနာကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေသလို တိုက်စစ်ပိုင်းကလည်း သာမန်သာရှိတယ်။ ချီယေဗို နိုင်ပွဲရမယ်။

**အမ်ပိုလီ - ဆာစူအိုလို** ညနေ ၅း၀၀ (၄-၁၀-၁၅)

ဒီရာသီမှာ ဆာစူအိုလိုရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်တယ်။ အထူးသဖြင့် ဆာစူအိုလို ကွင်းလယ်ကစားပုံကောင်းနေလို့ အသင်းကြီးတွေကိုတောင် တုံ့ပြန်ကစားနိုင်တယ်။ အမ်ပိုလီကတော့ ထိုးစစ်ကစားပုံသာမန်သာရှိတယ်။ အမ်ပိုလီရဲ့အိမ်ကွင်းဖြစ်ပေမယ့် ဆာစူအိုလိုတို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်မှာပါ။

**ပါလာမို - ရိုးမား** ည ၇း၃၀ (၄-၁၀-၁၅)

ပါလာမိုခြေစွမ်းပိုင်းက အခုနောက်ပိုင်း ပြန်လည်ကျဆင်းလာတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတယ်။ ရိုးမားကတော့ ချန်ပီယံလိဂ်အပါအဝင် ပွဲဆက်တွေများနေပေမယ့် တိုက်စစ်ကစားပုံကောင်းမွန်တာကြောင့် ပါလာမိုကို ဖိအားပေးသွားနိုင်ဖို့ရှိတယ်။ ရိုးမား နှစ်ဂိုးအသာလောက်နဲ့အနိုင်ရမယ်။

**ဆမ့်ဒိုးရီးယား - အင်တာ** ည ၇း၃၀ (၄-၁၀-၁၅)

တိုက်စစ်ပိုင်းက ဂိုးသွင်းခြေအားနည်းနေသေးတယ်ဆိုပေမယ့် အင်တာမီလန်ရဲ့ အသင်းလိုက်ကစားပုံက ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် ဆမ့်ဒိုးရီးယားကလည်း ခြေစွမ်းကောင်းမွန်တဲ့အသင်းဖြစ်လို့ အင်တာကို တုံ့ပြန်နိုင်မှာပါ။ အိမ်ကွင်းမှာဆိုရင် ဆမ့်ဒိုးရီးယား တိုက်စစ်ကလည်း ပိုကောင်းတတ်လို့ ဆမ့်ဒိုးရီးယား သရေလောက်ရမယ်။

**အူဒီးနီး - ဂျီနိုအာ** ည ၇း၃၀ (၄-၁၀-၁၅)

ဂျီနိုအာရဲ့ ဒီရာသီခြေစွမ်းပိုင်းက ပျက်ယွင်းနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အဆုံးသတ်မသေချာဘူး။ အူဒီးနီးစ်ကလည်း လက်ရှိအချိန်မှာခြေစွမ်းပိုင်းမတည်ငြိမ်သလို တိုက်စစ်ကလည်း သာမန်သာရှိတယ်။ ဒါပေမယ့် အူဒီးနီးတို့ အိမ်ကွင်းအားရှိနေတာကြောင့် ကပ်ပြီးတော့အနိုင်ရနိုင်ခြေရှိပါတယ်။

**ဂျူဗင်တပ် - ဘလော့ညာ** ည ၁၀း၃၀ (၄-၁၀-၁၅)

ဒီရာသီမှာ ဂျူဗင်တပ်ခြေစွမ်းပိုင်းကအားနည်းမှုတွေများတယ်။ ခြောက်ပွဲပြီးချိန်မှာ တစ်ပွဲသာအနိုင်ရသေးသလို ချန်ပီယံလိဂ်အပါအဝင် ပွဲဆက်တွေလည်း များနေတယ်။ ဒါပေမယ့် ဂျူဗင်တပ်ရဲ့ အနေအထား မှားယွင်းလို့မရတော့တာကြောင့် ခြေကုန်ထုတ်မှာဖြစ်သလို ဘလော့ညာကလည်း တိုက်စစ်ကအစ အားနည်းတယ်။ ဂျူဗင်တပ် နိုင်ပွဲပြန်ရမယ်။

**လာဇီယို - ဖရိုစီနိုနီ** ည ၁၀း၃၀ (၄-၁၀-၁၅)

တန်းတက်ဖရိုစီနိုနီရဲ့ ခြေစွမ်းက အစစအရာရာ အားနည်းနေပါတယ်။ တိုက်စစ်ကလည်း အဆုံးသတ်မသေချာသလို ကွင်းလယ်ကစားပုံကလည်း စုစည်းမှုမရှိဘူး။ လာဇီယိုက ခြေမငြိမ်သလို ပွဲဆက်တွေများနေပေမယ့် အိမ်ကွင်းဖြစ်တယ်။အမှတ်လိုနေတာကြောင့်လည်း အားစိုက်မှုဖြစ်လို့ ဒီပွဲမှာတော့ လာဇီယိုနိုင်ပွဲရသွားမှာပါ။

**ဖီအိုရင်တီးနား - အတ္တလန္တာ** နံနက် ၁း၁၅ (၅-၁၀-၁၅)

အတ္တလန္တာရဲ့ ခြေစွမ်းပိုင်းကမဆိုးဘူး။ ဒါပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ခံစစ်ကစားပုံအားနည်းတတ်တယ်။ ဒ့ါအပြင် ဖီအိုရင်တီးနားကလည်း ဒီရာသီမှာခြေစွမ်းကောင်းတွေရရှိနေတာကြောင့် အတ္တလန္တာတို့ ရှုံးကန်သွားရဖို့သာရှိတယ်။ ဖီအိုရင်တီးနားရဲ့ အိမ်ကွင်းလည်းဖြစ်တာကြောင့် ဖီအိုရင်တီးနားသာနိုင်ပွဲရသွားမှာပါ။

**အေစီမီလန် - နာပိုလီ** နံနက် ၁း၁၅ (၅-၁၀-၁၅)

အေစီမီလန်ရဲ့ ခြေစွမ်းကတည်ငြိမ်မှုမရှိပါဘူး။ အသင်းလိုက်ကစားပုံကအစ အားနည်းမှုတွေရှိပါတယ်။ အိမ်ကွင်းဖြစ်ပေမယ့်လည်း အဆိုပါ ခြေစွမ်းမျိုးနဲ့ နာပိုလီကို ဖိအားပေးနိုင်ဖို့ဆိုတာ ခက်ခဲပါတယ်။ နာပိုလီက အခုနောက်ပိုင်းတိုက်စစ်ရော ခြေစွမ်းပါ ကောင်းလာလို့ အေစီမီလန်ကွင်းမှာ နာပိုလီပဲ အနိုင်ရမယ်။ **[ရှိုင်းမင်းမင်း]**

# တောင်သူများစိုက်ပျိုးထားသော ပြောင်းခင်းများတွင် မျောက်များကျရောက်မှုကြောင့် တောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရ

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စုမှ တောင်သူများစိုက်ပျိုးထားသော ပြောင်းခင်းများတွင် မျောက်များကျရောက်မှုကြောင့် ပြောင်းစိုက်ပျိုးသူတောင်သူများ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါ ကျောက်ဖျာကျေးရွာတွင် ပြောင်း၊ ငှက်ပျော၊ ကွမ်းရွက်၊ ငရုတ်၊ မြေပဲ၊ သခွားများအား စိုက်ပျိုးကြပြီး ယခုရာသီ ပြောင်းချိုးချိန်ရောက်ချိန်တွင် တောင်သူများအတွက် မျောက်များကျရောက်မှုကြောင့် ပြောင်းခင်းများ ပျက်စီးကုန်၍ အရှုံးနှင့်ရင်ဆိုင်ရကြောင်း သိရသည်။

ယခင်နှစ်များတွင် မျောက်များကျရောက်မှုရှိသော်လည်း အနည်းအကျဉ်းသာ လာရောက်စားသောက်သဖြင့် အနည်းငယ်သာ ထိခိုက်မှုရှိသော်လည်း ယခုနှစ်တွင် မျောက်အကောင်ရေ ရာကျော်မျှ လာရောက်စားသောက်မှုကြောင့် တောင်သူများအတွက် ထိခိုက်ဆုံးရှုံးမှုများ ရှိကြောင်း ပြောင်းစိုက်ပျိုးသူ ဦးမောင်မြင့်ကပြောသည်။

"အရင်နှစ်တွေက လာတော့လာတယ်။ ဒီလောက် မများဘူး။ ဒီနှစ်ကျမှ ဘာကြောင့်များလာလဲမသိပါဘူး။ လာတဲ့အချိန်ကလည်း ပြောင်းတွေ ချိုးဆွတ်ချိန်ရောက်မှ လာစားကြတော့ စိုက်ပျိုးလာတဲ့သူတွေ တော်တော်လေး နစ်နာတယ်။

"အရင်နှစ်က အကောင်အရေအတွက်နည်းတော့ လူကခြောက်ရင်၊ မောင်းရင် ပြေးတော့တာပဲ။ ဒီနှစ်က အကောင်ရေလည်းများလာတယ်။ လူခြောက်ရင်လည်း လူကို ပြန်ပြီးရန်လုပ်ချင်တဲ့ပုံစံတွေ။ ဒါကြောင့် အကောင်များတော့ သူတို့ကို မမောင်းရဲဘူး။ သူတို့အုပ်ထဲမှာ ကလေးတွဲလောင်းတွေကော အများကြီးပဲ။ ပြောင်းစိုက်တဲ့ သူတိုင်း တော်တော်ပျက်စီးပါတယ်။ ဒီနှစ်က ပြောင်းဈေးကလည်းကောင်းတော့ နမြောတယ်"ဟု ဦးမောင်မြင့်က ပြောသည်။

ယင်းစိုက်ခင်းတွင် ဧကဝက်လောက် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများရှိခဲ့ပြီး တခြားသူများမှာလည်း ၎င်းနည်းတူ ၎င်းထက်မလျော့သော ဆုံးရှုံးမှုများရှိခဲ့ခြင်းကြောင့် နောင်နှစ်များတွင် ပြောင်းစိုက်ရန် ဝန်လေးနေကြကြောင်း သိရသည်။ **ရှင်မင်းနွယ်**

## နွားထိုးကြီးတွင် ဆည်ရေငန်နေ၍ စိုက်ပျိုးစပါးများ အရောင်ဝါပြီး အပင်များသေဆုံး

**နွားထိုးကြီး စင်တင်ဘာ ၂၉**

နွားထိုးကြီးမြို့နယ်ရှိ ဇီးတောဆည်ရေဖြင့် မိုးစပါးစိုက်ရာတွင် ဆည်ရေငန်နေ၍ စိုက်ပျိုးစပါးဝါပြီး စပါးများသေဆုံးကုန်ကြောင်း ဇီးတောစပါးတောင်သူများက ပြောပြသည်။

ယင်းသို့အရောင်ဝါပြီး အပင်များသေဆုံးရခြင်းမှာ ဇီးတောဆည်ရေဖြင့် နွားထိုးကြီးနှင့် ဝမ်းတွင်းမြို့နယ်မှ ဧက ၂၀၀ ဆည်ရေဖြင့်စိုက်ပျိုးနေရာ မိုးရေမဝင်၍ သိုလှောင်ထားသောဆည်ရေက ငန်နေ၍ စိုက်ပျိုးပြီးစပါးခင်းများဝါပြီးသေဆုံးရခြင်းဖြစ်သည်။

နွားထိုးကြီးနယ်တွင် မိုးခေါင်နေ၍ ဆည်များ၊ ကန်များ ရေမဝင်သဖြင့် လက်ရှိလှောင်ရေများနှင့် စပါးစိုက်နေရာ ရေငန်နေ၍ စပါးခင်းများ ပျက်စီးနေခြင်းဖြစ်ကြောင်း အဆိုပါတောင်သူများက ပြောသည်။

ဆည်ရေမဝင်၍ ခက်လန်းဆည်၊ မြိုင်သာဆည်၊ ကန်နားကန်တို့မှာ မိုးစပါးရေမပေးနိုင်ဟုလည်း သိရသည်။ **ဌေးမြင့်မောင်**

## စာဖတ်ရှိန်မြှင့်တင်နိုင်ရေး အလင်းသစ်ကျေးရွာစာကြည့်တိုက်တွင် စာအုပ်စာစောင်များလှူဒါန်း

**ဂန့်ဂေါ စက်တင်ဘာ ၂၉**

ဂန့်ဂေါမြို့နယ် စိုင်ဒူးကျေးရွာတွင် ကျေးရွာစာကြည့်တိုက်ကို နိုင်ငံတော်ခွင့်ပြုငွေနှင့် ဒေသနေပြည်သူတို့၏ စေတနာရှင်များ ထည့်ဝင်လှူဒါန်းငွေများဖြင့် အလင်းသစ်စာကြည့်တိုက်ကို စနေနှင့် တနင်္ဂနွေနေ့တို့တွင် ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိသည်။

အလင်းသစ်စာကြည့်တိုက်သို့ ကျေးရွာနေပြည်သူများ၊ ကျေးရွာရှိတွဲဖက် အ. လ. က မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာတွင် ရုံးခွဲဖွင့်လှစ်ကြသည့် လမ်းဦးစီးဌာန၊ သစ်ထုတ်ရေးလုပ်ငန်းစသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ လာရောက်၍ စာပေလေ့လာဖတ်ရှုကြသည်ဟု သိရသည်။

ယင်းနောက် ရန်ကုန်မြို့နေ ဒေါက်တာခိုင်သဇင်အောင်(ပျိုးပင်) ထံမှ ပေးပို့လှူဒါန်းသည့် ငွေကျပ်ခြောက်သိန်းကျော်တန်ဖိုးရှိ စာအုပ်စာစောင် ၃၅၈ အုပ်ကို အလှူရှင်ကိုယ်စား ဦးစိန်ထွန်းက ပေးအပ်လှူဒါန်းခဲ့သည်။ **(၄၆၅)**

## မင်းလှမြို့ ဈေးအနောက်ဘက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်

**မင်းလှ၊ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် မင်းလှမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မဈေးအနောက်ဘက်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၆ ရက်က လုပ်ငန်းပြီးစီးခဲ့ကြောင်း မြို့နယ် စည်ပင်သာယာအမှုဆောင်အရာရှိ ဦးအောင်ဇံကပြောသည်။



မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ်သိန်း ၆၀ ဖြင့် ယခုနှစ် ဒြုတိယဒုတိယအပတ်မှစတင် အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတွင် ယခင်ကတ္တရာ လမ်းဟောင်း လမ်းအရှည်ပေ ၅၀၀၊ လမ်းအကျယ် ၁၂ ပေအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလမ်းပိုင်းတွင် ယခင်က လမ်းပေါက်များ၊ ချိုင့်ခွက်များ ဖြစ်ပေါ်နေသောကြောင့် ဒေသခံပြည်သူများ၊ ဈေးသူ၊ ဈေးသားများ၊ မြို့နေပြည်သူများအတွက် သွားလာရအဆင်မပြေမှုများဖြစ်ပေါ်ခြင်း၊ လမ်းမကောင်းသောကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်ခြင်း၊ အများပြည်သူ အဓိကထား သွားလာနေသောလမ်းပိုင်းဖြစ်သောကြောင့် ဒေသခံပြည်သူများ သွားလာရ လွယ်ကူချောမွေ့စေရေးအတွက် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ယခုနှစ်ဘတ်ဂျတ်တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ကျော်ဇေယျ**

## မိုးစပါးစံပြစိုက်ခင်း၌ မြေဩဇာစုပေါင်းကြဲပက်ပွဲ ကျင်းပ



**တောင်တွင်းကြီး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်ဆည်ရေသောက် လယ်မြေများတွင် ဆင်းသုခမျိုးကောင်းမျိုးသန့် ၂၅ ဧက စံပြစိုက်ခင်းအတွက်ထောက်ပံ့ပေးသည့် ဓာတ်မြေဩဇာများအား ကွင်းအမှတ်(၂၂၂၅) တောင်သူဦးသံချောင်းနှင့်အတူ တောင်သူ ၁၀ ဦးတို့၏ မိုးစပါးစံပြစိုက်ခင်း၌ စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲနှင့် စုပေါင်းမြေဩဇာကြဲပက်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က မိုးစပါးလျာထားဧကပြည့်မီရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးတို့အတွက် အချိန်မီစိုက်ပျိုးရန်လိုကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထွန်းမြင့်က လယ်မြေများတွင် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ်၍ သုံးစွဲနည်းကို လက်တွေ့ရှင်းလင်းပြသခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးပညာပေးလက်ကမ်းစာစောင်များကို ဒေသခံတောင်သူ ၁၀၈ ဦးတို့အား အခမဲ့ဖြန့်ဝေပေးခဲ့ပြီး တောင်သူများက စပါးခင်းများအတွင်း မြေဩဇာများ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။ **(၅၈၀)**

## ဘီးလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ တိုင်းရင်း ဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

**ဘီးလင်း စက်တင်ဘာ ၂၉**

ဘီးလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများသို့ အသိပညာပေးဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းကျေးရွာအုပ်စု ငါးဘတ်ချောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သဥ္ဇာဝင်းက တီဘီရောဂါနှင့် သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တောင်စွန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းဦးက လူမှောင်ခို၊ လူကုန်ကူးမှုအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက အသိပညာတိုးပွားဖို့ စာအုပ်စာပေလေ့လာစို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းရင်းဆေးကုဌာန မြို့နယ်ဆေးခန်းမှူး ဒေါ်အိသွယ်မိုးက တိုင်းရင်းဆေးပညာသိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ယင်းနောက် ကျေးရွာပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများဖြင့် စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ဝိတိုရိယအထူးကုဆေးရုံကြီးမှ အခမဲ့ဆေးကုသပေး

**အင်္ဂပူ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၏ စီမံလမ်းညွှန်မှုဖြင့် ဝိတိုရိယအထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသခြင်းကို အင်္ဂပူမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကုသပေးခဲ့သည်။

အဆိုပါ အခမဲ့ဆေးဝါးကုသခြင်းအား ဝိတိုရိယကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်း ဒုဥက္ကဋ္ဌ ဒေါက်တာကျော်ဇင်ဝင်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာနန္ဒဝင်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါဝေဒနာရှင် ၂၅၂ ဦး၊ အရိုးအကြောဝေဒနာရှင် ၂၀၁ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၅၇ ဦး၊ မျက်စိဝေဒနာရှင် ၁၉၈ ဦး၊ ခွဲစိတ်လူနာခြောက်ဦး စုစုပေါင်းဝေဒနာရှင် ၇၁၄ ဦးတို့အား အခမဲ့ ဆေးဝါးကုသပေးခဲ့သည်။ **(ကြေးမုံ)**

## ငပုတောမြို့နယ်အတွင်း ကျေးလက်ဝင်ငွေမြှင့်တင်ရေးစီမံကိန်း စတင်

**ငပုတော စက်တင်ဘာ ၂၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သည် ငပုတောမြို့နယ်အတွင်း ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း (ERLIP-Project) တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၆ အုပ်စုတွင် ရှေ့ပြေးအုပ်စု သုံးအုပ်စုဖြစ်သော ဝက်ဆူကျေးရွာအုပ်စု၊ စဉ့်အိုးဖိုကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာအုပ်စုတို့တွင် စီမံကိန်းစတင်နေပြီ ဖြစ်သည်။

ဝက်ဆူကျေးရွာအုပ်စုတွင် ကျေးရွာလိုအပ်ချက်ဖြစ်သော စာသင်ကျောင်းကြမ်းခင်းခြင်းနှင့် သောက်ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို စီမံကိန်းပထမနှစ် အကောင်အထည်ဖော်ရန် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ lADB မှ လူထုစည်းရုံးရေးမှူးများနှင့် ဝက်ဆူကျေးရွာကော်မတီဝင်များသည် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဝက်ဆူကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက တွေ့ဆုံညှိနှိုင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးကျော်သူ(ပြန်/ဆက်)**

# လမ်းဘေးရှိ ဖုန်းကြိုးတိုင်အား တိုက်မိ၍ နှစ်ဦးသေဆုံး

**မင်းလှ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်အမှတ် (၂၃၆/၄) နှင့် (၂၃၆/၅) အကြား ဘန့်ပြင်ရွာလမ်းပေါက်အနီး၌ စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ရှမ်းတပ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ကန်တုတ်ဘက်မှ ရှမ်းတပ်ဘက်သို့ မင်းလှမြို့နယ် အောက်ကိုင်းကျေးရွာနေ မင်းစိန် (၄၂)နှစ် မောင်းနှင်ပြီးနောက်မှ တစ်ရွာတည်းနေ ရွှေမောင်(၃၅)နှစ် လိုက်ပါလာသော နံပါတ်မပါ ရင်ဇင်း ၁၁၀ အနက်ရောင်ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ရှိ ဖုန်းကြိုးတိုင်အား ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ရွှေမောင်တွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး မင်းစိန်တွင်လည်း နဖူးပေါက်ပြဲ ဒဏ်ရာရရှိကာ သေဆုံးသွားခဲ့သည်။

ယင်းကြောင့် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ မင်းစိန်အား မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်း ယာဉ်(ပ) ၁၈/၂၀၁၅၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က အရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**



# ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)မှ သင်တန်းသား၊ သင်တန်းသူများ မန္တလေးစက်မှုဇုန်အတွင်း လေ့လာ

**မန္တလေး စက်တင်ဘာ ၂၉**

ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၅၆)မှ သင်တန်းသား၊ သင်တန်းသူများသည် မန္တလေးစက်မှုဇုန်အတွင်းမှ စက်ရုံအလုပ်ရုံများကို စက်တင်ဘာ ၂၆ ရက်က လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ယင်းလေ့လာရေးအဖွဲ့သည် ပထမဦးစွာမန္တလေးဒိုးပုံဂျုံစက်(Diamond Star Co.Ltd) ကို သွားရောက် လေ့လာရာ ဒိုးပုံဂျုံစက်မှ စက်ရုံမှူး ဦးခွန်အောင်ဆန်းက စက်ရုံနှင့် ပတ်သက်သည်များကို ရှင်းပြပေးခဲ့သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက ဂျုံမှုန့် ထုတ်လုပ်မှုနှင့် ဂျုံကြိတ်ခွဲသည့်စက်များ၊ သယ်ယူပို့ဆောင်မှု အဆင့်ဆင့်၊ ထုတ်လုပ်မှုအဆင့်ဆင့်ကိုလေ့လာခဲ့ကြသည်။ လေ့လာမှုတွင် သိရှိလိုသည်များကို မေးမြန်းရာ ဒိုးပုံဂျုံစက် ဝန်ထမ်းများက ရှင်းပြပေးခဲ့သည်။ ထို့နောက် ကျော်ကျော်အောင် ကြိမ်အထည်စက်ရုံသို့ ဆက်လက်လေ့လာခဲ့ကြောင်း သိရသည်။

မန္တလေး စက်မှုဇုန်ကို ၁၉၉၀ ပြည့်နှစ်တွင် စတင်ထူထောင်ပြီးမြေဧက ၁၈၂၀ ပေါ်တွင် မြေကွက်ပေါင်း ၃၅၃၀ ဖော်ထုတ်ကာ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုရေးရာဝန်ကြီး ဦးကျော်မြင့် ဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းထားသော အဖွဲ့ဝင် ၂၁ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ပြီး ထိုကော်မတီလက်အောက်တွင် စက်မှုဇုန်လုပ်ငန်းရှင်များ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၁၇ ဦး၊ အလုပ်အမှုဆောင် ၃၆ ဦးတို့ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မန္တလေးစက်မှုဇုန်တွင် အကြီးစားစက်မှုလုပ်ငန်း ၃၉၂ ခု၊ အလတ်စားစက်မှုလုပ်ငန်း ၃၀၄ ခု၊ အသေးစားစက်မှုလုပ်ငန်း ၅၉၆ ခုနှင့် စုစုပေါင်းစက်မှုလုပ်ငန်း ၁၂၉၂ ခုဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိကာလ စက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးငွေကျပ် ၆၀၅၄၇ ဒသမ ၅၂၂ သန်းခန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ **တိမ်တမန်**

# ဘွဲ့ကြိုဘွဲ့လွန် သင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ဟောင်ကောင် အစိုးရတက္ကသိုလ်ဖြစ်သည့် The Open University of Hong Kong (OUHK)၊ တောင်ကိုးရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ SKU တက္ကသိုလ်နှင့် STI Myanmar University (STIMU) တို့ ပူးပေါင်း၍ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများဖွင့်လှစ်သင်ကြား လျက်ရှိပြီး ယခုအခါ ဗြိတိသျှအစိုးရတက္ကသိုလ်တစ်ခုဖြစ်သည့် University of Bedfordshire (UOB) နှင့် STIMU တို့ ပူးပေါင်း၍ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးမဟာဌာနတွင် Business Administration နှင့် Accounting အထူးပြုဘွဲ့ကြိုသင်တန်းများ၊ MBA ဘွဲ့လွန်သင်တန်း၊ အင်ဂျင်နီယာမဟာဌာနတွင် Civil Engineering ၊ Architectural Engineering၊ Electronic Engineering ၊ Architectural Design နှင့် Construction Management ဘွဲ့ကြိုသင်တန်းများ၊ MBA(Engineering Management) မဟာဘွဲ့သင်တန်းတို့ကို ဖွင့်လှစ်မည်ဖြစ်သည်။

ထို့အပြင် Education နှင့် Linguistics မဟာဌာနမှ Master of Education မဟာဘွဲ့ကိုလည်းကောင်း၊ မဟာဌာနအသစ်တစ်ခု ဖြစ်သည့် Health Science မဟာ ဌာနမှ MBA(Hospital and Health Services Management) ၊ Master of Nutrition and Dietetics နှင့် Master of Public Health မဟာဘွဲ့များကိုလည်းကောင်း ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ဘွဲ့လွန်၊ ဘွဲ့ကြို သင်တန်းများမှ မွေးထုတ်ပေးသည့် လူ့စွမ်းအား အရင်းအမြစ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကမောင်းနှင်အား တစ်ခုဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ဗြိတိန်အစိုးရတက္ကသိုလ်နှင့် ပူးပေါင်းခြင်းအားဖြင့် ပြည်တွင်းရှိ ဆရာများနှင့် ကျောင်းသားများအား ကမ္ဘာ့အဆင့် သင်ကြား၊ သင်ယူမှု နည်းပညာများကို အချိန်တိုအတွင်း ရယူနိုင်မည် ဖြစ်သည်။

ဝင်ခွင့်သတ်မှတ်ချက်မှာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ GCE`O´ နှင့် GCE`A´ အောင်မြင်ပြီးသူများ၊ STIMU ဒီပလိုမာဘွဲ့ ရရှိပြီးသူများ၊ HND၊ ABE ဒီပလိုမာရရှိပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် ဘွဲ့လွန် သင်တန်းများသို့ ဘွဲ့တစ်ခုခု ရရှိထားသူများ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**ညီညီထွန်း**


ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

**Diploma in BUSINESS MANAGEMENT နှင့် Diploma in FINANCE & BANKING**
**အမှတ်စဉ် (၅) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Myanmar University တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်း အမှတ်စဉ် (၅)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **Diploma in Business Management (DBM)**
(ခ) **Diploma in Finance and Banking (DFB)**

၁။ အောက်ပါအရည်အချင်းတစ်ခုခုနှင့် ပြည့်စုံသူများတက်ရောက်နိုင်ပါသည်။
(က) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး **CBM** နှင့် **CFS** အောင်မြင်ထားသူများ
(ခ) စီးပွားရေးစီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော ဘွဲ့/ဒီပလိုမာ ရရှိပြီးသူများ
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သော အောင်လက်မှတ်ရရှိပြီးသူများ
၂။ သင်တန်းကာလ (၁)နှစ် ကြာမြင့်ပြီး အောက်တိုဘာလ (၁၇)ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
၃။ သင်တန်းအောင်မြင်ပြီးသူများသည် Advanced Diploma သင်တန်းမှတစ်ဆင့် The Open University of Hong Kong ၏ **Bachelor of Business Administration (Finance and Banking/Management) BBA** ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါသည်။ Advanced Diploma ၏ သင်တန်းကာလမှာ (၁)နှစ်ဖြစ်ပြီး **BBA** နောက်ဆုံးနှစ်၏ သင်တန်းကာလမှာ (၁)နှစ် ကြာမြင့်ပါမည်။
၄။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့်မိတ္တူ) ၂စုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ) ၂စုံ၊ လိုင်စင်ဓါတ်ပုံ (၃)ပုံ တင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ **STI Myanmar University**
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း - ၃၇၇၉၈၈၊ ၀၁၀၃၄၅၀၄၇၅၊ ၅၀၇၁၅၁/၅၂၊ ၅၀၇၀၄၈၊ ၀၉၄၂၀၁၈၃၁၅၅၊
၀၉၄၂၀၂၅၄၈၇၂၊ ၀၉၄၂၀၁၃၁၇၃၀
















# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ယုမောင်သည် ဒေါ်နှင့် မောနှင့် ပြန်သွား၏။

သက်ခိုင်က တယောကို ပိုက်လျက် အခန်းမှ ထွက်လာခဲ့သည်။

ညဉ့် ဆယ့်တစ်နာရီရှိပြီ။ ဤအချိန်မျိုး၌ အဖော်အဖြစ်ခေါ်နိုင်သူ တစ်ဦးသာရှိ၏။

သက်ခိုင်သည် အေးဝင်း၏အခန်းသို့ သွား၏။ ဤအချိန်မျိုး၌ အေးဝင်းသည် ဝတ္ထုရေးနေတတ်သည်။

အေးဝင်း၏ အခန်းမှာ မီးမှိတ်လျက် မှောင်နေသည်။ အခန်းကား အပြင်မှ သော့မူ မခတ်ထား။ အတွင်းမှသာ ချက်ချထား၏။ သက်ခိုင်က အခန်းတံခါးကို ဆွဲလှုပ်ကြည့်သည်။ အတန်ကြာမှ အတွင်းမှ မေးသံပေါ်လာသည်။

"ဘယ်သူလဲ"

"ငါပါကွ အေးဝင်း. . . သက်ခိုင်ရယ်ပါ"

ထိုအခါကျမှ တံခါးပွင့်လာသည်။ တံခါးက ပွင့်လာသော်လည်း မီးကမပွင့်။ သက်ခိုင် မနည်းကြည့်ပါမှ အေးဝင်းကိုယ်တော်မြတ်ကို မည်းမည်းကြီး ဖူးမြင်ရသည်။

ကော်ရစ်ဒါမှ မီးပွင့်ရောင်ကြောင့် အေးဝင်း ဝတ်ထားသမျှကို သက်ခိုင် မြင်ရခြင်း ဖြစ်၏။

အေးဝင်းသည် ကုတ်အင်္ကျီအနက်ကို ဝတ်စားထား၏။ တစ်သက်လုံးဘောင်းဘီမဝတ်သူက ယခု ဘောင်းဘီဝတ်ထား၏။

"ဟော့ကောင် အေးဝင်း. . မင်းက ဘာအရူးထပြီး မျောက်လို ဝတ်ထားတာလဲ၊ ဒါမှမဟုတ် မိုးနက်လုပ်ပြီး မွန့်အခန်း သွားတွယ်တက်မလို့လား"

အေးဝင်းက နှုတ်ခမ်းပေါ် လက်ညှိုးတင်လျက် 'ရှူး' ဟု သတိပေးသည်။

သက်ခိုင်က ငြိမ်ကြည့်နေခိုက် အေးဝင်းသည် ကပျာကယာ အခန်းသော့ခတ်ပြီး-

"လာ. . . သူငယ်ချင်း မြန်မြန်"

ဟု ခေါ်လျက် ရှေ့မှသွားသည်။ သက်ခိုင်က နောက်မှ လိုက်လာ၏။

လမိုက်သဖြင့် ညသည် မှောင်နေ၏။

အေးဝင်းသည် ဟီးခနဲ့ တစ်ချက် ရယ်လိုက်၏။

"စွန့်စားခန်းတစ်ခု ရှိလို့ကွ၊ နောင် စာရေးရင် အသည်းတုန်အူတုန်စွန်းစားခန်းကို ကိုယ်တိုင်ပဲ နွှဲဖူးတဲ့ အတွေ့အကြုံရချင်လို့၊ အဟီး. . . ငါ့စေတနာမှန်ကို သိရင် မောင်ညိုမှိုင်းကတော့ ဆဲတော့မှာပဲ"

"ဒီလိုကွ. . . မောင်ညိုမှိုင်းက ဒီညမှာ လျှို့ဝှက်အစည်းအဝေးတစ်ခုလုပ်ထားပြီး ငါ့ကို ဖိတ်ထားတယ်၊ တိုးတက်သော အစိတ်အပိုင်းမှာ ပါရမယ့် စာရေးဆရာတစ်ယောက်အနေနဲ့ကွာ၊ အဟီး ဟီး ဟီး. . အဟင့်အဟင့် သူတို့ ဒီစီကိုယ်တိုင်လာမှာတဲ့"

"သူတို့ဒီစီ. . . ဒီစီ ဆိုတာက ဒီစတြိတ်ကော်မရှင်နာ (အရေးပိုင်)လား"

"မဟုတ်ဘူးကွ၊ ဒီစီဆိုတာက ဒီစတြိတ်ကော်မတီတဲ့၊ လူတစ်ယောက်တည်းက ဘယ့်နှယ် ဘယ့်နှယ် ကော်မတီဖြစ်နေသလဲ မသိဘူး၊ အင်းလေ. . . ကွန်မြူနစ်ပါတီရဲ့ အရေးပိုင်(ဝါ) ခရိုင်ဝန်ပေါ့၊ ရန်ကုန်ခရိုင်ဝန်. ."

သက်ခိုင်က သဘောကျစွာ ရယ်၏။

"ဘယ်ဆိုးလို့တုန်း၊ ဒါထက် ငါ လိုက်ခဲ့လို့ ဖြစ်မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ညိုမှိုင်းက မင်းကိုပါ ခေါ်ခဲ့ဖို့ ပြောတယ်၊ ငါ မင်းအခန်း လာသေးတယ်၊ လေးခေါက်လောက် ရှိတယ် သူငယ်ချင်း၊ မတွေ့ဘူး၊ ဒါထက် မင်းအခုတစ်လော ဘယ်ပျောက်နေတာလဲ"

"ဘယ်မှ မပျောက်ပါဘူး၊ မမန္တယ်ဆီ သွားနေတာ"

အေးဝင်းသည် ခေါင်းတစ်ချက်ညိတ်လိုက်၏။

"အင်း. . သွားပေ့ါလေ၊ ဒါပေမဲ့ ဟော့ကောင်. . . မင်းကဗျာကိုလည်း မင်း မမေ့နဲ့နော်၊ ဘာတဲ့ ပြုပြုသမျှ အနုသယက စခဲ့ရတဲ့ သမုဒယ ဆိုတဲ့ မောင့်ရဲ့အမှား"

သက်ခိုင်က ဘာမျှပြန်မဖြေ။ အေးဝင်းကသာ တစ်ချက်ရယ်လိုက်ပြီး ပြော၏။

ပြုပြုသမျှ. . . အနုသယက စခဲ့ရတဲ့ သမုဒယဆိုတဲ့ မောင့်ရဲ့အမှား၊ သက်ခိုင်ရေ. . မင့်အဲဒီကဗျာကို ငါ သိပ်ကြိုက်တာပဲ၊ အနုသယက စခဲ့တဲ့ သမုဒယကို အဘယ်မည်သော သတ္တဝါမှ မရှောင်လွှဲနိုင်ဘူး၊ ငါ ပြောရင် မင်း အံ့သြသွားမယ်၊ မောင်ညိုမှိုင်းတောင် မရှောင်နိုင်ဘူး"

"ဟေ. . ဘယ်လို"

"မောင်ညိုမှိုင်းတောင် မရှောင်နိုင်ဘူး၊ ကြုံမှ ကြုံလေရတယ် သက်ခိုင်ရေ၊ မောင်ညိုမှိုင်းက ကောင်မလေးတစ်ယောက်ကို ကြိုက်နေသတဲ့ကွ၊ အဲဒီကောင်မလေးက ဘယ်သူလဲ သိလား"

"မင်းဘိုးအေ. . . ငါက ဘယ်လိုလုပ် သိပ့ါမလဲ"

"ဟုတ်သားပဲ၊ မင်း မသိနိုင်ဘူး၊ သိတောင် ယုံနိုင်မှာမဟုတ်ဘူး၊ မောင်ညိုမှိုင်း ကျိတ်ကြိုက်နေတာက ယုကွ၊ ယုမောင်ရဲ့ ယုကွ၊ သိပြီလား"

"မြတ်စွာဘုရား. . မောင်ညိုမှိုင်းကလည်း ယုကို ကြိုက်နေပြန်ပြီ၊ မင်း ဘယ်လိုလုပ် သိသလဲ"

"မွန့်ဆီက သိတာပေ့ါကွ၊ မောင်ညိုမှိုင်းက ယုကို စာပေးဖူးတယ်၊ အဲဒီစာကို ယုက မွန့်ကို ပြတယ်၊ ပြည်ကျောင်းဆောင်က ထွန်းငွေဆိုတော့ မွန်က ငါ့ကို မေးတာပေ့ါ၊ သူငယ်ချင်း. . . တစ်ခုတော့ ရှိတယ်ကွာ၊ ထွန်းငွေကြီး သနားပါတယ်၊ မင်း ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့"

"မပြောပါဘူး၊ အေးဝင်းရော၊ ဒါပေမဲ့ ငါ ရယ်ချင်တာ တစ်ခုတော့ရှိတယ်၊ ယုက အတွင်းဝန်သမီး၊ မောင်ညိုမှိုင်းက အဲ. . . သူ့အဆိုအရ ပစ္စည်းမဲ့ ပြည်သူ့ဘက်တော်သား၊ အတွင်းဝန်ဆိုတာကို သူတို့က အာ့(ချ်)ဖြူရို ကရတ်(ဝါ) ဗြူရိုကရက်ဂိုဏ်းချုပ်လို့ခေါ်တယ်၊ ပစ္စည်းမဲ့ဘက်တော်သားက အတွင်းဝန်သမီးကိုမှ ရွေးကြိုက်ပုံ ကလေးတော့ သဘောကျတယ် သူငယ်ချင်း၊ မောင်ညိုမှိုင်း တစ်ယောက်တည်း မဟုတ်ဘူး၊ တို့တက္ကသိုလ်က လက်ဝဲသမား ဆိုတဲ့ ဖိုးတိတွေ အားလုံး ကြိုက်လိုက်မှဖြင့် အတွင်းဝန် သမီးတို့၊ အရေးပိုင်သမီးတို့၊ အဲဒီကနေ တစ်ပြာမှ မလျှော့ကြဘူး၊ အံ့ပါရဲ့ကွာ"

အေးဝင်းက စဉ်းစဉ်းစားစားပြန်ဖြေ၏။

"ဒီလို ရှိတယ် သူငယ်ချင်းရ၊ သူတို့က အတွင်းဝန် သမီးတို့၊ အရေးပိုင်သမီးတို့ကို ချစ်ချင်လို့ ချစ်ကြရတာ မဟုတ်ဘူး၊ သမိုင်းရဲ့ တောင်းဆိုချက်အရ ချစ်ကြရရှာတာပါ"

"ဘယ်လိုကွ. . ဒီတစ်ချီတော့ မင်းက ငါ့ကို ပဟေဠိဝှက်ပြန်ပြီ"

"မဝှက်ပါဘူး သူငယ်ချင်းရာ၊ ရှင်းရှင်းလေးပါ၊ ဒီဖိုးတိတွေက ရုပ်ကမ္ဘာကြီးကို ကိုးကွယ်ကြတယ်၊ ရုပ်ကမ္ဘာကြီးကပဲ အသည်းနှလုံးနဲ့ချစ်ခြင်း မေတ္တာကို စိုးပိုင်ထားတယ်လို့ ယုံကြတယ်၊ ရုပ်ချောတဲ့ အတွင်းဝန်သမီး ကိုကြိုက်မိရင် ရုပ်ဝါဒအရ သူတို့ အမှားဘူးတဲ့၊ မရနိုင်လို့ ပူဆွေးကြရင်လည်း အဲဒီ ပူဆွေးခြင်းကပေးတဲ့ မျက်ရည်နဲ့ဖွဲ့နွဲ့ပြီး ခေနရှင်အိမ်ထောင်ရေးစနစ်ကို ချစ်မိရင် ချစ်မိသမျှဟာ အမြတ်တဲ့၊ လွမ်းရသမျှဟာ အမြတ်တဲ့၊ အတိုချုံးလိုက်တော့ သမိုင်းပေးတာဝန်ကို ကျေပွန်ခြင်းပဲ. . . တဲ့"

သက်ခိုင်က လှိုက်လှိုက်လှဲလှဲ ရယ်သည်။ ရယ်၍ အားရမှ ပေး၏။

"ဒါထက် အခု တို့ ဘယ်သွားကြမလို့လဲ"

"ဂျုဒ်ဆွန်ဘက်ကိုကွ၊ အတော်ပဲ၊ မင်း တယောတီးတော့ကွာ၊ ငါသီချင်းဆိုမယ်၊ မသင်္ကာသူတွေက တွေ့ရင် ညနက်သန်းခေါင် ထွက်တယောတီး သီခင်းဆိုနေတဲ့ ကျောင်းသားတွေပဲလို့ ထင်ကြမှာ"

အေးဝင်းနှင့် သက်ခိုင်တို့သည် တက္ကသိုလ်ရိပ်သာလမ်းပေါ်သို့ ရောက်လာခဲ့ကြပြီ ဖြစ်သည်။ အနောက်ဘက်ဆက်လျှောက်ကြပြီး အဓိပတိလမ်းအတိုင်း မြောက်ဘက်သို့ လျှောက်ကြပြန်၏။

သက်ခိုင်က ရွှေပဇွန်ကိုတီး၏။ အေးဝင်းက ဆိုလာ၏။

သို့နှင့်ပင် ဂျစ်ဆွန်ဟော(လ်)ရှေ့ ရောက်လာကြ၏။

"လာကြဟေ့. . . အတော်ပဲ၊ လူစုံနေပြီ၊ ကိုသက်ခိုင်ပါလာလို့လည်းဝမ်းသာသဗျ"

မောင်ညိုမှိုင်းက ရှေ့ဆောင် ခေါ်ယူသွား၏။

သက်ခိုင်တို့သည် မြောက်ဘက် ရှေ့ဆုံးအဆွယ်မှ အခန်းကျဉ်းတစ်ခုအတွင်း ရောက်လာကြသည်။ အခန်းကျဉ်းထဲ၌ ဖယောင်းတိုင်မီးမှိန်မှိန် လင်းနေ၏။

အခန်းတွင်း၌ လူဆယ်ဦးခန့် ရှိနေသည်။ သုံးဦးမှာ မိန်းကလေးများဖြစ်ကြ၏။

"ကဲ. . စနိုင်ကြပါပြီ" ဟု ကြေညာ၏။

ဒီစီဆိုသူက စ၍ မိန့်ခွန်းပေးသည်။ သူသည် ဖြူဖြူနွဲ့နွဲ့နှင့် မိန်းမချောချောသူတစ်ဦး ဖြစ်၏။ အသံကပျော့ပျောင်း၍ အမူအရာက သိမ်မွေ့သည်။

တက္ကသိုလ်မှ သာမန် လက်ဝဲကျောင်းသားများကဲ့သို့ မဟုတ်ဘဲ သူသည် စကားကို ညင်ညင်သာသာ ပြောသည်။ လွယ်လွယ်နှင့် ရှင်းရှင်းပြောသည်။ ကြီးမားသော စကားလုံးများကို တတ်နိုင်သမျှ ရှောင်သည်။ ဆွဲဆောင်နိုင်မှုကား အပြည့်အဝရှိ၏။

ထိုညက သူသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းကို တရုတ်ပြည်ကွန်မြူနစ်ပါတီ၏။ သမိုင်းနှင့်ယှဉ်၍ တင်ပြ၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

MCC.i
MCC Training Institute
နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာ ဘွဲ့ရယူလိုသူများအတွက်
(အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့)
• စုစုပေါင်း (၃)နှစ်တက်ရုံနဲ့ B.Sc (Hons;) Business IT ကွန်ပျူတာ သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ရမည်။
• အားလုံး မြန်မာပြည်မှာပဲ အိုးမကွာ၊ အိမ်မကွာ တက်ရုံပါပဲ၊
• (၂)နှစ်တက်ပြီးလို့ နောက်ဆုံးနှစ်ရောက်တာနဲ့ (International Software Development Center) မှာအလုပ်စခန့်ပေးတယ်၊
• ပညာရပ်ဘွဲ့ (Academic Degree) သာမက၊ ကျွမ်းကျင်မှု (Skill), အလုပ်အတွေ့အကြုံ (Job Experience) နဲ့၊ အင်္ဂလိပ်စာကျွမ်းကျင်မှု (English Proficiency) တွေပါတစ်ခါတည်း ပြည့်ပြည့်စုံစုံရမယ်၊
www.facebook.com/mcc.institute
October Intake
Yangon Campus Ph - 01-245762, 01-249152, 01-395512, 01-246634
Mandalay Campus Ph - 09-402671562, 011-202113, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

SR SMART RESOURCES WORLDWIDE EDUCATION
သမ္ဘတ ပညာတော်သင်ဆု ရရှိထားသူများအတွက် သတင်းကောင်း နှင့် အခမဲ့ ဝန်ဆောင်မှုများ
• ပညာရေး လမ်းကြောင်းများကို အကြံပေးရွေးချယ်ပေးခြင်း။
• USA၊ UK၊ Australia အပါအဝင် နိုင်ငံပေါင်း ၉ နိုင်ငံရှိ တက္ကသိုလ်ပေါင်း ၁၅၀ကျော် နှင့် ချိတ်ဆက်၍ ကျောင်းဝင်ခွင့်များ လျှောက်ထားပေးခြင်း၊
• IELTS (သို့ မဟုတ်) ကျောင်းဝင်ခွင့် Test များအတွက် လိုအပ်သည့် သင်တန်းများအား အခမဲ့စီစဉ်ပေးခြင်း။
• ကျောင်းသားဗီဇာလျှောက်ထားခြင်းလိုအပ်သောစာရွက်စာတမ်းများအား စီစစ်ပေးခြင်း၊ကျောင်းသို့ သွားရန် ခရီးစဉ်စီစဉ်ပေးခြင်းနှင့် နေထိုင်ရန် ကူညီပေးခြင်း။
• အလုပ်သင်ဆင်းနိုင်ရန် စီစဉ်ပေးခြင်း နှင့် ကျောင်းပြီးသောအခါ အလုပ်အကိုင် ရရှိနိုင်စေရန် စီစဉ်ပေးခြင်း။
• Bursary Fees ခေါ် အထွေထွေအသုံးစရိတ် အတွက် ထောက်ပံ့ပေးခြင်း။
အနီးဆုံးကျောင်းဝင်ခွင့်လများ နှင့် Jan/Feb 2016 ကျောင်းဖွင့်ချိန်သို့လျှောက်ထားရန် SR Worldwide Education သို့ ဆက်သွယ်နိုင်ပါသည်၊
Contact Us – Tel: 09-799 6888 09, 09- 542 88 48
Visit Us : Level 4, MMC City Campus (47/48, Bahosi Building), Lanmataw Tsp, Yangon, Myanmar.

# (၁၅)ကြိမ်မြောက် ဓမ္မစကြာဒေသနာတော် အကောင်းဆုံးရွတ်ဖတ်ပူဇော်မှု ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ် ပညာရေး ဓမ္မာရုံ၌ စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး ခရိုင် လေးခရိုင်မှ ကျောင်းသား၊ ကျောင်းသူကလေးများ၏ တိုင်းဒေသကြီး ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် အမျိုးသား၊ အမျိုးသမီးများ မြတ်စွာဘုရား၏ ဓမ္မစကြာဒေသနာတော် အကောင်းဆုံးရွတ်ဖတ်ပူဇော်မှုရွေးချယ်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ပြုလုပ်ရာတွင် မြို့နယ်အဆင့်မှ ခရိုင်အဆင့်၊ ခရိုင်အဆင့်မှ ဗဟိုအဆင့်သို့ရောက်ရှိ ပြိုင်ပွဲဝင်များအား အကောင်းဆုံးဆု ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆုများကို အဆင့်အလိုက် (အမျိုးသား)ပထမဆုကို အ-ထ-က (၁) သန်လျင်၊ (အမျိုးသမီး) ပထမဆုကို အထက(၂) ဗဟန်း၊ အမွန်း (အမျိုးသား) ပထမဆုကို အ-ထ-က (၁)ဒဂုံမှ မောင်ကောင်းထက်ကျော်၊ အမွန်း (အမျိုးသမီး) ပထမဆုကို အ-ထ-က(၄) တာမွေမှ မအိန္ဒြေဝင်းက အသီးသီးရရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဆုများ အသီးသီး ချီးမြှင့်ပေးခဲ့သည်။

**ရွှေတိုင်လွင်**

# ရပ်တန့်စစ်ဆေးခံခြင်းမရှိသော ယာဉ်ပေါ်မှ အေးခဲအသားမျိုးစုံ အလေးချိန် ၉၃၂ ကီလိုဂရမ် တာလေတိုးဂိတ်အနီး၌ သိမ်းဆည်းရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် တာချီလိတ် မယ်ယန်းကုန်သွယ်ရေးစခန်းမိုဘိုင်းအဖွဲ့က ဖမ်းဆီးရမိထားသည့် စားသုံးရန်မသင့်သော အေးခဲသားမျိုးစုံ အလေးချိန် ၉၃၂ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၄၀ နီးပါးကို စက်တင်ဘာ ၂၇ ရက်က မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့သည်။ **မော်ကြီး(တြိဂံနယ်မြေ)**

**တာချီလိတ် စက်တင်ဘာ ၂၉**

တာချီလိတ် မယ်ယန်းကုန်သွယ်ရေးစခန်း မိုဘိုင်းအဖွဲ့တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင် ဦးစီးအဖွဲ့သည် စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ဝမ်ကောင်းမွန်ကျေးရွာအနီး၌ Mobile Team တာဝန်ထမ်းဆောင်နေစဉ် တာချီလိတ်မှ မိုင်းဖြတ်သို့ မောင်းနှင်လာသော PAJERO အဖြူရောင်အား ရပ်တန့်စစ်ဆေးရန် တားဆီးသော်လည်း ရပ်တန့်အစစ်ဆေးခံခြင်းမရှိဘဲ မောင်းနှင်သွားသဖြင့် လိုက်လံစစ်ဆေးရာ တာလေတိုးဂိတ်အနီး၌ မောင်တော်ယာဉ်အတွင်း တရားမဝင် သယ်ဆောင်လာသော ပလတ်စတစ်အိပ်များအတွင်းမှ FDA ခွင့်ပြုချက်မပါသော စားသုံးရန်မသင့်သည့် ထိုင်းနိုင်ငံမှ အေးခဲသားမျိုးစုံ၊ တံဆိပ်မပါသော အသားတု ၉၃၂ ကီလိုဂရမ် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်သိန်း ၄၀ အား သိမ်းဆည်းရမိသည်။

အဆိုပါ ဖမ်းဆီးရမိ အေးခဲအသားများကို အဖွဲ့စုံဖြင့် ဖွင့်ဖောက်စစ်ဆေးပြီး တာချီလိတ်မြို့ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး ကူးသန်း ရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန တာချီလိတ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်း ဦးဆောင်သောအဖွဲ့များ၊ တာချီလိတ်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာစံထွန်းဝေနှင့် Mobile Team အဖွဲ့စုံဖြင့် စနစ်တကျ မီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့သည်။

# ပညာ့အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် ကျေးရွာပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲပြုလုပ်

**ပြင်ဦးလွင်၊ စက်တင်ဘာ ၂၉**

ပြင်ဦးလွင်မြို့နယ် နောင်ဝယ်ကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းနှင့် ကျေးရွာနေ ပြည်သူများ စုပေါင်းဆောက်လုပ်လျက်ရှိသော ပညာ့အလင်းရောင်စာကြည့်တိုက်ကို ဆောက်လုပ်လျက်ရှိပြီး ဖွင့်လှစ်တော့မည်ဖြစ်၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အများပြည်သူ စိတ်ဝင်စားမှုမြင့်မားစေရန်အတွက် အနီးဝန်းကျင်ကျေးရွာများ ပါဝင်ယှဉ်ပြိုင်သည့် ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ စတင် ကျင်းပလျက်ရှိကြောင်း သိရသည်။

စာကြည့်တိုက် ဖွင့်ပွဲအထိမ်းအမှတ် ကျင်းပလျက်ရှိသည့် ကျေးရွာပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲကို နောင်ဝယ်ကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျေးရွာပေါင်း ၂၂ ရွာ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး နောက်ဆုံးဗိုလ်လုပွဲကြီးကို စာကြည့်တိုက် ဖွင့်ပွဲနေ့တွင် ကျင်းပနိုင်ရေးအတွက် ကြိုတင်ကာကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"စာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက်လောက်မှာ ဖွင့်ဖို့ မှန်းပြီး အဆောက်အအုံပြီးဖို့ ကြိုးစားလုပ်ဆောင်နေတာပါ။ ရွာက လူငယ်၊ လူကြီးတွေကလည်း စာကြည့်တိုက်ကို အနီးပတ်ဝန်းကျင် ကျေးရွာများပါ စိတ်ဝင်စားအောင် ဘောလုံးပြိုင်ပွဲ ကျင်းပချင်တာနဲ့ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့တာပါ။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွေ ဖွင့်ခဲ့တာ တော်တော်များပြီ အခုလို ဘောလုံးပြိုင်ပွဲနဲ့ အထိမ်းအမှတ်ကျင်းပပြီး ဖွင့်တာတော့ နည်းပါတယ်" ဟု ပြင်ဦးလွင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းက ပြောသည်။

အဆိုပါ နောင်ဝယ်ကျေးရွာ ပညာ့အလင်းရောင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာပြည်သူများမှ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းကျပ်သိန်း ၁၀၀ ဖြင့် ဆောက်လုပ်လျက်ရှိသည်။ စာအုပ်စာစောင်များကိုလည်း စုဆောင်းလျက်ရှိပြီး စေတနာရှင်များမှလည်း လှူဒါန်းလိုပါက လှူဒါန်းနိုင်ကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**


" အများသိစေရန်၊ သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်၊ အလယ်ပစ္စယံ၊ သောကြာထောင့်၊ မြောက်ဘက်မုခ်စောင်းတန်းအနီးတွင် ရုံးခန်းဖွင့်လှစ်ထားသည့် "ရန်ကုန်မြို့၊ ဝေနေယျသုခရေချမ်းစင်အသင်း" အုပ်ချုပ်မှုအမှုဆောင်အဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ၊ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁၂၆၇-ခုနှစ်တွင် တည်ထောင်သည်။




အထက်အမည်ပါ "ရန်ကုန်မြို့၊ ဝေနေယျသုခရေချမ်းစင်အသင်း" အမည်ဖြင့် ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ လွန်ခဲ့သော ၁၉၀၅-ခုနှစ်မှစတင်၍ အသုံးပြုခဲ့ပြီး၊ မြန်မာနိုင်ငံတိုင်းဒေသအနှံ့အပြားတွင် ရေချမ်းစင်၊ စတီး ရေချမ်းစင်၊ သောက်ရေသန့်စက်၊ အဲယားကွန်းစက်နှင့် အလှူငွေများ လှူဒါန်း သည့်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်မှာ ယခုအခါ နှစ်ပေါင်း (၁၁၀)နှစ်ရှိပြီ ဖြစ်ပါသည်။

၎င်းဖော်ပြပါ "ရန်ကုန်မြို့၊ ဝေနေယျသုခရေချမ်းစင်အသင်း" အမည်အား အုပ်ချုပ်မှုအမှုဆောင်အဖွဲ့၏ အတိအလင်းသဘောတူညီချက်မရရှိဘဲ အမည်၊ တံဆိပ်နှင့် အမှတ်အသား၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှားတုပ ပြုလုပ်၍ အသုံးပြုခြင်း မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။

သို့ဖြစ်ရာ အမည်၊ တံဆိပ်အမှတ်အသား ဆင်တူယိုးမှားသော်လည်းကောင်း၊ တုပ၍သော်လည်းကောင်း၊ ပြုလုပ်သုံးစွဲသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသန်းဝင်း (တရားလွှတ်တော်ရှေ့နေ) (စဥ်-၆၇၈၂)
အမှတ် (၅၀)၊ (ပ-ထပ်)၊ အခန်း (အေ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၁၃၄၅၁၈၅



**Job Opportunities**

**BROOKLYN INTERNATIONAL CO.,LTD**

**SERVICE ENGINEER (MALE-5POSTS)**

**Responsibilities:-**

- Service and maintenance of heavy machinery
- Work closely with Sales team to provide customer technical support(Pre-sales & After Sales)

**Requirements:-**

- Degree in engineering or equivalent
- Minimum 2 year experience in service,preferably with knowledge in heavy machinery
- Preferably with driving license

**PAYROLL ADMIN (3POSTS)**

**Responsibilities:-**

- Responsible for the preparation and processing of monthly payroll,overtime calculation,Tax deduction and other compensation & benefits related matters

**Requirements:-**

- Minimum 2-3 years in a Payroll Office Performing all payroll functions
- Excellent skills using MS Office;MS Excel
- Well understanding of Government Tax Regulations

**To apply, please contact to:brooklyn.intl.co@gmail.com/HP:09-970093211**

**Address:No.257,Ground Floor(Left),39 Street,Kyauktada Township,Yangon.**



**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ကျွန်မ၏ သမီးဖြစ်သူ မအေးအေးမွန်(ခ) မွန်မွန်(မွန်မွန်အထည်ဆိုင် ဖ. ဆ. ပ. လ. ဈေး) [၁၂/မဂတ(နိုင်)၀၀၁၇၃၃]သည် မိဘများ ခွင့်မလွှတ်နိုင်သောကိစ္စများ ဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်ခင်ရီ**

**[၁၂/မဂတ(နိုင်)၀၂၁၈၅၂]**



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းပေးဝယ်သည်၊
09-6809893
09-6819020



ပုလဲ
မှင့်လှစ်သော
ကျောင်းသရာ / မရာထူးဖြင့်
အမှတ်စဉ် (၆)
ကျောင်းအပ်လက်ခံနေပါသည်။
Ph: 09 430057605 , 09 784805259
09 420040902 , 09 420040903

## လက်ထပ်ပြီးစီးပါကြောင်း

အမှတ်-၅၂/၅(က)၊ လှည်းတန်းလမ်းမ(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးကြည်စိုး-ဒေါ်ကျင်ရီတို့၏ သားကြီး၊ မောင်တင်ထွဋ်-မမြတ်မွန်ခင်(သုံးရာသီစားသောက်ဆိုင်)တို့၏အစ်ကို မောင်ဇွန်မိုး B.Sc (Zoo)နှင့် ၁၇လမ်း၊ မင်းကွက်(၁) ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီးနေ ဦးမျိုးဆင့်-ဒေါ်မူမူချိုတို့၏ သမီး မစိုးယုလှိုင်(ခ)နိုးနိုး (M.Ed,B.Ed) အထက်တန်းပြ (အထက-၁၊ ရန်ကင်း)တို့သည် ၂၆-၃-၂၀၁၄ခုနှစ်၊ မှတ်ပုံတင်အမှတ် (၁၉၈/၁၄) ဖြင့် ဒုတိယမြို့နယ်တရားသူကြီး ဦးနန္ဒမျိုး(LL.B) ပန်းဘဲတန်း မြို့နယ်တရားရုံးတွင် အသိသက်သေများရှေ့မှောက်၌ ကတိသစ္စာပြုလွှာ၌ တရားဝင်လက်ထပ် လက်မှတ်ရေးထိုးပြီးစီးပြီး ဖြစ်ပါကြောင်း။

**မောင်ဇွန်မိုး-မစိုးယုလှိုင်**

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက် Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားခေါ်သည် / ခရီးစဉ်
Ph: 209077, 209388

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

နေရာတိုင်းဆောင်ထား
Rain Flower
3 Years
အရောက်ပို့
တပ်ဆင်
ရှင်းပြ
ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၀
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တော၀၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၃
-၀၉-၃၁၄၇၁၆၅၄
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၀၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃
Customer များအတွက်



GRACE EDUCATION
Learning Center
TOEFL Exam Oriented Class - တစ်ပတ် (၄)ရက်-၁လ- 1:00-4:00 PM
၁လ - SAT+SUN - 2:00 - 5:00PM
TOEFL PREPARATION CLASS - MON-TUE-TUR ( 1:00-3:00 ) PM
SAT + SUN ( 12:00-3:00 ) PM
IELTS - MON-THUR ( 9:00 -12:00 AM )
- MON-WED-FRI ( 5:00-7:00 PM )
SAT - MON-TUE-THUR ( 3:30-5:00 PM )
College Writing - WED-FRI ( 3:30- 5:00 PM )
Essay, Term Paper
Assignment, Reference
(We link with 250+ Universities all over the World )Pls. call:
0925 880 5582
0979 18 22 665
09 51 40 80 2



| | | | | | |
|---|---|---|---|---|---|
| သစ်တောနဲ့ | သစ်ပင် | ချစ်ခင်တဲ့ | လူမျိုး | သစ်ပင်ကိုနှစ်စဉ်စိုက် | ရွှေတိုက်ကိုစိုး |

## "မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဗီဒီယိုလုပ်ငန်းရှင်များအားလုံးသိရှိစေရန် ကြေညာခြင်း"

ယခုအခါ မြန်မာ ဗီဒီယိုဇာတ်ကားဖြန့်ချိရေးစနစ်များနှင့် ပတ်သက်၍ ပြည်နယ် နှင့် တိုင်းဒေသကြီးများရှိ နယ်ကိုယ်စားလှယ်များ အနေဖြင့် ဝိဝါဒ ကွဲလွဲစရာများ ကြားသိနေကြသည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ အောက်ဖော်ပြပါ ဇာတ်ကားအရေအတွက်များများ ထုတ်လုပ်နေကြသော မြန်မာဗီဒီယိုဇာတ်ကား ထုတ်လုပ်ရေး လုပ်ငန်းရှင်များမှ ဦးဆောင်၍ မိမိတို့၏ ဗီဒီယိုဇာတ်ကားများကို ယခင်ကျင့်သုံးလျက်ရှိသော " **မူပိုင်စနစ်** " ဖြင့်သာ ဆက်လက်၍ ဖြန့်ချိရောင်းချသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာဗီဒီယိုဇာတ်ကား ထုတ်လုပ်ရေးလုပ်ငန်းရှင်များ

ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

AUNG THIRI
Video Production & Distribution
ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

ဇေရဲမြ
ရုပ်ရှင် နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး
အမှတ် (၂၃၄)မြေညီထပ်၊ ၃၆ လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၉၂၉၄၉

PHOENIX

လပ်ကီးဆဲဗင်း

Shwe Sin Oo
Motion pictures Distribution
No. 247/1 (Ground floor), 35 street (upper block), Kyauk Ta Da Township,Yangon, Myanmar. Phone +951-249670, +951-252147

ပါဝါကင်း
ရုပ်ရှင် နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး
အမှတ် ၂၂၃(မြေညီထပ်၊ ၃၅လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁ - ၂၅၆၆၄၇၊ ၀၉၅၀၉၆၆၃၉

AUNG TINE KYAW
အောင်တိုင်းကျော်
ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

ရွှေတောင်ရတနာ
ဗီဒီယိုထုတ်လုပ်ရေး
အမှတ် ၃၀၄၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သဂေါ်တာ
ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး
အမှတ် ၂၄၉(ပထမထပ်)၊ ၃၅လမ်း(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၀၁ - ၂၄၂၄၉၁

ရွှေစည်တော်
SHWE SI TAW
ရုပ်ရှင်နှင့်ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

မင်းဟော်ဂနီ
၁၉၄၇ ခုနှစ် ဦးဖြူ၊ ဦးဘိုးခင်တို့ပါဝင်သော ခမ်းကောင်ပအိုဝ်းလှောင်ဗူးခေါ် (ပအိုဝ်းစုစည်းအဖွဲ့)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ တစ်ချိန်တည်းလိုပင် ၁၉၄၇ ခုနှစ်တွင် သထုံခရိုင်ရှိ ပအိုဝ်းများ ပဏာမဖွဲ့စည်းမှုတွင် အမျိုးဘာသာသနာ ထွန်းလင်းရေးကို ရည်ရွယ်၍ သထုံခရိုင် ပအိုဝ်းခေါင်းဆောင်များဖြစ်ကြသော ဦးလှဖေ၊ ဦးဘိုးမျှင်၊ ဦးပြူး၊ ဦးအောင်သာ စသည်တို့က ရဟန်းသံဃာများ၊ လူကြီးလူငယ်၊ ပအိုဝ်းအမျိုးသား၊ အမျိုးသမီးများနှင့် စည်းဝေးတိုင်ပင်၍ ပအိုဝ်းတောင်သူ အမျိုးသားအဖွဲ့ဟူ၍ ဖွဲ့စည်းခဲ့ကြပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ ခင်ဗျား. . . .**

ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရရှိရေးကို ဦးတည်လှုပ်ရှားခဲ့ပြီး ပြည်ထောင်စုလွတ်လပ်ရေးပန်းတိုင်တစ်ခုဖြစ်တဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပင်လုံစာချုပ်မှာ သထုံစော်ဘွားကြီး စဝ်ခွန်ကြည်အစား ဦးဖြူက ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ပအိုဝ်းအမျိုးသားတို့၏ နဂိုရည်မှန်းထားတဲ့ ဒီမိုကရေစီရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရရှိရေးနှင့် ပြည်ထောင်စုတည်မြဲရေးကို ကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်ကြ၍ ပအိုဝ်းတိုင်းရင်းသားတို့၏ အမျိုးသားရေးကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ကြပါတယ်။ ၁၉၅၀ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် မူလပအိုဝ်းစုစည်းအဖွဲ့ (ပအိုဝ်းလှိုင်ဗူ)ကို ဖျက်သိမ်းပြီး ပ. အ. မ. ဖ ခေါ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး ယာယီအမှုဆောင်များတင်မြှောက်ကြပါတယ်။

ဝန်ကြီးချုပ်ဦးနုရဲ့ ပါလီမန်အထွေထွေရွေးကောက်ပွဲကြီးမှာ ပ. အ. မ. ဖ ကိုယ်စားလှယ်များက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၅၂ ခုနှစ်မှာ သုံးနေရာ၊ ၁၉၅၆ ခုနှစ်မှာ တစ်နေရာဖြင့် အနိုင်ရခဲ့ပါတယ်။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ခေါ် ပ. အ. လ. ဖ အဖွဲ့သည် ၁၉၅၈ ခုနှစ် ဖ. ဆ. ပ. လ အစိုးရမှ ပ. အ. လ. ဖ အား လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရန် ကမ်းလှမ်းခဲ့ပါတယ်။ ပ. အ. မ. ဖ အမှုဆောင်များဟာ ပြည်ထောင်စုအစိုးရတို့နဲ့ ငြိမ်းချမ်းရေးရဲ့ အလင်းရောင်ကို ရှာဖွေညှိနှိုင်းနိုင်ခဲ့မှုကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရန် ၁၉၅၈ ခုနှစ်တွင် ပ. အ. လ. ဖ ဟာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။

၁၉၆၀ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲကြီးမှာ ပ. အ. မ. ဖ အဖွဲ့ချုပ် ထပ်မံဝင်ရောက်အရွေးခံခဲ့ရာ သုံးနေရာ အနိုင်ရခဲ့ပါတယ်ခင်ဗျား. . . .

ပ. အ. မ. ဖ အဖွဲ့ချုပ်ကြီးဟာ ၁၉၆၁ ခုနှစ် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့မှာ ကျင်းပခဲ့တဲ့ ဖက်ဒရယ်အရေး ပြည်နယ်ပေါင်းစုံညီလာခံကြီးမှာ နိုးကြားတက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး (ရှမ်းပြည်နယ်အစိုးရ) ကြိုးကိုင်ကော်မတီတွင် အခြားညီနောင်တိုင်းရင်းသား နိုင်ငံရေးပါတီများနဲ့အတူ ပူးပေါင်းရေးဆွဲခဲ့ကြပါတယ်ခင်ဗျား။ ထိုစဉ် ပ. အ. မ. ဖ ဗဟိုကော်မတီစည်းရုံးရေးမှူး ပြည်သူ့လွှတ်တော်အမတ် ဦးလှဖေသည် ပြည်နယ်များညီညွတ်ရေးအဖွဲ့ ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူးတာဝန်ကို ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော စစ်တပ်က အာဏာသိမ်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ပ. အ. မ. ဖ အပါအဝင် နိုင်ငံရေးပါတီများနဲ့ အဖွဲ့အစည်းများကို ဖျက်သိမ်းခဲ့ပါတယ်ခင်ဗျား. . . .

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပ. အ. မ. ဖ သည် ပအိုဝ်းတိုင်းရင်းသားတို့၏ လိုလားတောင်းဆိုချက်များဖြစ်သော ဒီမိုကရေစီရေး၊ တန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးတို့အတွက် နိုင်ငံရေးအရ ဆက်လက်ပြီး ဥပဒေနှင့်အညီ လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၀ ခုနှစ် မတ်လ ၂၄ ရက်နေ့ တောင်ကြီးမြို့၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ရုံးတွင် ပအိုဝ်းတိုင်းရင်းသားအင်အားစုအသီးသီးမှ စုစည်း၍ ပဥ္စမအကြိမ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပ. အ. မ. ဖ ညီလာခံသဘင်ကြီးကို ခေါ်ယူကျင်းပခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပ. အ. မ. ဖ ခေါ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်အမည်ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၀ ခုနှစ် မတ်လ ၂၅ ရက်နေ့ ရှေ့လုပ်ငန်းစဉ် အစည်းအဝေးကြီးတွင် နဂိုမူလဆုံးဖြတ်ထားသည့် ပ. အ. မ. ဖ အဖွဲ့ချုပ်ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ဆုံးဖြတ်ချက်ကို အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ပယ်ဖျက်ပြင်ဆင်ခဲ့သည့်အတွက် ထိုစဉ်က ပ. အ. မ. ဖ ခေါ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်အမည်ဖြင့် ပြန်လည်မှတ်ပုံတင်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

ပ. အ. မ. ဖ အဖွဲ့ချုပ် ပြန်လည်မှတ်ပုံတင်ရခြင်းအကြောင်းရင်းများကို ဆက်လက်ပြီး ရှင်းပြပါရစေခင်ဗျား. .

ပ. အ. မ. ဖ အဖွဲ့ချုပ်ကြီး၏သက်တမ်းဟာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၆၅ နှစ်ပြည့်ပြီးဖြစ်သော်လည်း ညီလာခံအဆက်ဆက်မှချမှတ်ခဲ့တဲ့ ပအိုဝ်းတိုင်းရင်းသားပြည်သူများ၏ ဆန္ဒသဘောထားတောင်းဆိုချက်များ အပြည့်အဝ မရရှိသေးဘူးဆိုတာ မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ အသိပဲဖြစ်ပါတယ်။ ဆက်လက်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲရေး၊ အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံကာ ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် အခြားပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားလူမျိုးများနဲ့အတူ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပရှိ နိုင်ငံရေးအင်အားစုများအားလုံး ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ ပ. အ. မ. ဖ အဖွဲ့ချုပ်ကို ပြန်လည်ပါတီမှတ်ပုံတင်ရခြင်းပဲ ဖြစ်ပါတယ်ခင်ဗျား. . . . .

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

ပ. အ. မ. ဖ ရဲ့ နိုင်ငံရေးခံယူချက်များကို တင်ပြပါရစေခင်ဗျား. . .

ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်အပြည့်အဝရရှိရေး၊ ဒီမိုကရေစီစနစ် ပိုမိုထွန်းကားရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ပဲဖြစ်ပါတယ်ခင်ဗျား. . .

**ရည်ရွယ်ချက်ကတော့**

ဒီမိုကရေစီစနစ်နှင့် စစ်မှန်သော ပြည်ထောင်စုစစ်စစ်စနစ်ဖြင့် အနာဂတ်ပြည်ထောင်စုကြီးကို ထူထောင်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

ပြည်ထောင်စုနိုင်ငံသားများဖြစ်ကြသော ပအိုဝ်းတိုင်းရင်းသားများနှင့် ပြည်သူလူထုအားလုံး အခြေခံလူအခွင့်အရေးနှင့် ဒီမိုကရေစီအပြည့်အဝရရှိခံစားနိုင်ရေးအတွက် အာမခံချက်ပေးရန်။

ဖွံ့ဖြိုးတိုးတက်မှုကို မဟန့်တားသည့် တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံများ၊ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရန်။

ပအိုဝ်းတိုင်းရင်းသားတို့၏ လူမျိုးရေးလက္ခဏာ(သို့)အမျိုးသားရေးလက္ခဏာ (National Identity) ကို ကာကွယ်စောင့်ရှောက်သွားရန်။

ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသောဒေသများကို အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးကူညီဆောင်ရွက်သွားရန်။

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

အထက်ပါရည်ရွယ်ချက်များကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရှေ့လုပ်ငန်းစဉ်များကိုလည်း ထပ်မံတင်ပြပါရစေခင်ဗျား. .

**ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ပ. အ. မ. ဖ ၏ ရှေ့လုပ်ငန်းစဉ်များကတော့. . .**

ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရှေ့သို့တိုးတက်အောင်ဆောင်ရွက်ရေးအတွက် အခြားနိုင်ငံရေးအင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေးအင်အားစုတွေနဲ့ ဟန်ချက်ညီညီ နိုင်ငံရေးဆောင်ရွက်မှုများလုပ်ဆောင်ဖို့၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရန်(သို့) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်။ တန်းတူရည်တူဖက်ဒရယ်မူဖြင့် ပြည်နယ်သစ်များ ပေါ်ထွန်းခွင့်ရှိသော ဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးတွင် ပအိုဝ်းပြည်သူတစ်ရပ်လုံး၏ အင်အားဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်။

နိုင်ငံရေးကြောင်းအရသော်လည်းကောင်း၊ ဥပဒေကြောင်းအရသော် လည်းကောင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအား ပြင်ဆင်တိုးချဲ့သတ်မှတ်ရေးနှင့် ပအိုဝ်းတိုင်းရင်းသားတို့၏ အန္တိမရည်မှန်းချက်ဖြစ်သော ပအိုဝ်းပြည်နယ်တစ်ရပ် ပေါ်ထွန်းရေးအတွက် ဦးတည်ဆောင်ရွက်သွားမည်။

တက္ကသိုလ်ဘွဲ့ရ ကျောင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖိတ်ခေါ်၍ ဆောင်ရွက်သွားမည်။

တက္ကသိုလ်ဘွဲ့ရ ကျောင်းသားများအပေါ် အခြေခံ၍ ဒေသတွင်း၊ စွန့်ဦးတီထွင်အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် အားပေးဆောင်ရွက်သွားမည်။

အမျိုးသမီးများနှင့် လူငယ်များ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် ပိုမိုပါဝင်လာစေရန်အတွက် အသင်းအဖွဲ့၊ အဖွဲ့အစည်းတိုင်းတွင် လျော်ကန်သင့်မြတ်မှုရှိသော ဦးရေ၊ အခန်းကဏ္ဍနှင့် အစီအမံများ ဦးတည်ဆောင်ရွက်သွားမည်။

ပအိုဝ်းအမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားပြတိုက် ပီပြင်စွာ ဖြစ်ပေါ်လာစေရေးအတွက် တိကျခိုင်မာစနစ်ကျသော ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း၊ သီးခြားလုပ်ငန်းစဉ်တစ်ရပ်ရေးဆွဲခြင်းဖြင့် ရေရှည်ထိန်းသိမ်းရေးကော်မတီများကို ခေတ်ပညာတတ်လူငယ်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်သွားမည်။

ဒေသတွင်းမူးယစ်ဆေးဝါးနှင့် ဘိန်းစိုက်ပျိုးမှုကင်းစင်ပပျောက်ရေးလုပ်ငန်းစဉ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ အစားထိုးသီးနှံများ လုံလောက်စွာရရှိရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တင်ပြခြင်း၊ လိုအပ်သော ဈေးကွက်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ဘဝသစ်ပြန်လည်ထူထောင်ရေးတို့အတွက် ရေတို/ရေရှည် စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။



**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်ပါ ရသင့်ရထိုက်သော အလုပ်သမားအခွင့်အရေးများရရှိစေရေးကို တာဝန်ယူဆောင်ရွက်သွားမည်။

ဒေသတွင်း တရားမဝင်အခွန်ကောက်ခံမှုပပျောက်ရေး၊ လာဘ်ပေး လာဘ်ယူပပျောက်ရေးမှ အခွင့်ထူးခံအရာရှိဆိုးစနစ်ပပျောက်ရေး ဦးစားပေးဆောင်ရွက်မည်။

လယ်/ယာအလုပ်သမားများ၏ အကျိုးစီးပွားအပေါ် ခုခံကာကွယ်တာဝန်ယူဆောင်ရွက်မည့် လယ်/ယာ အလုပ်သမားအစည်းအရုံးများ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့် ရှိစေရမည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ၊ စက်မှုလက်မှုပစ္စည်းများ အလုံအလောက်ရရှိသုံးစွဲနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရ(သို့မဟုတ်) ပြည်နယ်အစိုးရတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက သဘာဝဘေးအန္တရာယ်ကာကွယ်ရေး စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ ဖွဲ့စည်းပြီး ပြည်တွင်း/ပြည်ပရှိ အလှူရှင်များနှင့်ချိတ်ဆက်ကာ ကူညီဆောင်ရွက်သွားမည်။

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

မြေဆီလွှာထိန်းသိမ်းရေး၊ ရေမြေတောတောင်သဘာဝထိန်းသိမ်းရေးတို့အတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ချိတ်ဆက်ကာ ရေတို၊ ရေရှည်စီမံချက်ရေးဆွဲခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အသိပညာဗဟုသုတတိုးပွားလာစေရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း စသည့်အစီအစဉ်များ ဆောင်ရွက်သွားမည်။

ရေထွက်၊ ရေဝေရေလဲဧရိယာ၊ ဂနိုင်များ၊ ဘုန်းကြီးကျောင်းပရိဝုဏ်များအတွင်းနှင့် လစ်လပ်တောင်ကတုံးများပေါ်တွင် ပြည်သူကိုအခြေပြုလျက် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်သွားမည်။

လမ်းပန်းဆက်သွယ်ရေးကို အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်သွားမည်။

နိုင်ငံတစ်ဝန်းကျေးလက်ဒေသအပါအဝင် အခမဲ့ဆေးဝါးကုသခွင့်ရရှိစေရေး၊ ဆေးရုံ၊ ဆေးခန်းများတွင် လိုအပ်သော ဆရာဝန်များ၊ ဆေးဝါးများ၊ ခေတ်မီဆေးကုသမှုကိရိယာများ ပြည့်စုံလုံလောက်ရေးအတွက် သုတေသနပြုပြီး အလေးထားဆောင်ရွက်သွားမည်။

ဒေသတွင်းရှိ ဆေးရုံဆေးခန်းများ အဆင့်မြှင့်တိုးချဲ့တိုးမြှင့်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်သွားမည်။

ဒေသတွင်းရှိ ပညာရေးနှင့်ပတ်သက်၍ အထက်တန်းပညာရေး၊ အလယ်တန်းပညာရေး၊ မူလတန်းပညာရေးတို့၏ အခြေအနေမှန်များ သိရှိနိုင်ရေးအတွက် ပညာရေးဆိုင်ရာ သုတေသနများပြုလုပ်ဆောင်ရွက်ခြင်းဖြင့် လိုအပ်သော ပညာရေးဆိုင်ရာ အစီအမံများကို ဦးတည်ဆောင်ရွက်သွားမည်။

မိခင်ဘာသာစကားကို အခြေခံသော ပအိုဝ်းကိုယ်ပိုင်အမျိုးသားကျောင်း ပေါ်ထွန်းရေးအတွက် ဦးတည်ဆောင်ရွက်သွားမည်။

**လေးစားအပ်ပါသော မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ခင်ဗျား. . .**

ပ. အ. မ. ဖ ပါတီရဲ့ အလံနဲ့သင်္ကေတတို့ကို မိတ်ဆက်တင်ပြရပါစေ။ ပအိုဝ်းအမျိုးသားတစ်ရပ်လုံးနဲ့ တစ်ခုတည်းသော အမျိုးသားနိုင်ငံရေးပါတီအဖြစ် ပ. အ. မ. ဖ ပါတီဟာ (၂၄-၃-၂၀၁၀) ရက်နေ့အထိ ရပ်တည်လာခဲ့ပါတယ်။ ဒါကြောင့် ပ. အ. မ. ဖ ပါတီအလံကိုလည်း ပအိုဝ်းအမျိုးသားအလံအဖြစ် အသုံးပြုလာခဲ့ခြင်းဖြစ်ပါတယ်။ (၂၄-၃-၂၀၁၀)ရက်နေ့မှာ ပ. အ. မ. ဖ ပါတီရဲ့ ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ ပဥ္စမအကြိမ် ညီလာခံသဘင်ကြီးကို ကျင်းပခဲ့ပါတယ်။ အကြောင်းကြောင်းကြောင့် ပြန်လည်မှတ်ပုံတင်နိုင်ခြင်းမရှိခဲ့ရပါ။ ဒါ့အပြင် အခြားပအိုဝ်းအမျိုးသားပါတီတစ်ခုက ပ. အ. မ. ဖ ပါတီရဲ့ အလံကို ၎င်းပါတီရဲ့အလံအဖြစ် ယူသုံးသွားခဲ့ပါတယ်။ အဲဒါကြောင့် ပ. အ. မ. ဖ ပါတီ ပြန်လည်မှတ်ပုံတင်သည့်အခါ ပါတီအလံသစ်၊ သင်္ကေတအသစ်ဖြင့် မှတ်ပုံတင်ခဲ့ရခြင်းဖြစ်ပါတယ်။

ယခုအလံဟာ မူလ ပ. အ. မ. ဖ ရဲ့ အစိမ်း၊ အနီ၊ အပြာစတဲ့ နောက်ခံအရောင်တွေကိုပင်ယူပြီး သုံးရောင်ခြယ်အလံရဲ့ အလယ်တည့်တည့်မှာ အနီရောင်နေမင်းကြီးတစ်လုံး၊ အဖြူရောင်စက်ဝိုင်းကြီးတစ်လုံးနှင့် စက်မှုပင်နီယံတစ်စုံ ထည့်သွင်းထားပါတယ်။ အနီရောင်ဟာ သူရိယဖြစ်ပြီး အဖြူရောင်စက်ဝိုင်းကြီးတစ်လုံးကတော့ စန္ဒာ(သူရိယစန္ဒာ) မင်းကိုကိုယ်စားပြုခြင်းဖြစ်ပါတယ်။ စက်မှုပင်နီယံကတော့ စိုက်ပျိုးရေးကိုအခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်လိုခြင်းပဲ ဖြစ်ပါတယ်။

အခုလက်ရှိ ပ. အ. မ. ဖ ပါတီရဲ့ အမှတ်သင်္ကေတကတော့ စိမ်း၊ နီ၊ ပြာ သုံးရောင်ခြယ်နောက်ခံနဲ့ နဂါးဦးခေါင်းပုံစံဖြစ်ပါတယ်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိရေးအတွက် မိဘပြည်သူများနှင့် ပအိုဝ်းတိုင်းရင်းသားအပေါင်းတို့ လေ့လာဆန်းစစ်၊ အကဲဖြတ်နိုင်စေဖို့အတွက် ပ. အ. မ. ဖ အဖွဲ့ချုပ်၏ သဘောထားနှင့် မူဝါဒလုပ်ငန်းစဉ်များကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုအကျိုး၊ ပအိုဝ်းတိုင်းရင်းသားတို့၏ အကျိုးကို မိဘပြည်သူများ ပအိုဝ်းတိုင်းရင်းသားများ၏ဆန္ဒနှင့်အညီ အမှန်အကန်သယ်ပိုးပေးနိုင်မယ့် ပ. အ. မ. ဖ ခေါ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီရဲ့ ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေးရွေးချယ်ပေးနိုင်ကြပါစေလို့ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# ရခိုင်အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များစသည်တို့ကို ဟောပြောတင်ပြ

**ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်အမျိုးသားပါတီ (Arakan National Party) ၏ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီ (Arakan National Party) (ANP)သည် ရခိုင်ပြည်နယ်၊ ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စုဝင်တိုင်းရင်းသားများကို ကိုယ်စားပြုပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၁၁ နေရာ အနိုင်ရခဲ့သည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (Arakan League For Democracy ALD) ပါတီနှင့် ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီး၌ ၃၅ နေရာအနိုင်ရခဲ့သည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (Rakhine Nationalities Development Party (RNDP)) ပါတီနှစ်ပါတီကို ရခိုင်အမျိုးသားအကျိုးစီးပွားနှင့် ရခိုင်အမျိုးသားတစ်ရပ်လုံးစည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ပူးပေါင်းတည်ထောင်ထားသည့်ပါတီ ဖြစ်ပါတယ်။

**ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီရဲ့ အခြေခံမူဝါဒ (၃)ရပ်မှာ-**

(က) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ (ဆိုလိုသည်မှာ ရခိုင်လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ပိုင်ဖန်တီးခွင့်နှင့် ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူအခွင့်အရေးရရှိရေးကို အာမခံသည့် "လူမျိုးကို အခြေခံသော ပြည်နယ်များဖြင့်" ဖွဲ့စည်းသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန်ဖြစ်သည်။)

(ခ) ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားအားလုံးတို့၏ အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရေးနှင့် အဆိုပါအကျိုးစီးပွားတို့အား အစဉ်ကာကွယ်စောင့်ရှောက်သွားရေး။

(ဂ) ဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့်လည်းကောင်း၊ တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း ၆၀ ကျော် ခါးစည်းခံစားခဲ့ကြရပါတယ်။ ခံစားနေကြရဆဲလည်းဖြစ်ပါတယ်။ ယနေ့အထိ အမျိုးသားလွတ်မြောက်ရေးတောင်းဆိုသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခကြောင့် အပြစ်မဲ့တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်လျက်ရှိကြပါတယ်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းရင်းဟာ တိုင်းရင်းသားလူမျိုးများအချင်းချင်းသည် တန်းတူရည်တူအခွင့်အရေးမရရှိသေးခြင်း၊ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့် မရရှိသေးခြင်းတို့ကြောင့် ဖြစ်တယ်လို့ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်ရပ်စဲပြီး ပြည်တွင်းငြိမ်းချမ်းရေးထာဝစဉ် ရရှိရန်အတွက် ရဲဝံ့စွာဖြင့်လည်းကောင်း၊ သဘောထားကြီးစွာဖြင့်လည်းကောင်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါတယ်။ ထို့ကြောင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို အခြေခံသည့်၊ ဒီမိုကရေစီစနစ်ကိုအာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်မဖြစ်မနေ ပေါ်ပေါက်လာရေးအတွက် ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

**မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ရခိုင်ပြည်နယ်ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်တစ်ခုမဖြစ်သင့်သော ရေခံမြေခံ ရှိပါလျက်၊ သဘာဝသယံဇာတပေါကြွယ်ဝပါလျက် အဆင်းရဲဆုံးဖြစ်နေရပါတယ်။ နိုင်ငံအနှံ့၌ အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဒဏ်ကြောင့် လူ့အသက်ဆုံးရှုံးမှုအများဆုံးနှင့် ပျက်စီးဆုံးရှုံးမှုအများဆုံး ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဆင်းရဲဆုံးပြည်နယ်သည် အဆိုးရွားဆုံး သဘာဝဘေးဒဏ်ကို ခံစားနေရပါတယ်။ နိုင်ငံအနှံ့ရေဘေးသင့်ပြည်သူများစွာအတွက်လည်း ကျွန်တော်တို့ပါတီမှ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါတယ်။ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး၊ အချိန်တိုအတွင်း မူလအသက်မွေးဝမ်းကျောင်းဘဝ ပြန်လည်ဖြစ်ထွန်းရောက်ရှိရေး အလွန်လိုအပ်ပါတယ်။ ဒီအတွက် ပြည်တွင်းပြည်ပ အကူအညီနှင့်လည်းကောင်း၊ နိုင်ငံတော်မှလည်းကောင်း ငွေကြေးများစွာ စိုက်ထုတ်သုံးစွဲရန်လိုအပ်ပါတယ်။ ရေလွှမ်းမြေယာများအတွက် စိုက်ပျိုးရေးနည်းစနစ်၊ နည်းပညာ၊ သီးနှံအမျိုးအစားနှင့် လယ်သမားဘဝနာလန်ပြန်ထူရေး နှစ်ရှည်အတိုးမဲ့ ထောက်ပံ့မည့် အစီအစဉ်များ၊ သဘာဝဘေးဒဏ်အတွက် မုန်တိုင်းဒဏ်ခံ အသက်ကယ်အဆောက်အအုံများ၊ လမ်းကွန်ရက်များနှင့် ကျန်းမာရေး၊ ပညာရေး ကဏ္ဍအပါအဝင် ပြီးပြည့်စုံတဲ့ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် စီမံကိန်းကြီးများ၊ ရခိုင်ကဲ့သို့သော မုန်တိုင်းဝင်တတ်သည့် နေရာဒေသများအတွက် အသက်ကယ်ကုန်းများ၊ ဆိုင်ကလုံးချက်လတာများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသအစိုးရနှင့် ဗဟိုအစိုးရကို တိုက်တွန်းပါတယ်။

**မဲဆန္ဒရှင်တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

ရခိုင်အမျိုးသားပါတီသည် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားများ၏ အကျိုးစီးပွားအတွက် လိုအပ်သောအခြေခံအဆောက်အအုံ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု အပါအဝင် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထိုနည်းတူ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ရှင်သန်ဖွံ့ဖြိုးနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**ဆက်လက်ပြီး ကျွန်တော်တို့ပါတီရဲ့ ရှေ့ဆောင်ရွက်မည့် ပါတီလုပ်ငန်းစဉ်များကို တင်ပြပါမယ်။ လုပ်ငန်းစဉ် ၁၈ ခု ချမှတ်ထားပါတယ်။**

(က) တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရေး၊ အမျိုးသားကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(ခ) လူမျိုးကိုအခြေခံသည့် ပြည်နယ်များဖြင့် ဖွဲ့စည်းထားသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဂ) ဒီမိုကရေစီ အခွင့်အရေး၊ လူ့အခွင့်အရေးနှင့် လူနည်းစုများအခွင့်အရေးတို့ တိုးတက်ကောင်းမွန်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(ဃ) ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(င) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီအခြေခံမူများနှင့် သော်လည်းကောင်း၊ ပြည်ထောင်စုစစ်စစ်မူနှင့်သော်လည်းကောင်းမကိုက်ညီသော အချက်အလက်များနှင့် ဥပဒေအပိုဒ်များကို ပြင်ဆင်ရေးနှင့် တိုင်းရင်းသား သွေးစည်းညီညွတ်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်။

(စ) ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားလယ်သမားများသည် လယ်လုပ်ပိုင်ခွင့်ရှိရုံသာမက လယ်ယာမြေများကို ပိုင်ဆိုင်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်သွားရန်။ ဒ့်အပြင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားလယ်သမားများအနေဖြင့် မိမိတို့၏ ဆန္ဒများကို ဖော်ထုတ်အကောင်အထည်ဖော်နိုင်ရန် လယ်သမားသမဂ္ဂများ ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ရန်။

(ဆ) ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားအလုပ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ခေတ်နှင့်လျော်ညီသည့် လုပ်ခလစာများ ရရှိရေးအပါအဝင်လွတ်လပ်သောအလုပ်သမားသမဂ္ဂများ ပေါ်ပေါက်ရေးအတွက်ဆောင်ရွက်ရန်။

(ဇ) အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန်။

(ဈ) ရခိုင်ပြည်နယ်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့် အကျိုးစီးပွားများကို ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားများ ဥပဒေနှင့်အညီ အပြည့်အဝ ရယူခံစားနိုင်ရေး ဆောင်ရွက်သွားရန်။

(ည) ပြည်တွင်းနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ပေါ်ပေါက်လာသည့် စီမံကိန်ကြီးများတွင် ရခိုင်အမျိုးသားလုပ်ငန်းရှင်များက ပါဝင်လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်သွားရန်။

(ဋ) ရခိုင်အမျိုးသား၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများကို ရှာဖွေ၊ဖော်ထုတ်၊ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရေးတို့ကို ဆောင်ရွက်ရန်။

(ဌ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်မြင့်မားကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန်။

(ဍ) ရခိုင်ပြည်နယ်အတွင်းရှိ ရေလုပ်ငန်း၊ လယ်ယာမြေ၊ သဘာဝအရင်းအမြစ်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေး အစရှိသော ကဏ္ဍအသီးသီးတို့တွင် ပြည်သူတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်သော ယန္တရားတစ်ရပ်ကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီး၏ ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဎ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အကျိုးစီးပွားတို့ကို ကာကွယ်သည့်နိုင်ငံခြားရေးမူဝါဒများအား ပြည်ထောင်စုအစိုးရမှ ချမှတ်နိုင်ရေးအတွက်ဆောင်ရွက်ရန်။

(ဏ) ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များအား ဖော်ထုတ်သုံးစွဲရာတွင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားအားလုံး ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေးဆောင်ရွက်သွားရန်။


(တ) ရခိုင်လူမျိုးများအပါအဝင် မြန်မာနိုင်ငံတိုင်းရင်းသားများအားလုံး ပြည်ပနိုင်ငံများ၌ ဘေးကင်းလုံခြုံစွာ အလုပ်လုပ်ကိုင်နိုင်ရေးနှင့် မိမိနိုင်ငံသို့ ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးတို့ကို ဆောင်ရွက်သွားရန်။

(ထ) မိမိနေရပ်ကိုစွန့်ခွာ၍ အလုပ်အကိုင်ရှာဖွေရင်း မြန်မာပြည်တွင်း နေရာအနှံ့အပြား၌ ရောက်ရှိနေကြသော ရခိုင်တိုင်းရင်းသားများ ရခိုင်ပြည်နယ်အတွင်းသို့ ပြန်လည်ရောက်ရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် တတ်စွမ်းသမျှ ကြိုးပမ်းသွားရန်။

(ဒ) ပြည်တွင်းပြည်ပ၌ ရောက်ရှိနေကြသော ရခိုင်စီးပွားရေးလုပ်ငန်းရှင်များကို ရခိုင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရန်အတွက် အစွမ်းကုန် ဆွဲဆောင်ကြိုးပမ်းသွားရန်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် ကျွန်ုပ်တို့ရခိုင်လူမျိုးများအတွက်သာမက မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲအတွက်ပါ အလွန်အရေးကြီးပါတယ်။ ခေတ်အဆက်ဆက်၌ ရခိုင်လူမျိုးများသည် ဆုံးရှုံးနေသော အမျိုးသားအခွင့်အာဏာများကို ရရှိစေရန်အတွက် နည်းလမ်းပေါင်းများစွာကို အသုံးပြု၍ သက်စွန့်ဆံဖျား ကြိုးစားခဲ့ကြပါတယ်။ ကျွန်ုပ်တို့ ရခိုင်အမျိုးသားပါတီအနေဖြင့်လည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှ ထိုအခွင့်အာဏာများကို ပြန်လည်ရရှိနိုင်ရေး အစွန်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ရခိုင်အမျိုးသားပါတီဟာ လာမည့်ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၇ နေရာ၌ ယှဉ်ပြိုင်မည်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တွင် လွှတ်တော်သုံးရပ်၌ စုစုပေါင်း ၆၂ နေရာ၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်မှာ ငါးနေရာ၊ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုးနေရာနှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ရခိုင်ရေးရာဝန်ကြီး တစ်နေရာတို့ဖြစ်ပါတယ်။



ရခိုင်အမျိုးသားပါတီသည် ရခိုင်ပြည်သူများ အခက်အခဲ အကျပ်အတည်းကြုံတိုင်း ရခိုင်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသော အဖွဲ့အစည်းများနဲ့အတူ ထိုအခက်အခဲများမှ ရုန်းထွက်နိုင်အောင် ပြည်သူနှင့်တစ်ထပ်တည်း ထာဝစဉ်ကြိုးပမ်းဆောင်ရွက်နေသည့် ပါတီဖြစ်ကြောင်း ပြည်သူများအသိပင် ဖြစ်ပါတယ်။

ထိုသို့ ထာဝစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်သူတစ်ရပ်လုံးသည် ရခိုင်ကိုယ်စားပြုပါတီ RNDP နှင့်အတူ ရပ်တည်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တတိယအများဆုံး အနိုင်ရပါတီကြီးအဖြစ် RNDP ကို သမိုင်းမှတ်တိုင် စိုက်စေခဲ့ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ရခိုင်ပါတီ (RNDP)တစ်နိုင်ငံလုံး၌ တတိယအများဆုံး အောင်ပွဲရခဲ့ခြင်းသည် ရခိုင်ပါတီ(RNDP) သာမက **"ရခိုင်တစ်မျိုးသားလုံး၏ အမျိုးသားစိတ်ဓာတ်"**ကို မြန်မာနိုင်ငံအစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံတကာအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများကပင် အသိအမှတ်ပြုခဲ့ရပါတယ်။

၂၀၁၅ ခုနှစ် နိုင်ဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲ၌ ယှဉ်ပြိုင်မည့်နေရာအားလုံးတွင် ALD နှင့် RNDP ပါတီတို့ ပူးပေါင်းထားသည့် ရခိုင်အမျိုးသားပါတီ(ANP)အပြတ်အသတ် အောင်ပွဲရရှိစေရန်မှာ ရခိုင်ပြည်သူများ၏ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်သည်ဟု အလေးအနက်ယုံကြည်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင် တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**

သမိုင်းဖြစ်ရပ်သင်ခန်းစာ၊ ခေတ်စနစ်၏ တောင်းဆိုချက်အရ ရခိုင်အမျိုးသားပါတီသည် ရခိုင်ပြည်နယ်ပါလီမန်ကို စိုးမိုးချုပ်ကိုင်နိုင်ရပါမည်။ ရခိုင်အမျိုးသားပါတီသည် ရခိုင်ပြည်နယ်အစိုးရကို ဦးဆောင်ဖွဲ့စည်းနိုင်ရပါမည်။ ဤလိုအပ်သော အပြောင်းအလဲအတွက် ရခိုင်ပြည်သူတစ်ရပ်လုံး ရခိုင်အမျိုးသားပါတီနှင့်အတူ ရပ်တည်ပေးရန်လိုပါမည်။ ရခိုင်ပြည်သူတစ်ရပ်လုံး အဖရခိုင်မြေကို ငါ့ရို့ကိုယ်တိုင် တည်ဆောက်မှုဖြစ်မည်ဟု ခံယူကြပါရန် လိုပါသည်။

ထို့ကြောင့် ရခိုင်တစ်မျိုးသားလုံးအနေဖြင့် အဿျင်နာဂိန္ဒမော်ကွန်းစာကို ဦးထိပ်ရွက်လျက် ရခိုင်အမျိုးသားပါတီ အောင်ပွဲရရှိစေရန် ပါတီကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲပေးခြင်းဖြင့် မပြီးဆုံးသေးသော အမျိုးသားရေးတာဝန်ကို အစွမ်းကုန်သယ်ပိုးဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

မဲဆန္ဒရှင်တိုင်းရင်းသား မိဘပြည်သူများအားလုံး အန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြပါစေ။ ဒီမိုကရေစီကိုအခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အမြန်ပေါ်ထွန်းနိုင်ပါစေ။

**ရခိုင်အမျိုးသားပါတီ အောင်နိုင်ရေးတေးချင်း**

## အောင်ပွဲပန်းတိုင်

❖ စနစ်ကိုတွန်းလှန် ပြည်ကိုမွမ်းမံ
ဗျာလွှအားမာန် ANP အောင်လံ
အဖပြည်မာဝပ်ပုံ့ ထက်အာကာခေါင်းခင်
စွမ်းအားနဲ့ဝင့်လို့ပုံ။

❖ ကြားနိန်သွီးတိုင်းမယုံပါ မမူးပါ
ရက္ခိုတအားမန် ANP အောင်လံ
အဖပြည်ကိုဝိုင်းရုံ စည်းရိုးပြေမလားအောင်
မကွဲပြားဖို့ သွီးနီးပါ။

❖ ဒီမိုကရေစီအရေး အားလုံးတန်းတူရေး
ဖွံ့ဖြိုးတိုးတက်ရေး မဲတစ်ပြားဝိုင်းဗျာလ်
ကူကတ်မေ။
ယှဉ်ပြိုင်အောင်နိုင်ရေး တရားသဖြင့်ဖြစ်ဖို့ရေး
ရခိုင်အမျိုးသား ငါ့ရို့အောင်လံကို အားလုံးဝိုင်းဗျာလ်ထူး။
လားလား လားကတ်မေ မဲပီးဖို့လားကတ်မေ
လားလား လားကတ်မေ ANP ကို မဲပီးဖို့။

❖ ဘယ်သူလာခြောက်ခြောက် အမှန်ငါ့ရို့မကြောက်ပါ
ညီညွတ်အားမာန် ANP အောင်လံ
အဖပြည်ကိုဝိုင်းရုံ ထက်အာကာကောင်းခင်
စွမ်းအားနန့် ဝင့်လို့ပုံ။

စက်တင်ဘာ ၃၀၊ ၂၀၁၅
စာမျက်နှာ-၄

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို

ကြေးမုံ Mirror

# ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များ စသည်တို့ကို ဟောပြောတင်ပြ

**ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးပိုင်ဆာ့ခ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားရပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားပြည်သူအပေါင်းတို့ အားလုံးမင်္ဂလာပါလို့ ရိုသေစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပိုင်ဆာ့ခ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီရဲ့ မူဝါဒ၊ သဘောထား၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြသွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ချင်းလူမျိုးတို့က နယ်ချဲ့အင်္ဂလိပ်တို့လက်အောက် မကျရောက်မီက ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပြီး မိမိတို့နယ်မြေဒေသကို လွတ်လပ်ငြိမ်းချမ်းစွာ စီမံအုပ်ချုပ်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ နယ်ချဲ့အင်္ဂလိပ်လက်အောက်ကို ကျရောက်တဲ့အခါမှာ ချင်းတောင်တန်းဒေသဥပဒေ (The Chin Hill Regulations-1896)ပြဋ္ဌာန်း၍ ချင်းတောင်တန်းဒေသကို အုပ်ချုပ်ခဲ့ပါတယ်။

အောင်ဆန်းအက်တလီစာချုပ်အရ တောင်တန်းဒေသမှာ နေထိုင်ကြတဲ့ ကချင်၊ ချင်း၊ ရှမ်း စတဲ့ တိုင်းရင်းသားလူမျိုးများဟာ ဗမာတိုင်းရင်းသားများနဲ့အတူ လွတ်လပ်ရေးယူသင့်/မယူသင့်ကိစ္စပေါ် ပေါက်လာခဲ့ပါတယ်။ ဖလပလ ခေါင်းဆောင်များနဲ့ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ကိုယ်စားလှယ်များနဲ့ ချင်း၊ ကချင်၊ ရှမ်းခေါင်းဆောင်များဟာ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ရေးအတွက် ၁၂-၂-၁၉၄၇ ရက်နေ့မှာ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံလို့ခေါ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ချင်း၊ ကချင်၊ ရှမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဗမာအစိုးရ ကိုယ်စားလှယ်တို့က လက်မှတ်ရေးထိုးတဲ့ ပင်လုံစာချုပ်ကနေ မွေးဖွားသန့်စင်ပေးလိုက်တာဖြစ်ပါတယ်။

သမိုင်းဝင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တဲ့ ချင်းတိုင်းရင်းသားတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပူးတွဲတည်ထောင်သူများဖြစ်တဲ့အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် အဓိကတာဝန်ရှိတဲ့ လူမျိုးတစ်မျိုးဖြစ်တဲ့အကြောင်း ဖော်ပြလိုပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းရင်းသားလူမျိုးခေါင်းဆောင်များက မျှော်မှန်းခဲ့ကြတဲ့ ပင်လုံစာချုပ်ပါ အနှစ်သာရများကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းကောင်း၊ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းကောင်း ထည့်သွင်းပြဋ္ဌာန်းခြင်းမရှိသေးတာတွေ့ရပါတယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ပြည်တွင်းစစ်ဟာ ပင်လုံစာချုပ်မှာ မျှော်မှန်းထားခဲ့ကြတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ် မဖော်ဆောင်နိုင်ခြင်း၊ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရှိခြင်း၊ တိုင်းရင်းသား လူနည်းစုတို့အား လွှမ်းမိုးအနိုင်ယူမှုမှ ကာကွယ်ထားတဲ့ အာမခံချက်မရှိခြင်းတို့ကြောင့် ၆၇ နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပိုမိုခိုင်မြဲရေး၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး၊ တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဟာ မရှိမဖြစ်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လိုအပ်ချက်ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ်မတည်ဆောက်နိုင်သေးသရွေ့ ပြည်တွင်းစစ်ချုပ်ငြိမ်းနိုင်မည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးစုများလက်ဝယ်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မရရှိသေးသရွေ့ ပြည်တွင်းငြိမ်းချမ်းရေး မရရှိနိုင်ဆိုတဲ့ အချက်နှစ်ချက်ကို သမိုင်းသင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ပြည်တွင်းစစ်ချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးကို မူဝါဒအဖြစ်ချမှတ်လျက် ပါတီကိုထူထောင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါအပြင် ချင်းလူမျိုးများဟာ ချင်းပြည်နယ်မှာသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနှံ့အပြားမှာ ပြန့်ကျဲနေထိုင်ကြတဲ့အတွက် ချင်းတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး ချင်းတစ်မျိုးသားလုံးအတွက် ရပ်တည်ဆောင်ရွက်နိုင်ဖို့ ဥပဒေအရ ရပိုင်ခွင့်များကို အပြည့်အဝရရှိနိုင်ဖို့၊ ပြည်ထောင်စုဝင် အခြားတိုင်းရင်းသားများနဲ့အတူ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် လက်တွဲဆောင်ရွက်နိုင်ဖို့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့တာဖြစ်ပါတယ်။

ချင်းဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒရည်မှန်းချက်များကို အကောင်အထည်ဖော်တဲ့အခါမှာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ရဲရင့်သတ္တိရှိဖို့လိုအပ်တဲ့အတွက် ချင်းဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ပါတီအလံသုံးပုံတစ်ပုံကို အနီရောင်၊ ချင်းပြည်နယ်နှင့်တကွ ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက်တဲ့အခါ ငြိမ်းချမ်းခြင်း၊ ရိုးသားခြင်း၊ ဖြောင့်မတ်တည်ကြည်ခြင်း လိုအပ်တဲ့အတွက် ပါတီရဲ့အလံ သုံးပုံနှစ်ပုံကို အပြာရောင်၊ သဘောထားဖြောင့်မှန်ခြင်း၊ စင်ကြယ်ခြင်း လိုအပ်တဲ့အတွက် ချင်းအမျိုးသားရေးအတွက် ချင်းအမျိုးသားတစ်ရပ်လုံး တစ်လုံးတစ်ဝဖြစ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြယ်ဖြူတစ်လုံးနဲ့ ပါတီရဲ့အလံကို ဖော်ဆောင်ထားပါတယ်။

ဒါအပြင် ပါတီရဲ့အမှတ်တံဆိပ်ကို ပါတီရဲ့အလံနောက်ခံအရောင်ပေါ်မှာ အနီရောင်တောင်ဇလပ်ပန်းသုံးပွင့်နဲ့ အောက်ချင်းငှက် အဖိုအမနှစ်ကောင်ယှဉ်တွဲကာ ရှေ့သို့မျက်နှာမူလျက် ထိပ်မှာ Chin League For Democracy Party လို့ ဖော်ပြထားပြီး အောက်ခြေမှာ ပါတီထူထောင်တဲ့ခုနှစ် ၂၀၁၄ လို့ ဖော်ပြထားပါတယ်။ အဓိပ္ပာယ်ကတော့ တံဆိပ်ရဲ့အောက်ခံအရောင်ဟာ ပါတီရဲ့အလံအရောင်ကို ကိုယ်စားပြုပြီး တောင်ဇလပ်ပန်းသုံးပွင့်ဟာ ချင်းတောင်တန်းမှာ ရှင်သန်ပွင့်လန်းတဲ့ပန်းကို ကိုယ်စားပြုပါတယ်။ တောင်ဇလပ်ပန်းသုံးပွင့်ကတော့ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းကို ရည်ညွှန်းပါတယ်။ အောက်ချင်းငှက်မောင်နှံက ချင်းအမျိုးသားတို့ရဲ့သစ္စာတရားကို ကိုယ်စားပြုပြီး ကျား/မ၊ အမျိုးသား/အမျိုးသမီး တန်းတူရည်တူ ယှဉ်တွဲလျက် ချင်းအမျိုးသားရေးနှင့် ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက် သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်မည်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်ပါတယ်။

**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ပါတီရဲ့ မူဝါဒရည်မှန်းချက်များကို ဆက်လက်ရှင်းပြလိုပါတယ်။

(၁) စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်နဲ့အတူ တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှုရှိတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်တည်ဆောက်ရေး။

ချင်းလူမျိုးများအတွက် စစ်မှန်သော ဒီမိုကရေစီစနစ်ရရှိရုံနဲ့ မလုံလောက်သေးပါဘူး။ ပင်လုံစာချုပ်နဲ့ ပင်လုံကတိကဝတ်များအရ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့လူမျိုးများ တန်းတူညီမျှတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်မှသာလျှင် ချင်းလူမျိုးများအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးအနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမှာ တန်းတူတဲ့လုပ်ပိုင်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ တန်းတူညီမျှဖို့အတွက် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်တဲ့ ဗမာလူမျိုးဟာလည်း တိုင်း(၇)တိုင်းအဖြစ် ဖွဲ့စည်းတည်ဆောက်ရမည့်အစား ပြည်နယ် တစ်ပြည်နယ်အဖြစ်ဖွဲ့စည်းတည်ဆောက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါအပြင် ချင်းမျိုးနွယ်စုများအကြားမှာလည်း မျိုးနွယ်စုကြီးက မျိုးနွယ်စုငယ်များကို လွှမ်းမိုးအသာစီးရယူမှုမရှိစေဖို့ တန်းတူညီမျှမှုကို အဓိကဖော်ဆောင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာမှာ ဖက်ဒရယ် ပြည်ထောင်စုစနစ်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မလွဲမသွေထည့်သွင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုထည့်သွင်းရေးဆွဲနိုင်ဖို့ ချင်းအမျိုးသားအသိပညာရှင် အတတ်ပညာရှင်များ၊ ပြည်ထောင်စုအဆင့်လွှတ်တော်မှာ ချင်းလူမျိုး ဥပဒေပညာရှင်များအပါအဝင် တိုင်းရင်းသားလူမျိုးပညာရှင်များပါဝင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ချင်းလူမျိုးများအနေနဲ့ လမ်းဖောက်ပေးမည်၊ တံတားဆောက်ပေးမည်၊ ကျောင်းဆောက်ပေးမည်ဆိုတဲ့ ကတိကဝတ်များကိုမျှော်ကိုးခြင်းထက် တစ်ချိန်တည်းမှာ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်ရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်းအလုပ်ဟာ အစိုးရရဲ့မဖြစ်မနေ လုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီး ဘယ်အစိုးရတက်တက် မလွဲမသွေလုပ်ရမည့် အလုပ်ဖြစ်တဲ့အတွက် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကသာ တိုင်းရင်းသားအားလုံးအတွက် ပိုပြီးအရေးကြီးပါကြောင်း တင်ပြအပ်ပါတယ်။

(၂) တိုင်းရင်းသားလူမျိုးများ အားလုံးနှင့်အတူ ချင်းလူမျိုးတို့အနေဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် မိမိတို့ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်ရရှိရေး။

အင်္ဂလိပ်လက်အောက်မကျရောက်မီ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိခဲ့တဲ့ ချင်းလူမျိုးတို့ဟာ အင်္ဂလိပ် လက်အောက်ကျရောက်တဲ့အခါ ဒေသခံ၊ နယ်ခံအကြီးအကဲများခန့်အပ်ပြီး ဒေသဓလေ့ထုံးတမ်းများအရ အုပ်ချုပ်ခဲ့ပါတယ်။ ၁၂-၂-၁၉၄၇ ရက်နေ့မှာ ချုပ်ဆိုတဲ့ ပင်လုံစာချုပ်အရ ပြည်ထောင်စုမြန်မာနိုင်ငံမှာ လူမျိုးတစ်မျိုးအဖြစ် ပါဝင်လာတဲ့အခါ ချင်းတောင်တန်းဒေသကို ပြည်နယ်မပေးဘဲ ချင်းဝိသေသတိုင်းအဆင့်ကိုသာ ပေးအပ်ခဲ့တဲ့အတွက် ချင်းလူမျိုးတို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ပိုင်ခွင့်များ ဆုံးရှုံးခဲ့ရပါတယ်။ ဒီလိုလက်လွှတ်ဆုံးရှုံးခဲ့ရတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ကို ပြန်လည်ရရှိရေးအတွက် ချင်းအမျိုးသားတစ်ရပ်လုံး ဥပဒေဘောင်အတွင်းက ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ မိမိတို့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပါက တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် လျှပ်စစ်မီးရရှိရေးတို့ကို လိုအပ်တဲ့နေရာမှာ မိမိတို့ကိုယ်တိုင် စိတ်ကြိုက်စီမံဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

(၃) ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေးကို ရှေးရှု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူညီမျှသော အခွင့်အလမ်းများရရှိရေးနှင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းစစ်ဟာ ၆၇ နှစ်ကြာမြင့်ပြီဖြစ်တယ်။ ပြည်တွင်းစစ်ဖြစ်ရတဲ့အကြောင်းအရင်းကို ဆန်းစစ်လျှင် လူမျိုးကြီးဖြစ်တဲ့ ဗမာလူမျိုးများက လူနည်းစုတိုင်းရင်းသားလူမျိုးများအပေါ် လွှမ်းမိုးခြယ်လှယ်တယ်လို့ ခံစားကြတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ ပင်လုံစာချုပ်အတိုင်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပြည်ထောင်စုစနစ်(ဖက်ဒရယ်စနစ်)မဟုတ်ဘဲ တစ်ပြည်ထောင်စနစ်နဲ့ ရေးဆွဲကာ နိုင်ငံတော်ကို တည်ဆောက်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ချင်းလူမျိုးအပါအဝင် တိုင်းရင်းသားလူနည်းစုများဟာ နိုင်ငံရေးလုပ်ပိုင်ခွင့် ဆုံးရှုံးခဲ့ရုံမက စီးပွားရေး၊ လူမှုရေးမှာလည်း တန်းတူညီမျှမှုမရှိတာ ကြုံတွေ့ခံစားခဲ့ကြရပါတယ်။ ချင်းပြည်နယ်ဟာ ဆင်းရဲမွဲတေမှုအကြီးဆုံး ဒေသဖြစ်နေတာဟာ ခေတ်အဆက်ဆက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်ခဲ့လို့ဖြစ်ပါတယ်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ချင်းတိုင်းရင်းသားတို့အနေနဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ လုပ်ပိုင်ခွင့်အပြည့်အဝရရှိရေးကို ဆောင်ရွက်ဖို့ လိုအပ်ကြောင်း မီးမောင်းထိုးပြနေပါတယ်။

ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှတဲ့ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခြင်းကသာ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေးကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

(၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က လက်မှတ်ထိုးအတည်ပြုပြီးဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ချင်းလူမျိုးအားလုံးအပါအဝင် နိုင်ငံသားတိုင်း အပြည့်အဝ ခံစားရရှိနိုင်ရေး။

မြန်မာနိုင်ငံဟာ စီဒေါ (CEDAW)နဲ့ စီအာရ်စီ(CRC) စာချုပ်များကို လက်မှတ်ရေးထိုးတဲ့ နိုင်ငံဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဒါကြောင့် ကလေးသူငယ်များအခွင့်အရေး အပြည့်အဝရရှိနိုင်ရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှုမှ ကင်းဝေးရေး၊ ကျား/မ တန်းတူညီမျှရေး၊ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လူနည်းစုအခွင့်အရေး အပြည့်အဝရရှိရေးအတွက် အာမခံချက်ရရှိရေးဟာ အထူးအရေးကြီးပါတယ်။ ၁၉၉၃ ခုနှစ်၊ ကလေးသူငယ်ဥပဒေကို CRC နှင့်အညီ ပြင်ဆင်ဖို့လိုအပ်သလို ပြစ်မှုပြစ်ဒဏ်ကိုလည်း တိုးမြှင့်ပြီး ရဲအရေးပိုင်မှုအဖြစ် ပြင်ဆင်ဖို့လိုအပ်ပါတယ်။ ကလေးသူငယ်အပေါ် ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်စော်ကားမှုများအတွက် ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်နိုင်ဖို့ အနည်းဆုံးပြစ်ဒဏ်သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။ တစ်နေ့တခြား လူစုဖွဲ့ပြီး ရမ်းကားမှု တိုးပွားလာခြင်း၊ အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုတိုးပွားလာခြင်းကို ဟန့်တားဖို့အတွက် သက်ဆိုင်တဲ့ဥပဒေများကို ပြင်ဆင်ပြီး ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ချင်းဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အထက်ပါအခွင့်အရေးများကို ချင်းလူမျိုးအပါအဝင် တိုင်းရင်းသားအားလုံးက အပြည့်အဝခံစားနိုင်ရေး ကြိုးပမ်းဆောင်ရွက်မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။



(၅) တိုင်းရင်းသားလူနည်းစုများနဲ့ ချင်းတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးကို ထိခိုက်နစ်နာမှုမရှိစေရန် လုံလောက်သော အကာအကွယ်ရရှိရေး။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း၊ လက်ရှိကျင့်သုံးနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ချင်းတိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားလူနည်းစုများဟာ ဥပဒေအရ လုံလောက်တဲ့အကာအကွယ်မရှိခဲ့ပါ။

(၆) ချင်းပြည်နယ်ပြင်ပ၌ ပြန့်ကျဲနေထိုင်ကြတဲ့ ချင်းလူမျိုးများအနေနဲ့ ဥပဒေအရ ရပိုင်ခွင့်များ အပြည့်အဝ ရရှိနိုင်ရေး။

ချင်းလူမျိုးများဟာ ချင်းပြည်နယ်မှာသာမက ပြည်နယ်ပြင်ပဖြစ်တဲ့ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှာ ပျံ့နှံ့နေထိုင်လျက်ရှိကြပါတယ်။ အခြားနိုင်ငံများမှာလည်း ကမ္ဘာအနှံ့ပြန့်ကျဲနေထိုင်လျက်ရှိကြပါတယ်။ ချင်းပါတီနိုင်ငံရေးခေါင်းဆောင်များအနေနဲ့ ချင်းလူမျိုးတစ်ဦးချင်းရဲ့ ဥပဒေအရ ရပိုင်ခွင့်များ အပြည့်အဝရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ချင်းလူမျိုးတို့နေထိုင်တဲ့ နေရာဒေသမှာရှိတဲ့ နိုင်ငံသားများနည်းတူ အခွင့်အရေး တန်းတူညီတူရရှိရေး ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လူနည်းစုဖြစ်တဲ့အတွက် လွှမ်းမိုးခြယ်လှယ်ခြင်းမခံရစေရန် လုံလောက်တဲ့ အကာအကွယ်ရရှိရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဥပဒေအရ သတ်မှတ်ထားတဲ့ လူဦးရေပြည့်မီပါက ချင်းလူမျိုးရေးရာဝန်ကြီးများ ရရှိရေးနဲ့ ချင်းလူမျိုးများအတွက် နစ်နာမှုမရှိဖို့ ကြိုတင်ကာကွယ်မှု၊ နစ်နာမှုအတွက် ကုစားမှုများ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

(၇) ချင်းအမျိုးသားရေးတွင် ချင်းအမျိုးသားတစ်ရပ်လုံး တစ်လုံးတစ်ဝတည်းဖြင့် လက်တွဲဆောင်ရွက်နိုင်ရေး။

ကြီးမားတဲ့ရည်မှန်းချက်၊ ကြီးမားတဲ့ လုပ်ငန်းကြီးများကို ညီညွတ်မှုအားနဲ့သာ ရယူနိုင်မှာဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ လူဦးရေဟာ လေးသိန်းကျော်မျှသာရှိပါတယ်။ ပြည်နယ်ပြင်ပလူဦးရေပေါင်းလျှင်ပင် လူဦးရေတစ်သန်းမပြည့်တဲ့ အခြေအနေမှာ ကွဲပြားမှုကိုဖြစ်စေတဲ့ လုပ်ရပ်မျိုးကို ရှောင်ကြဉ်လျက် ချင်းတစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးနဲ့ တစ်လုံးတစ်ဝတည်းဖြစ်ရေးကို ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကိစ္စတစ်ခုစီတိုင်းမှာ ချင်းလူမျိုးနွယ်စုအားလုံးတို့ဟာ အမြင်ချင်း၊ ခံယူချက်ချင်းတူညီကြမည်မဟုတ်သော်လည်း ကွဲပြားခြားနားတဲ့ အတွေးအမြင်ယုံကြည်ချက်တို့ကို စုစည်းပြီး အပြန်အလှန်ညှိနှိုင်းလျက် နားလည်မှုနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အခြားတစ်ဖက်မှာလည်း ကိစ္စရပ်တိုင်းမှာ ချင်းအမျိုးသားတစ်ရပ်လုံး တစ်လုံးတစ်ဝတည်းဖြစ်ရေးဟာ လွယ်ကူတဲ့ ကိစ္စမဟုတ်တဲ့အတွက် သာမန်ကိစ္စရပ်များမှာ ၅၀ ရာခိုင်နှုန်းကျော်ရဲ့ ထောက်ခံသဘောတူညီမှု အထူးအရေးကြီးသော ကိစ္စရပ်များမှာ သုံးပုံနှစ်ပုံကျော် သို့မဟုတ် လေးပုံ သုံးပုံကျော်ရဲ့ သဘောတူညီမှုနဲ့ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရမှာဖြစ်ပါတယ်။

ဒါပေမယ့် ချင်းအမျိုးသားရေးကိစ္စနှင့် စပ်လျဉ်းပြီး အရေးကြုံလာပါက ချင်းတစ်မျိုးသားလုံးအနေနဲ့ တစ်လုံးတစ်ဝဖြစ်ရေးဟာ အလွန်အရေးကြီးပါတယ်။ ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုတို့ရဲ့ ကွဲပြားခြားနားမှုများကို မိမိတို့ ပါတီအဖွဲ့အစည်းထက် ချင်းအမျိုးသားတစ်ရပ်လုံးရဲ့ အကျိုးစီးပွားကို ဦးစားပေးဖို့ ချင်းဒီမိုကရေစီအဖွဲ့ချုပ်က အလေးအနက် ခံယူထားပါတယ်။

ဒါကြောင့် ချင်းအဖွဲ့ချုပ်အနေနဲ့ ချင်းအမျိုးသားများရဲ့ စည်းလုံးညီညွတ်ရေးအတွက် ဘယ်အခြေအနေမျိုးမှာမဆို လက်မြှောက်အရှုံးပေးမည်မဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒီရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးကို အစဉ်ရှေးရှုပြီး ချင်းဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒရည်မှန်းချက်တူညီတဲ့ ချင်းနိုင်ငံရေးပါတီများ၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် လှုပ်ရှားဆောင်ရွက်တဲ့ အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့်အတူတကွ လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တိုင်းရင်းသားပြည်သူအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။